ကြေးမုံ
The Mirror Daily
၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်၊ ကြာသပတေးနေ့။ Thursday, 30 January 2025 ၁၁၇၁၈

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# ပေါင်းတည်မြို့နယ်၌ ဆောင်းသီးနှံပဲတီစိမ်း ဧက ၉၀၀၀ ကျော် စိုက်ပျိုး

ပေါင်းတည် ဇန်နဝါရီ ၂၉

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဆောင်းသီးနှံပဲတီစိမ်း စုစုပေါင်း ၉၇၃၁ ဧက စိုက်ပျိုးထားပြီး ဖြစ်ထွန်းအောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပေါင်းတည်မြို့နယ်ရှိ တောင်သူများသည် စိုက်ပျိုးမြေ အမျိုးအစားအလိုက် သင့်တော်သည့် ရေဆင်း ၁၄ နှင့် G3 ပဲတီစိမ်းမျိုးများကို စိုက်ပျိုးလေ့ရှိပြီး ရေဆင်း ၁၄ မှာ သက်တမ်း ရက် ၆၀မှ ရက်၇၀ မျိုးဖြစ်ကြောင်း၊ တစ်ဧကအထွက်နှုန်း ၂၅တင်းမှ တင်း၃၀ အထိ ထွက်ရှိကြောင်း၊ G3 မျိုးမှာ သက်တမ်း ရက် ၇၀၊ ရက် ၈၀ မျိုးဖြစ်ကာ တစ်ဧက တင်း ၃၀ မှ ၃၅ တင်းအထိ ထွက်ရှိကြောင်း ပဲစိုက်တောင်သူ တစ်ဦးက ပြောသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○



# ငဖဲမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံဧက ၇၀၀၀ ကျော် စိုက်ပျိုးပြီးစီး၊ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်

ငဖဲ ဇန်နဝါရီ ၂၉

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ ၂၀၂၄-၂၀၂၅ ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဆည်ရေနှင့်မြေအောက်ရေတို့ကို အသုံးပြု၍ ပဲမျိုးစုံ ၇၁၅၂ ဧက စိုက်ပျိုးပြီးစီးပြီး လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံ ပဲမျိုးစုံအဖြစ် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲကြီး၊ ကုလားပဲ၊ ပဲနောက်နှင့် အခြားပဲမျိုးစုံကို ၆၉၅၉ ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ ယနေ့အထိ မတ်ပဲ ၇၆၄ ဧက၊ ပဲတီစိမ်း ၄၉၈ ဧက၊ ကုလားပဲ ၅၅၀၈ ဧက၊ ပဲနောက် ၃၆၆ ဧကနှင့် ပဲကြီး ၁၆ ဧက စုစုပေါင်း ၇၁၅၂ ဧက စိုက်ပျိုးပြီးစီးကာ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ မိုးစပါးများရိတ်သိမ်းခြွေလှေ့ အပြီး လယ်မြေများတွင် ဒေသခံတောင်သူများက ကုလားပဲနှင့် ပဲတီစိမ်းကို ပိုမို

စာမျက်နှာ ၃ ကော်လံ ၄ သို့ ✪

**ယနေ့ ဖတ်စရာ**

**ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၁၀၁၆ ဦးအတွက် ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ခွင့်ပြုပေး**
စာမျက်နှာ » ၅

**ပြည်ထောင်စုအကျိုးနှင့် အမျိုးသားရေးစိတ်ဓာတ်**
ဆောင်းပါး စာမျက်နှာ » ၆

**သွင်းကုန်အစားထိုးနဲ့ ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေး ဆောင်ရွက်နေတဲ့ဒေသက MSME လုပ်ငန်းတွေ၊ MSME တီထွင်ဆန်းသစ်မှုလုပ်ငန်းတွေ၊ စက်မှုလက်မှုနဲ့ ထုတ်ကုန်ပစ္စည်းတွေ ပါဝင်ပြသသွားမှာဖြစ်ပါတယ်**
တွေ့ဆုံမေးမြန်း စာမျက်နှာ » ၉

**သဒ္ဒါနည်းအမှားများ**
ဘာသာစကားသိမှတ်ဖွယ် စာမျက်နှာ » ၁၉

**ခြင်ရန်တွေနှိမ်နင်းမယ့် ကိုယ်ရံတော်တပ်မှူးလေး**
ဆောင်းပါး စာမျက်နှာ » ၂၂

ကြေးမုံ

# နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် မြင့်မြတ်သောတာဝန်များထမ်းဆောင်

"မိမိတို့နိုင်ငံ၏ လက်ရှိလူဦးရေသည် ၅၂ သန်းခန့်ရှိပြီး အမျိုးသား ၄၇ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၅၃ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ၎င်းတို့အနက် လူဦးရေအနည်းငယ်သာ တပ်မတော်သားဘဝကိုခံယူ၍ မွန်မြတ်လှသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြခြင်းဖြစ်သဖြင့် အများသူငါလုပ်ဆောင်နိုင်ရန်ခက်ခဲသည့် တပ်မတော်သားဘဝကို ဂုဏ်ယူတန်ဖိုးထားကြရန်လိုကြောင်း၊ နိုင်ငံနှင့် ပြည်သူတို့အတွက် မြင့်မြတ်လှသည့်တာဝန်များကို ထမ်းဆောင်နေရသည့် မိမိတို့တပ်မတော်သားများ၏ဘဝကို ဂုဏ်ယူတတ်ရန်နှင့် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားရန်လိုကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဇန်နဝါရီလ ၂၂ ရက်နေ့တွင် နေပြည်တော် တောင်ညိုတပ်နယ်ရှိ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်း၌ ပြောကြားခဲ့သည်။

တပ်မတော်သားများသည် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မျှ မပါရှိဘဲ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် တပ်မတော်တွင် ဝင်ရောက်အမှုထမ်းကြသူများဖြစ်သည်။ တပ်မတော်သား အရာရှိ/စစ်သည်များသည် ရှေ့တန်းစစ်မြေပြင်တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရှပ်ရှပ်ချွံချွံ စွန့်စွန့်စားစားထမ်းဆောင်လျက်ရှိသကဲ့သို့ နောက်တန်းတွင်လည်း နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် မွန်မြတ်လှသည့်တာဝန်များကို စေတနာရှေ့ထားကာ ဆောင်ရွက်လျက်ရှိသည်။

မျက်မှောက်ကာလတွင် တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားဆောင်ရွက်လျက်ရှိသည့်အပြင် သမိုင်းအစဉ်အလာမပျက် ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလည်း ထမ်းဆောင်လျက်ရှိသည်။ မကြာသေးမီရက်များတွင် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ တနင်္သာရီကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်ရှိ အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် တပ်မတော်ပင်လယ်တွင်းသွားဆေးရုံရေယာဉ်(သံလွင်)နှင့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့ဖြင့် ကုသစောင့်ရှောက်မှုပေးလျက်ရှိသည်။

အဆိုပါ တပ်မတော်ပင်လယ်တွင်းသွား ဆေးရုံရေယာဉ်နှင့် မြစ်တွင်းသွား ဆေးရုံရေယာဉ်တို့တွင် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သောနယ်လှည့်အထူးဆေးကုသရေးဆေးအဖွဲ့သည် ဒေသအသီးသီးရှိ ကျေးရွာများသို့ရောက်ရှိကြရာ နယ်မြေခံတပ်များမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ကျေးရွာများမှ ဒေသခံပြည်သူများအား ဆေးကုသမှုဆောင်ရွက်ပေးရာတွင် သာမန်ရောဂါများ၊ ခွဲစိတ်ရောဂါများ၊ သားဖွား/မီးယပ်ရောဂါများ၊ ကလေးရောဂါများ၊ အရိုးရောဂါများ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါများ၊ မျက်စိရောဂါများ၊ သွားနှင့်ခံတွင်းရောဂါများဖြစ်ပွားသော ဒေသခံပြည်သူများကို စောင့်ရှောက်ကုသမှုပေးနိုင်ခဲ့သည့်အပြင် ဓာတ်မှန်၊ အာထရာဆောင်း၊ အီးစီဂျီနှင့် ဓာတ်ခွဲစမ်းသပ်ခြင်းတို့ကို ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ရန်လိုအပ်သောလူနာများကို နီးစပ်ရာတပ်မတော်ဆေးရုံများတွင် ကုသနိုင်ရန်စီစဉ်ပေးခဲ့သည်။

ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်နှင့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်တွင် နေထိုင်ကြသော ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် မကျန်းမာ၊ ဖျားနာ၊ ထိခိုက်ဒဏ်ရာနှင့် ရောဂါကြီးငယ်တို့ဖြစ်ပွားရာတွင် ဆေးကုသမှုခံယူနိုင်ရန်အတွက် ငွေကြေးအရသော်လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေးခရီးလမ်းအရသော်လည်းကောင်း အခက်အခဲများစွာရှိကြသည်။ နီးစပ်ရာမြို့များနှင့် ရန်ကုန်မြို့ရှိ ဆေးရုံကြီးများသို့ သွားရောက်ဆေးကုသမှုခံယူမည်ဆိုလျှင် ငွေကြေးအကုန်အကျများကို မတတ်နိုင်သဖြင့် ကုသစောင့်ရှောက်မှုပေးနိုင်သူများ ကို မျှော်လင့်နေကြသည်။

ယခုအခါ တပ်မတော်နယ်လှည့်အထူးကု ဆေးအဖွဲ့များက ဒေသခံပြည်သူများနေထိုင်ရာကျေးလက်ဒေသများသို့ ဆေးဝါးများ၊ ဆေးပစ္စည်းကိရိယာများနှင့်အတူ သမားတော်များ၊ ဆရာဝန်များ၊ သူနာပြုများကိုယ်တိုင် အခမဲ့လာရောက်ကုသစောင့်ရှောက်မှုပေးသဖြင့် ဒေသခံပြည်သူများအနေဖြင့် လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်ကြရပြီး တပ်မတော်ကို ကျေးဇူးတင်ရှိနေကြသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှုဖြင့် ယခုကဲ့သို့ ဒေသခံပြည်သူများ လိုအပ်နေသည့် ကျန်းမာရေးစောင့်ရှောက်မှုများကို တပ်မတော်သားများက စေတနာမေတ္တာများဖြင့် ဆောင်ရွက်ပေးမှုများကို ဒေသခံပြည်သူများက လှိုက်လှိုက်လှဲလှဲကြိုဆိုလျက်ရှိသည်။ ဤကဲ့သို့ ဆောင်ရွက်ပေးမှုများကို အခြားသောဒေသခံပြည်သူများကလည်း မျှော်လင့်နေကြမည်ဖြစ်သည်။

သို့ဖြစ်ရာ တပ်မတော်သားများသည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားကြိုးပမ်းထမ်းဆောင်ပြီး ပြည်ထောင်စုကြီး မပြိုကွဲမပျက်စီးအောင် ရှေ့တန်းတွင် ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသလို နောက်တန်းတွင်လည်း ဒေသခံတိုင်းရင်းသားပြည်သူများအကျိုးပြု ကျန်းမာရေးစောင့်ရှောက်မှုများကို မွန်မြတ်သောစိတ်ထားဖြင့် ကျေပွန်စွာထမ်းရွက်လျက်ရှိပါကြောင်း။ ။




## ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ပြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။

## သမဝါယမအသင်းများက နွားမွေးမြူရေးနှင့် နေကြာစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်



မအူပင် ဇန်နဝါရီ ၂၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ရေလဲကလေးကျေးရွာအုပ်စု စည်ပင်ကုန်းကျေးရွာဖွံ့ဖြိုးတိုးတက်စေရေး စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းက နွား ၁၄ ကောင် (တန်ဖိုးငွေကျပ် ၁၈၉ ဒသမ ၅ သိန်း) မွေးမြူခြင်းလုပ်ငန်းနှင့် မအူပင်မြို့နယ် သမဝါယမအသင်းစုက ဆောင်းဆီထွက်သီးနှံ နေကြာ ငါးဧက စိုက်ပျိုးပြီးစီးမှုအခြေအနေကို မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ၂၉ - ၁ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၅၄၄၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| ခေတ္တ စာတည်းမှူး | - ဦးအေဝမ်းစိုး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့ ပင်းတယမြို့ရှိ ရုပ်ရှင်နှင့်ရုပ်မြင်သံကြား ရိုက်ကူးထုတ်လွှင့်မှုလုပ်ငန်းများအတွက် အခြေခံအဆောက်အအုံများနှင့် စတူဒီယိုများ တည်ဆောက်နေမှုကြည့်ရှုအားပေး



နေပြည်တော် ဇန်နဝါရီ ၂၉

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်တို့သည် ယနေ့နံနက်ပိုင်းတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ရှိ Forever Yay Wati ကုမ္ပဏီလီမိတက်မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ရုပ်ရှင်နှင့်ရုပ်မြင်သံကြားရိုက်ကူးထုတ်လွှင့်မှုလုပ်ငန်းများအတွက် အခြေခံအဆောက်အအုံများနှင့် စတူဒီယိုများ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ရှင်းလင်းဆောင်၌ Forever Yay Wati ကုမ္ပဏီမှ Project Director ဦးသိန်းထွန်းအောင်က ပင်းတယဒေသတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးကို အခြေခံသော ရုပ်ရှင်နှင့်ရုပ်မြင်သံကြား ရိုက်ကူးထုတ်လွှင့်မှုလုပ်ငန်းများအတွက် အခြေခံအဆောက်အအုံများနှင့် စတူဒီယိုများ တည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်နှင့်အနုပညာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် နည်းလမ်းပေါင်းစုံဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုစီမံကိန်းသည် ရုပ်ရှင်အဆင့်အတန်းမြင့်မားလာရေးနှင့် ရုပ်ရှင်မှတစ်ဆင့် ဒေသစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်လုပ်ဆောင်သည့် စီမံကိန်းဖြစ်သဖြင့် ကောင်းမွန်သည်ဟု ပြောကြားလိုကြောင်း၊ ရုပ်ရှင်မြို့တော် ပေါ်ပေါက်လာရေးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအား နိုင်ငံတော်အစိုးရက လိုအပ်သည့် မြေနေရာများ ခွင့်ပြုချထားပေးခဲ့ပါကြောင်း၊ ရုပ်ရှင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်ကြိုးပမ်းဆောင်ရွက်ရာတွင် အပြောလွယ်သလောက် လုပ်ဆောင်ရသည်မှာ ခက်ခဲပါကြောင်း၊ ယခုအကောင်အထည်ဖော်သည့် လုပ်ငန်းများသည် ရင်းနှီးမြှုပ်နှံရသည့်ပမာဏများပြားလွန်းသဖြင့် ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်ကိုက်ညီရန် လိုအပ်ပါကြောင်း၊ ဤစီမံကိန်းအောင်မြင်ပါက ပင်းတယဒေသတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရုံသာမက ခရီးသွားလုပ်ငန်းများကိုပါ တွဲဖက်လုပ်ကိုင်နိုင်မည်ဖြစ်သဖြင့် မိမိတို့အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းများအောင်မြင်စေရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ရှမ်းပြည်နယ်အစိုးရတို့နှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စီမံကိန်းဧရိယာအတွင်းရှိ မြေနေရာများတွင် ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ဆောင်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ရှမ်းပြည်နယ်တွင် ယခုကဲ့သို့ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့မြင်ရ၍ ဝမ်းမြောက်မိပါကြောင်း၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် စည်းမျဉ်း/စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး ပြည်နယ်အစိုးရအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်တို့သည် Forever Yay Wati ကုမ္ပဏီက ရုပ်ရှင်နှင့်ရုပ်မြင်သံကြားရိုက်ကူးထုတ်လွှင့်မှုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ မြေဆီလွှာထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စတူဒီယိုများ၊ နားနေဆောင်များ၊ ရိုက်ကူးရေးသုံး အဆောက်အအုံများအား မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် MRTV DTH စလောင်းအစုံ ၂၀ နှင့် DVB T2 Set top box အလုံး ၅၀ အား ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းသို့ ပေးအပ်သည်။

နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးနှင့် ရှမ်းပြည်နယ် ဝန်ကြီးချုပ်တို့သည် တောင်ကြီးရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး စေတီတော်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း၊ ရွှေထီးတော်အသစ်တင်လှူ ပူဇော်ခြင်းလုပ်ငန်းများကိုကြည့်ရှုကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် တောင်ကြီးမြို့ စူဠာမုနိ လောကချမ်းသာစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

စူဠာမုနိလောကချမ်းသာစေတီတော်မြတ်ကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၈-၅-၂၀၂၃ ရက်နေ့က ရောက်ရှိဖူးမြော်စဉ် လမ်းညွှန်မှာကြားချက်အရ စေတီတော်မြတ်ကြီး မိုးရေယိုစိမ့်မှုပြင်ဆင်ခြင်းလုပ်ငန်းကို ၂၅-၃-၂၀၂၄ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၃၀-၁၁-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း လုပ်ငန်းကို ၂၄-၁၂-၂၀၂၃ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၁၅-၃-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ စေတီတော်မြတ်ကြီး အတွင်း/အပြင် ဆေးသင်္ကန်းကပ်လှူပူဇော်ခြင်းလုပ်ငန်း၊ ဘက်စုံပြုပြင်မွမ်းမံခြင်းနှင့် စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို ၁၂-၄-၂၀၂၄ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၃၀-၁၁-၂၀၂၄ ရက်နေ့တွင်လည်းကောင်း ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**○ ရွှေဖုံးမှ**

ယခုနှစ်တွင် မြို့နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ပဲမျိုးစုံစိုက်ပျိုးဖြစ်ထွန်းရေး၊ သီးနှံများအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေးတို့အတွက် သီးထပ်စွမ်းအားနှင့် စိုက်စွမ်းအားများ တိုးမြှင့်ကာ အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြရေးကို မြို့နယ်စိုက်ပျိုးမှု ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက နိုင်ငံတော်၏လမ်းညွှန်မှုများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြရာ နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့်အတူ တောင်သူများ၏ အကျိုးစီးပွား ဖြစ်ထွန်းနိုင်စေရေးတို့အတွက် တောင်သူများနှင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရွှေသား( IPRD)**

**❂ ငဖဲမြို့နယ်မှ**

စိုက်ပျိုးနိုင်ခဲ့ကြကြောင်းနှင့် ငဖဲမြို့နယ်အနေဖြင့် ယမန်နှစ်က ပဲမျိုးစုံ ၆၈၈၃ ဧကကို စိုက်ပျိုးနိုင်ခဲ့ကာ အထွက်နှုန်းများကောင်းမွန်ကြောင်း သိရသည်။

ငဖဲမြို့နယ်တွင် စိုက်ပျိုးပြီးစီးသော ပဲမျိုးစုံသီးနှံများ အောင်မြင်ဖြစ်ထွန်းရေး၊ ပဲမျိုးစုံအထွက်နှုန်းကောင်းမွန်ရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ စနစ်တကျထည့်သွင်းရေး၊ ပေါင်းသတ်ဆေးအသုံးပြုခြင်း၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးနည်းလမ်းများနှင့် စနစ်တကျရိတ်သိမ်းနည်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် သက်ဆိုင်ရာ ကွင်းဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မယု(ငဖဲ)**

# လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့်အချက်ပြများ တစ်ပြေးညီဖြစ်စေရေး ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် ကချင်ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဇန်နဝါရီ ၂၉

နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေး ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် ကချင်ပြည်နယ် ကြီးကြပ်ရေးအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




**နှစ်အလိုက် ခွင့်ပြု ဘဏ္ဍာငွေများ ခွဲဝေချထား**

အစည်းအဝေးတွင် ကချင်ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြည်နယ်အတွင်းရှိလမ်းမကြီးများနှင့်ပြည်ထောင်စုလမ်းမကြီးများ၌ နှစ်အလိုက် ခွင့်ပြုဘဏ္ဍာငွေများ ခွဲဝေချထားပြီး အကျိုးရှိထိရောက်စွာ အသုံးပြုဆောင်ရွက်လျက် ရှိကြောင်း၊ မြစ်ကြီးနားမြို့သည် ပြည်နယ်မြို့တော်ဖြစ်သည့်အတွက် မြို့တော်အင်္ဂါရပ်နှင့်အညီ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီ ပြည့်စုံမှန်ကန်ညီညွတ်စေရေး စီမံဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများသည် လမ်း၏အင်္ဂါရပ်နှင့် အဆင့်အတန်းကို ဖော်ပြနေခြင်းဖြစ်သည့်အတွက် အသစ်ဖြည့်ဆည်းခြင်း၊ ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန်၊ မြို့ကြီးများတွင်သာမက ခရိုင်အလိုက်၊ မြို့နယ်အလိုက်ဦးစားပေးနေရာ၊ဦးစားပေးလမ်းပိုင်းများ ရွေးချယ်သတ်မှတ်ပြီး အဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် လာမည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ခွင့်ပြုဘဏ္ဍာငွေများကို ထိရောက်အကျိုးရှိစွာသုံးစွဲလျက် ပြည်နယ်အတွင်း လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ လျာထားချက် ပြည့်စုံပြီးမြောက်အောင် အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

**သုံးသပ်ဆွေးနွေး**

ယင်းနောက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ယာဉ်သွားလာမှု အင်ဂျင်နီယာဌာနခွဲ အင်ဂျင်နီယာမှူးကြီးက ကချင်ပြည်နယ်၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ သုံးသပ်ဖော်ထုတ်ချက်များ၊ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု၊ ကွင်းဆင်းစစ်ဆေးကြီးကြပ်မှုများနှင့် လမ်းညွှန်းများ၊ လမ်းအမှတ်အသားများ ရေးဆွဲစိုက်ထူရေးဆိုင်ရာ အကြံပြုချက်များကိုလည်းကောင်း၊ ကချင်ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်ထွေးက ပြည်နယ်အတွင်း လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ ဆောင်ရွက်ထားရှိမှု၊ ပြုပြင်ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ရန်ကျန်လုပ်ငန်းများ၊ အသစ်တိုးချဲ့ရေးဆွဲစိုက်ထူပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ဆွေးနွေးချက်များအပေါ် ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များ သုံးသပ်ဆွေးနွေးမှာကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးအပြီးတွင် ဗဟိုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌသည် တာဝန်ရှိသူများ၊ Road Safety Audit အဖွဲ့ဝင်များနှင့်အတူ မြစ်ကြီးနားမြို့အတွင်း လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ ရေးဆွဲစိုက်ထူဆောင်ရွက်ထားရှိမှုများကို မြေပြင်ကွင်းဆင်း စစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များကို သုံးသပ်အကြံပြုဆွေးနွေးကြသည်။

သတင်းစဉ်

# ဟိုပုံးမြို့နယ်၌ တိုင်းရင်းသားရေးရာ အသိပညာပေးဟောပြောခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက်တို့ကို ဆန်းစစ်စီမံခြင်း အခမ်းအနားကျင်းပ

ဟိုပုံး ဇန်နဝါရီ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် တိုင်းရင်းသားရေးရာ အသိပညာပေးဟောပြောခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက်တို့ကို ဆန်းစစ်စီမံခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းက လွယ်အွန့်ကျေးရွာအုပ်စု ရန်ကင်းကျေးရွာစာကြည့်တိုက်၌ ကျင်းပသည်။

**ဟောပြောဆွေးနွေး**

အခမ်းအနားတွင် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းတို့က အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ရှမ်းပြည်နယ် ညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးချစ်ဇော်လင်းက တိုင်းရင်းသားရေးရာအသိပညာပေးခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက်တို့ကို ဆန်းစစ်စီမံခြင်းနှင့်ပတ်သက်သည်များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ရှမ်းပြည်နယ် ညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးက တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ မူးယစ်တပ်ဖွဲ့က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က လူကုန်ကူးမှုကာကွယ်တားဆီးရေးဆိုင်ရာ ကိစ္စရပ်များ၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက အမျိုးသမီးအခွင့်အရေး၊ မသန်စွမ်းအခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးကိစ္စရပ်များနှင့် လူမှုရေးပင်စင်တို့နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များနှင့် မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များကို ဟောပြောဆွေးနွေးကြသည်။



**စစ်တမ်းကောက်ခြင်းလုပ်ငန်းများဆောင်ရွက်**

ယင်းနောက် တက်ရောက်လာသည့် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ လီဆူစာပေနှင့် ယဉ်ကျေးမှုအဖွဲ့တို့က လိုအပ်သည်များကို ဆွေးနွေးတင်ပြရာ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးတို့က ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် တာဝန်ရှိသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ စစ်တမ်းမေးခွန်းလွှာများ ရှင်းလင်းခြင်းနှင့် စစ်တမ်းကောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)



# အသက် ၁၀၀ နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်အား ချီးမြှင့်ငွေပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂၉

ပေါင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ပေါင်မြို့နယ် ကဒုံစီးရပ်ကွက်နေ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် မော်ကွန်းဝင်တတိယအဆင့် တပ်သား ချစ်လှ (အငြိမ်းစား) အသက် ၁၀၃ နှစ်အား ဂါရဝပြုချီးမြှင့်ငွေများ သွားရောက်ပေးအပ်ကြသည်။

ဦးစွာ မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တပ်သား ချစ်လှ(အငြိမ်းစား)အား ဂါရဝပြု နှုတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုဌာနချုပ်က ချီးမြှင့်ငွေကျပ် ၅၀၀၀၀၊ မွန်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့က ချီးမြှင့်ငွေကျပ် ၅၀၀၀၀ နှင့် ပေါင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က ချီးမြှင့်ငွေကျပ် ၅၀၀၀၀ စုစုပေါင်း ငွေကျပ် ၁၅၀၀၀၀ ကို ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂါရဝပြုချီးမြှင့်ပေးအပ်ကြကြောင်းနှင့် နှစ်စဉ်ဆက်လက်၍ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ ဒို့ပြည်ထောင်စု ခိုင်မြဲမည်

# ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၁၀၁၆ ဦးအတွက် ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ခွင့်ပြုပေး

**ရန်ကုန် ဇန်နဝါရီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၅) ကြိမ်မြောက်အစည်းအဝေးကို ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းက ရန်ကင်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဌာနဆိုင်ရာအကြီးအကဲများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များ၏ ထုတ်လုပ်သည့်ပစ္စည်းနမူနာပြသထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနှင့် စက်မှုကဏ္ဍတို့တွင် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှစ်ခုတို့ကို အတည်ပြုပေးခဲ့ရာ အတည်ပြုပေးခဲ့သည့် လုပ်ငန်းများမှာ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း၊ အဆင်သင့်ဖျော်စပ်ပြီးသော ကွန်ကရစ်များ ရောင်းချသည့် ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းနှင့် CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းတို့ ဖြစ်သည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏမှာ ငွေကျပ်သန်း ၈၀၀ နှင့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၉၃၁ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၁၀၁၆ ဦးအတွက် ဖန်တီးပေးနိုင်ခဲ့ကြောင်းနှင့် အစည်းအဝေးတွင် အထွေထွေကိစ္စရပ်များတင်ပြလာသည့် ကုမ္ပဏီခြောက်ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**



# နေပြည်တော်ကောင်စီဝင်များ လယ်ဝေးမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှု

**လယ်ဝေး ဇန်နဝါရီ ၂၉**

နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးရဲမိုး၊ ဦးဇေယျာလင်း၊ ဦးမြင့်စိုး၊ ဦးမင်းဦး၊ ဦးဟန်သူနှင့် ဦးခင်မောင်လတ်တို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက လမ်းဦးစီးဌာန (ကြီးကြပ်ရေးအဖွဲ့) နေပြည်တော်မှ တာဝန်ယူဆောင်ရွက်နေသည့် လယ်ဝေးမြို့နယ် ကန်လှကျေးရွာမှ ဥသျှစ်လှိုင်းကျေးရွာအထိ ဆောင်ရွက်မည့် ကျေးရွာချင်းဆက်လမ်းမှ လမ်းအရှည်တစ်မိုင်အား ကွန်ကရစ်ခင်းရန် ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



နေပြည်တော် ကောင်စီဝင်များသည် ကန်လှ- ကန်ဘေး-ကုန်းပေါ်စု-မဒေ့ပင်-ဂုဏ်မင်းမြောင်-ထိန်တောခြင်ပစ်- ဥသျှစ်လှိုင်းကျေးရွာချင်းဆက်လမ်း ၃ ဒသမ ၂၁၈ ကီလိုမီတာ မှ ၁၁ ဒသမ၂၆၃ ကီလိုမီတာအတွင်း လမ်းအကျယ် ၁၂ ပေ၊ ဒ ခုနစ်လက်မ လမ်းအရှည် ကွန်ကရစ်တစ်မိုင်ခင်းခြင်း လုပ်ငန်းများဆောင်ရွက်နိုင်ရန် စတင်ဆောင်ရွက်နေသော ကျောက်ရောမြေခင်းကြိတ်ခြင်း၊ ၅၀ မီလီမီတာ၊ ၁၀၀ မီလီမီတာ ကျောက်များဖြင့် ဒုအခြေခံလွှာခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ လမ်းဦးစီးဌာန ကြီးကြပ်ရေးအဖွဲ့ (နေပြည်တော်)မှ တာဝန်ရှိသူများက လမ်းအလွှာအလိုက် ခင်းကျင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။ အဆိုပါလမ်းပြီးစီးပါက ကျေးရွာအုပ်စု ခုနစ်အုပ်စု အတွင်းရှိ ကျေးရွာ ၃၅ ရွာ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဝေကြည်(ပြန်/ဆက်)**

# ကျိုင်းတုံမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ကျိုင်းတုံ ဇန်နဝါရီ ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဇန်နဝါရီ ၂၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်သည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ကျိုင်းတုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုးဝေ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောမင်းသူနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျိုင်းတုံမြို့နယ် မိုင်းခွန်ကျေးရွာအုပ်စုအတွင်း လယ်/ယာမြေများ စိုက်ပျိုးရာတွင် အထောက်အကူဖြစ်စေရေးအတွက် စိုက်ပျိုးသည့်ရေများ လုံလောက်စွာရရှိရေးဆိုင်ရာလုပ်ငန်းများ၊ ဟိုနား-ဟိုဟိကျေးရွာချင်းဆက်လမ်းပိုင်းတွင် သဘာဝဘေးကြောင့် ပျက်စီးသွားသည့် ပါယေချောင်းကူးတံတားနှင့် နာဖပလီချောင်းကူးတံတားများ ပြန်လည်တည်ဆောက်နိုင်ရေးနှင့် ဟွေယို့ကျေးရွာ လျှပ်စစ်မီးရရှိရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့ပြင် ဝမ်အွယ်ကျေးရွာ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရာတွင် အထောက်အကူဖြစ်စေရေးအတွက် ကျိုင်းတုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုးဝေက အားကစားပစ္စည်းများ၊ ကြက်ဥနှင့် စားသုံးဆီများ ပေးအပ်ပြီး ကျောင်းအတွက် သုတ၊ ရသစာအုပ်စာစောင်များနှင့် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ညောင်ဦးခရိုင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာကြီးကြပ်မှုဆပ်ကော်မတီအစည်းအဝေး ကျင်းပ

**ညောင်ဦး ဇန်နဝါရီ ၂၉**

မန္တလေးတိုင်း ဒေသကြီး ညောင်ဦးခရိုင်၌ ပတ်ဝန်းကျင်ဆိုင်ရာ ကြီးကြပ်မှုဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၂၅) ကို ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင် အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၈ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။



လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ညောင်ဦးခရိုင်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုဆပ်ကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုက အဖွင့်အမှာစကား ပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင် စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကျော်အောင်မိုးက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အခြေအနေများအားရှင်းလင်းပြောကြားသည်။

ထို့နောက် ညောင်ဦးခရိုင် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုဆပ်ကော်မတီအတွင်းရေးမှူး ဒေါ်ခင်တင့်တင့်အောင်က ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေများအား ရှင်းလင်းတင်ပြကာ တက်ရောက်လာသည့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ တက်ရောက်လာသည့် အရပ်ဘက်အဖွဲ့အစည်းများက အကြံပြုဆွေးနွေးကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစို့။**




# ငပုတောမြို့နယ်၌ မြေနိမ့်ကော်ဖီပင်ပေးအပ်ပွဲနှင့် စိုက်ပျိုးပွဲကျင်းပ

**ငပုတော ဇန်နဝါရီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးဆန်းဝင်း၊ မြို့နယ်မြေစာရင်းဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက တမန်ချောင်းကျေးရွာအုပ်စုတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ သွင်းအားစုရယူစိုက်ပျိုးထားသည့် တောင်သူ၏ ဥယျာဉ်ခြံမြေတွင် ကျင်းပပြုလုပ်သည့် မြေနိမ့်ကော်ဖီပင်ပေးအပ်ပွဲနှင့် စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်ကာ ကော်ဖီပျိုးပင်များကို တာဝန်ရှိသူများနှင့်အတူ စုပေါင်းစိုက်ပျိုးကြသည်။

ဆက်လက်ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ သွင်းအားစုများ ရယူစိုက်ပျိုးထားသည့် တမန်ချောင်း ကျေးရွာအုပ်စု တောင်သူမန်းစန်းလွင် လယ်မြေငါးဧက ရွှေသွယ်ရင်မျိုးစပါး အောင်မြင် ဖြစ်ထွန်းနေမှုနှင့် တမန်ချောင်းကျေးရွာတွင် နွေစပါးစိုက်ခင်းများ အောင်ရေရရှိရေးနှင့် ရေပေးဝေနိုင်ရေးအတွက် ရေသွယ်မြောင်းကောပြန်လည် တူးဖော်ပေးနိုင်ရေး အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုအကျိုးနှင့် အမျိုးသားရေးစိတ်ဓာတ်

**မျိုးချစ်သစ္စာ**

**လူသားတို့သည် တစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်ဆံရင်း နေထိုင်ရှင်သန်ကြခြင်းဖြစ်ပြီး ကိုယ်ရပ်တည်နေထိုင်ရာ ဝန်းကျင်အသိုင်းအဝိုင်း၊ လူ့အဖွဲ့အစည်းကိုလည်း သာယာဝပြောစေရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ကိုယ်တိုင်ပါဝင် ဆောင်ရွက်လေ့ရှိကြပါသည်။ လူတိုင်းတွင် ကိုယ်စွမ်းကိုယ်စရှိကြပြီး ယင်းကိုယ်စွမ်းကိုယ်စများဖြင့် မိမိ၏လူ့အဖွဲ့အစည်းကို အကျိုးပြုနေကြပေသည်။**




လူ၏ သဘောသဘာဝသည်ပင်လျှင် တစ်ဦးတည်း သီးခြားရပ်တည်နေထိုင်သည့် အမူအကျင့်မရှိဘဲ မိဘနှစ်ပါးမှ မွေးဖွားလာကတည်းက မိသားစုဘဝကိုရရှိခဲ့ကြသည်။ သွေးရင်းသားရင်း မိသားစုများမှ ဆွေမျိုးသားချင်းများဟူ၍ ဖြစ်လာကြပြီး ထိုမှတစ်ဆင့် ဆွေမျိုးစု၊ မျိုးနွယ်စုများအဖြစ် ပိုမိုကြီးမားသည့် လူ့အဖွဲ့အစည်းဖြစ်လာကာ လူမျိုးစုအထိ ကျယ်ပြန့်လာသည့်သဘောဖြစ်ပါသည်။

ထို့အပြင် လူဟူသည် အခြားသတ္တဝါများထက် ပို၍အသိဉာဏ်ရှိပြီး ဆည်းပူးလေ့လာ သင်ယူနိုင်စွမ်းလည်းရှိကြသည်။ မိမိသင်ယူမှတ်သားထားသည်များကို အခြေခံကာ ဆင့်ပွားတွေးခေါ်ဆင်ခြင်နိုင်စွမ်းလည်းရှိပေသည်။ ထိုမှတစ်ဆင့် တီထွင်ဖန်တီးခြင်း၊ ပိုမိုကောင်းမွန်ဆန်းသစ်သည့် နည်းလမ်းများ ရှာဖွေခြင်းတို့ပြုလုပ်နိုင်ကြပေသည်။ ထို့ပြင် ခံစားတတ်သည့် နှလုံးသားလည်းရှိသည်မို့ စိတ်ခံစားမှုအမျိုးမျိုးကို ကူးစက်ခံစားနိုင်ကြသည်။ ထိုမှ နားလည်စာနာစိတ်၊ ကိုယ်ချင်းစာစိတ်၊ ကိုယ်ကျိုးစွန့်အနစ်နာခံလိုစိတ် စသည့် အကောင်းမြင် စေတနာသဒ္ဓါတရားများ ပေါ်ပေါက်လာတတ်သကဲ့သို့ မခံချင်စိတ်၊ ရန်လိုအမုန်းပွားစိတ်၊ နာကြည်းစိတ် စသည့်အဆိုးမြင် အာဃာတ တရားများလည်း ပေါ်ပေါက်လာတတ်ကြပါသည်။

### လူသားတာဝန်

အကောင်းမြင်စိတ်ရှိမှသာ တိုးတက်မှုကို ရှေးရှုနိုင်မည်ဖြစ်ပြီး အဆိုးမြင်စိတ်ဟူသည် ပျက်စီးရာပျက်စီးကြောင်းကိုသာ ဦးတည်တတ်သည်ကို လူတိုင်းအသိပင်ဖြစ်သည်။ ဆိုလိုချင်သည်မှာ လူဟူ၍ဖြစ်လာလျှင် မိမိကိုယ်တိုင်ပါဝင်သည့် လူ့အဖွဲ့အစည်း လူ့လောက လူ့အသိုင်းအဝိုင်းကို အကောင်းမြင်စိတ်ဖြင့် တိုးတက်အောင် ဝိုင်းဝန်းတည်ဆောက်ကြဖို့ တာဝန်ရှိနေသည်ဟူသော အချက်ဖြစ်သည်။ ထိုတာဝန်ကို မည်သူကပေးထားသနည်းဟုမေးလျှင် မွေးကတည်းကပါလာသည့် လူသားတာဝန်ဟုသာ ဖြေဆိုရပါမည်။ အဆိုပါတာဝန်ကိုလည်း တခုတ်တရ သတ်သတ်မှတ်မှတ် လုပ်ဆောင်ရန်မဟုတ်ဘဲ မိမိက စိတ်စေတနာကောင်းထားခြင်း၊ အများအကျိုးကို လိုလားခြင်း၊ မိမိကြောင့် သူတစ်ပါးအကျိုးစီးပွားကို ထိခိုက်စေမည့် လုပ်ရပ်မျိုးများကို ရှောင်ရှားခြင်း၊ လူအချင်းချင်း ရိုင်းပင်းညှာတာ ထောက်ထားခြင်းတို့ဖြင့် ပြုမူကျင့်ကြံ ပြောဆိုနေထိုင်ရုံလောက်ဖြင့်ပင် လူသားတာဝန်ကို ကျေပွန်ရာရောက်သည်ဟု ဆိုနိုင်ပေသည်။

မိမိနေထိုင်ရာနိုင်ငံ၏ လိုအပ်ချက်အရ အရေးကြုံလာပြီဆိုလျှင်တော့ မိမိအနေဖြင့်သည်နိုင်ငံ၏ နိုင်ငံသားတစ်ယောက်အနေဖြင့် မိမိတွင်လည်း တာဝန်ရှိသည်ဟူသော အသိစိတ်၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များဖြင့် ကိုယ်ကျိုးစွန့် အနစ်နာခံလိုသည့် အသိစိတ်ဓာတ်မျိုးအထိ ရှိထားရန်လိုသည်။ သို့မှသာ နိုင်ငံသားတာဝန် ကျေပွန်ရာရောက်ပေမည်။ ယင်းသို့သော အသိစိတ်ဓာတ်မျိုးသည် တစ်စုံတစ်ယောက်က နှိုးဆော်တိုက်တွန်းရန်မလိုဘဲ နေရာဒေသ အချိန်အခါ အခြေအနေများအရ ဖြစ်ပေါ်လာရမည့်အသိစိတ်ဓာတ်ဟုပင် ဆိုချင်ပါသည်။ မိမိပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည်များ၊ မိမိနယ်မြေ၊ မိမိဒေသ၊ မိမိနိုင်ငံတွင် ဖြစ်ပျက်နေသည်များကို မျက်ခြည်မပြတ် လေ့လာသုံးသပ်ကာ မိမိအနေဖြင့် မည်သို့သော အခန်းကဏ္ဍမှ ပါဝင်ပေးရမည်နည်းဆိုသည့် အသိစိတ်ဓာတ်မျိုး နိုင်ငံသားအားလုံးတွင် ရှိထားကြမည်ဆိုလျှင် အဆိုပါနိုင်ငံသည် စည်းလုံးညီညွတ်မှုရှိသောနိုင်ငံသားများကို ပိုင်ဆိုင်ထားပြီး တစ်စထက်တစ်စ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည့် နိုင်ငံအဖြစ် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်မည်မှာ ဧကန်မုချပင်ဖြစ်ပါသည်။

### ညီညွတ်မှုအင်အားကို ပြသရမည့်အချိန်ဖြစ်

နိုင်ငံသားများသည် အဆိုးဘက်တွင် ညီညွတ်သည်ထက် အကောင်းဘက်တွင်သာ ညီညွတ်ကြရန် လိုအပ်ပါသည်။ ယနေ့မိမိတို့နိုင်ငံတွင် အကောင်းမြင်စိတ်ဖြင့် အကောင်းဘက်သို့ ဦးတည်သည့် ညီညွတ်မှုမျိုး အထူးလိုအပ်နေချိန်ဖြစ်ပါသည်။ လတ်တလောနိုင်ငံအခြေအနေကို ပြန်ကြည့်လိုက်လျှင် အချို့ဒေသများတွင် တည်ငြိမ်အေးချမ်းမှု ပျက်သုဉ်းနေပြီး လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လျက်ရှိသည်။ သည်လိုအနေအထားမျိုးတွင် နိုင်ငံသားများက မိမိနှင့်မဆိုင်ဟုဆိုကာ နေသာသလို နေရမည့်အချိန်မဟုတ်ပေ။ တည်ငြိမ်အေးချမ်းမှုရရှိစေရန်အတွက် နိုင်ငံတော်အစိုးရနှင့်အတူ လိုအပ်သလို ဝိုင်းဝန်းကူညီ လုပ်ဆောင်ကြရမည့်အချိန်ဖြစ်သည်။ နိုင်ငံသားတို့၏ ပူးပေါင်းပါဝင်မှုများဖြင့် ညီညွတ်မှုအင်အားကို ပြသရမည့်အချိန်ဖြစ်သည်။

နိုင်ငံသားပြည်သူများ ပူးပေါင်းပါဝင်နိုင်သည့် နည်းလမ်းများစွာရှိပါသည်။ ဥပမာ မိမိဒေသတွင် ပြည်သူ့စစ်အဖွဲ့များရှိလျှင် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်ခြင်းမျိုး၊ မိမိရပ်ကွက်ကို လုံခြုံအောင် အလှည့်ကျ ကင်းစောင့်ခြင်းမျိုး၊ အကြမ်းဖက်သမားများအတွက် ငွေကြေးထောက်ပံ့မှု၊ အွန်လိုင်းမီဒီယာမှတစ်ဆင့် အားပေးအားမြှောက်ပြုမှုများ မပြုလုပ်ဘဲ ရှောင်ကြဉ်ခြင်းမျိုး၊ ပုံမှန်မဟုတ်သည့် လုပ်ရပ်များကို မသင်္ကာဖွယ်တွေ့ရှိပါက သက်ဆိုင်ရာသို့ သတင်းပို့ခြင်းမျိုးတို့ဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ပါသည်။ ယင်းသို့သောလုပ်ရပ်များသည် နိုင်ငံသားတစ်ယောက်၏ တာဝန်များပင်ဖြစ်သည်။ ထိုသို့သော အသိစိတ်ဓာတ်ဖြင့် အစဉ်အမြဲသတိရှိနေမည်၊ အသိရှိနေမည်၊ အသင့်ရှိနေမည်ဆိုလျှင် နိုင်ငံအတွက် အားထားရသည့် နိုင်ငံသားတစ်ယောက်ဖြစ်ပြီဟု ဆိုချင်ပါသည်။ အသိစိတ်ဓာတ်ပြည့်ဝသည့် နိုင်ငံသားများနေထိုင်သော နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုဆီ အစဉ်အမြဲဦးတည်နေမည်သာဖြစ်ပေသည်။

နိုင်ငံသားတစ်ယောက်သည် နိုင်ငံတော်အစိုးရ၏ မူဝါဒများ၊ လုပ်ဆောင်ချက်များနှင့်လည်း တစ်သားတည်း ရှိရန်လိုအပ်ပါသည်။ သာမန်အားဖြင့် တည်ဆဲဥပဒေများကို လိုက်နာခြင်း၊ ပေးဆောင်ရမည့်အခွန်အခများကို ပေးဆောင်ခြင်း၊ ဥပဒေချိုးဖောက်မည့်သူများကို ဝိုင်းဝန်းတားဆီးကာကွယ်ခြင်း၊ ဥပဒေထိန်းသိမ်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတာဝန်ရှိသူများနှင့် ပူးပေါင်းကူညီဆောင်ရွက်ခြင်းတို့ ပြုလုပ်သည်ဆိုလျှင်ပင် အစိုးရနှင့် တစ်သားတည်းရှိနေပြီဟု ဆိုနိုင်ပါသည်။ အစိုးရအဖွဲ့ဟူသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ၊ မူဝါဒများချမှတ် ဆောင်ရွက်ကြသည်ချည်းဖြစ်သည်။ နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားအတွက် ရည်ရွယ်ထားကြခြင်းဖြစ်၍ နိုင်ငံသားများကလည်း အစိုးရနှင့် ရည်မှန်းချက်တူသူများအဖြစ် ပြည်ထောင်စုအကျိုး လိုလားသူများလည်းဖြစ်သည်။ ယင်းကိုပင် ပြည်ထောင်စုစိတ်ဓာတ်ဟု ဆိုရမည်ဖြစ်ပါသည်။

### ပြည်ထောင်စုစိတ်ဓာတ်ဟူသည်

ပြည်ထောင်စုစိတ်ဓာတ်သည် လူတစ်ဦးချင်းနှင့် သက်ဆိုင်သကဲ့သို့ အစုအဖွဲ့အလိုက်၊ တိုင်းရင်းသားလူမျိုးစုအလိုက်နှင့်လည်း သက်ဆိုင်နေပါသည်။ ဒို့တာဝန်အရေးသုံးပါးတွင် ပြည်ထောင်စုမပြိုကွဲရေးကို ဖော်ပြထားရာ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်သည့် တိုင်းရင်းသားလူမျိုးများအားလုံး စိတ်ဝမ်းမကွဲရေးကို ဆိုလိုရာရောက်ပြီး ပြည်ထောင်စု၏ နယ်မြေအစိတ်အပိုင်း တစ်ခုတလေမျှကိုပင်လျှင် ပြိုကွဲမသွားရအောင် ထိန်းသိမ်းစောင့်ရှောက်ကြရန်လည်း ဆိုလိုခြင်းဖြစ်ပါသည်။ တိုင်းရင်းသားအားလုံး စိတ်ဝမ်းမကွဲဘဲ ချစ်ခင်စည်းလုံးကြရန်၊ နိုင်ငံနယ်နိမိတ်အတွင်းရှိ မည်သည့်နယ်မြေအစိတ်အပိုင်းကိုမျှ မဆုံးရှုံးရလေအောင် ကာကွယ်စောင့်ရှောက်ကြရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ခံယူထားကြရမည်ဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုရလျှင် ပြည်ထောင်စုစိတ်ဓာတ်ဟူသည် မည်သည့်အဖွဲ့အစည်းဖြစ်စေ၊ မည်သည့်တိုင်းရင်းသားလူမျိုးဖြစ်စေ၊ ရိုးရာယဉ်ကျေးမှု၊ ဘာသာစကားနှင့် ဓလေ့ထုံးတမ်းစဉ်လာများ မည်သို့ပင် ကွဲပြားသည်ဖြစ်စေ ပြည်ထောင်စုတစ်ဝန်းလုံး၊ တစ်မျိုးသားလုံးနှင့်ဆိုင်သည့် အရေးကိစ္စမျိုးတွင် ကွဲပြားခြားနားမှုမရှိ တစ်သွေးတည်း တစ်သားတည်းဖြစ်သည်ဟူသော အမျိုးသားရေးစိတ်ဓာတ်ကို ဆိုလိုခြင်းဖြစ်ပါသည်။

**စာမျက်နှာ ၇ သို့** ☆

**နိုင်ငံသားများသည် အဆိုးဘက်တွင် ညီညွတ်သည်ထက် အကောင်းဘက်တွင်သာ ညီညွတ်ကြရန်လိုအပ်ပါသည်။ ယနေ့မိမိတို့နိုင်ငံတွင် အကောင်းမြင်စိတ်ဖြင့် အကောင်းဘက်သို့ဦးတည်သည့် ညီညွတ်မှုမျိုး အထူးလိုအပ်နေချိန်ဖြစ်ပါသည်။ လတ်တလော နိုင်ငံအခြေအနေကို ပြန်ကြည့်လိုက်လျှင် အချို့ဒေသများတွင် တည်ငြိမ်အေးချမ်းမှု ပျက်သုဉ်းနေပြီး လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လျက်ရှိသည်။ သည်လိုအနေအထားမျိုးတွင် နိုင်ငံသားများက မိမိနှင့်မဆိုင်ဟုဆိုကာ နေသာသလို နေရမည့်အချိန်မဟုတ်ပေ။ တည်ငြိမ်အေးချမ်းမှုရရှိစေရန်အတွက် နိုင်ငံတော်အစိုးရနှင့်အတူ လိုအပ်သလို ဝိုင်းဝန်းကူညီ လုပ်ဆောင်ကြရမည့်အချိန် ဖြစ်သည်။ နိုင်ငံသားတို့၏ ပူးပေါင်းပါဝင်မှုများဖြင့် ညီညွတ်မှုအင်အားကို ပြသရမည့်အချိန်ဖြစ်**

# လှိုင်ကော်မြို့၌ ကယားပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ပေးအပ်ခြင်း အခမ်းအနား ကျင်းပ

**လှိုင်ကော် ဇန်နဝါရီ ၂၉**

ကယားပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက လှိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကားပြောကြားရာတွင် ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပြည်နယ်အစိုးရအဖွဲ့နှင့်အတူ တတ်စွမ်းသမျှ အသိပညာ၊ အတတ်ပညာများနှင့် ကိုယ်ကျိုးမဖက်ဘဲ မိမိတို့ကျရာကဏ္ဍတွင် ထူးချွန်ပြောင်မြောက်စွာ စွမ်းဆောင်ခဲ့ကြသူများကို ယခုကဲ့သို့ ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းဖြစ်ကြောင်း၊ ဆက်လက်၍လည်း ဒို့တာဝန်အရေး (၃)ပါးကို ဦးထိပ်ထားပြီး ပြည်ထောင်စုစိတ်ဓာတ် အပြည့်မွေးမြူကာ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များတွင် စည်းစည်းလုံးလုံး ဝိုင်းဝန်းဆောင်ရွက်ကြရန် အလေးအနက် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။




ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ပြည်နယ်အတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စီမံခန့်ခွဲရေး၊ စိုက်ပျိုးမွေးမြူရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုရေးကဏ္ဍများ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသူများနှင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ၊ သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေး လုပ်ငန်းများတွင် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ယနေ့အခမ်းအနားတွင် စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု ၅၉ ဦး၊ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာထူးချွန်ဆု ၃၇ ဦး၊ လူမှုရေးဆိုင်ရာထူးချွန်ဆု ၁၃ ဦး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ထူးချွန်ဆုရရှိသူတစ်ဦး၊ စိုက်ပျိုးရေးဆိုင်ရာ ထူးချွန်ဆုရရှိသူနှစ်ဦးနှင့် ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ခြင်းခံရသူ ၂၉၅ ဦး စုစုပေါင်း ၄၀၇ ဦးတို့အား ချီးမြှင့်အပ်နှင်းခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် မိတ္ထီလာခရိုင်အတွင်း စိမ်းလန်းစိုပြည်ရေးနှင့် စမုံရေထုတ်ပြွန် ပြန်လည်ပြင်ဆင်နေမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် တဘက္ကာကျေးရွာရှိ စီပင်စိုက်ပျိုးရေး သုတေသနခြံတွင် နေကြာမျိုးသန့် စိုက်ပျိုးထားရှိသည့် ဆင်းရွှေကြာ(၂) ဧက ၄၀ စိုက်ကွင်းကို ကြည့်ရှုစစ်ဆေးပြီး ပြည်တွင်းစားသုံးဆီ ဖူလုံပိုလျှံစေရေးအတွက် ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီသော အထွက်နှုန်းကောင်းသည့် နေကြာမျိုးကောင်းမျိုးသန့်များ ပိုမိုစိုက်ပျိုးထုတ်လုပ် ဖြန့်ဖြူးပေးနိုင်ရေး အကြံပြုဆွေးနွေးမှာကြားသည်။



**ပူးပေါင်းဆောင်ရွက်**

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မိတ္ထီလာတောင်ကန်ဥယျာဉ်မြောင်း ရေသောက်စနစ်အတွင်း နွေစပါးဧက ၅၀ နှင့် နွေနှမ်းဧက ၅၀ စိုက်ပျိုးမည့် နေရာ၌ ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးနိုင်ရန် အမှတ်(၂၅) စက်မှုလယ်ယာစခန်း တာဝန်ရှိသူများ၏ ပေါင်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ မိတ္ထီလာမြောက်ကန်ရေသောက်စနစ် ကောက်ကွေ့တောမြောင်းတွင် နွေနှမ်း ဧက ၁၀၀ စိုက်ပျိုးမည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး အပင်ဖြစ်ထွန်းကောင်းမွန်ရေးအတွက် လိုအပ်သော သွင်းအားစုများနှင့် တစ်ဧကပန်းတိုင် အထွက်နှုန်းရရှိရေးစသည့် လယ်ယာကဏ္ဍဆိုင်ရာ ကွင်းဆက် တစ်လျှောက်၌ သက်ဆိုင်ရာ ဦးစီးဌာနများက တောင်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးကြရန် ဆွေးနွေးမှာကြားသည်။

**ဆွေးနွေးမှာကြား**

ဆက်လက်၍ မိတ္ထီလာမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများကို တွေ့ဆုံ၍ မိတ္ထီလာ လွင်ပြင် စိမ်းလန်းစိုပြည်ရေး၊ စိုက်ပျိုးရေရရှိရေးနှင့် သီးနှံများ ပန်းတိုင်အထွက်နှုန်း ပြည့်မီရေး၊ မွေးမြူရေးကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အထူးအားထည့် လုပ်ဆောင်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စမုံရေထုတ်ပြွန် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၊ စမုံချောင်း ရေလွှဲမြောင်းဖောက်လုပ်ခြင်းနှင့်စမုံရေထုတ်ပြွန်အောက်ပိုင်းရှိ ရေသောက်ဧရိယာ ဧက ၂၀၀၀၀ ကျော်ခန့်အား ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ရေပေးဝေရန်အတွက် ယာယီရေပေးမြောင်း ဖောက်လုပ်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး စက်ကိရိယာ ယာဉ်ယန္တရားများ လုံလောက်မှုရှိစေရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေးတို့ကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျွန်းစုမြို့၌ သစ်တောနှင့် ရေသယံဇာတထိန်းသိမ်းရေး၊ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**ကျွန်းစု ဇန်နဝါရီ ၂၉**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာများအကြောင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ကျွန်းစုမြို့ အထက(ခွဲ)ကတန်ကျောင်း၌ အသိပညာပေးဟောပြောသည်။

ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးသန်းဇော်ဝင်းက သစ်တောသစ်ပင်ပြုစုထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ၊ ရေချိုအား ချွေတာသုံးစွဲရေးနှင့် ရေသယံဇာတများ ရေရှည်တည်တံ့စေရန် ရေဝေရေလဲဒေသများ ထိန်းသိမ်းရေး၊ မီးခိုးမြူငွေ့၏ ဆိုးကျိုးများနှင့် ကာကွယ်နိုင်သည့်နည်းလမ်းများ၊ ဒီရေတောများ၏ အကျိုးကျေးဇူးများအကြောင်းကို ဟောပြောပြီး ကျောင်းသားကျောင်းသူများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

ထို့နောက် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက သစ်ပင်စိုက်ပျိုးပြုစုခြင်း အသိပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**



☆ စာမျက်နှာ ၆ မှ

ဤတွင် ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့က ရွှေတိဂုံစေတီတော် အလယ်ပစ္စယံ၌ ကျင်းပသည့် ဖဆပလညီလာခံတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ပြောကြားသည့်မိန့်ခွန်းကို ကောက်နုတ်တင်ပြလိုပါသည်။ ဗိုလ်ချုပ်အောင်ဆန်းက "လူမျိုးဆိုတာ ဒုက္ခ သုခ အတူခံစားကြပြီးတော့ နီးနီးစပ်စပ် အကျိုးထပ်ပြီး နှစ်ပရိစ္ဆေဒ ရှည်လျားစွာ တစ်မျိုးတစ်စားတည်းပဲလို့ စိတ်ထားရှိသူတွေကို တစ်စုတည်းပေါင်းပြီးခေါ်တာပဲဖြစ်တယ်။ အမျိုးအနွယ်၊ ကိုးကွယ်တဲ့ဘာသာတရား၊ ပြောဆိုတဲ့ဘာသာစကားတို့ကို အရေးထားရမှာဖြစ်ပေမယ့် တကယ်စင်စစ်ကတော့ အေးအတူပူအမျှ ကောင်းတူဆိုးဖက်ပေါင်းပြီး နေထိုင်လိုတဲ့အစဉ်အလာ ဆန္ဒပေါ်မှာ ဝံသာနုရက္ခိတတရားက တည်နေတာဖြစ်တယ်" ဟု မိန့်ကြားခဲ့ပါသည်။ တိုင်းရင်းသားလူမျိုးများအားလုံး မည်သို့ပင် မတူကွဲပြားခြားနားကြစေကာမူ အေးအတူ ပူအမျှ ကောင်းတူဆိုးဖက် ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး ပူးပေါင်းနေထိုင်ကြရမည့်စိတ်ထားကို မွေးမြူကြရန် တိုက်တွန်းထားခြင်းဖြစ်သည်။ ယင်းသည် ပြည်ထောင်စုစိတ်ဓာတ်ဟူသည့် အဓိပ္ပာယ်နှင့် ထပ်တူကျနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။

နိုင်ငံအတွင်း လက်ရှိဖြစ်ပွားနေသည့် ပဋိပက္ခများကိုကြည့်လျှင် သက်ဆိုင်ရာတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များသည်ပြည်ထောင်စုကြီးတစ်ခုလုံး၏ အကျိုးစီးပွားကို လွှမ်းခြုံခြင်းမရှိဘဲ မိမိတို့နယ်မြေဒေသအလိုက် လွှမ်းမိုးခြယ်လှယ်လိုသည့် ကိုယ်ကျိုးအတ္တအတွက်သာ ဦးတည်ထားသည်ကို တွေ့ရမည်ဖြစ်သည်။ အဆိုပါ အတ္တအကျိုးစီးပွားများသည် ၎င်းတို့၏ နယ်မြေဒေသအတွက်လည်းအကျိုးမရှိ၊ ၎င်းတို့၏ တိုင်းရင်းသားလူမျိုးများအတွက်လည်း အကျိုးမရှိဘဲ လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးကြရသည့်အပြင် ဒေသတွင်းရှိ လမ်းတံတား၊ ဆေးရုံ၊ စာသင်ကျောင်း၊ ဘာသာရေးအဆောက်အအုံများ၊ လျှပ်စစ်တာဝါတိုင်၊ ဆက်သွယ်ရေးတာဝါတိုင် စသည့် အခြေခံအဆောက်အအုံများပါ ပျက်စီးဆုံးရှုံးနေရသည်။ ယင်းသည် ပြည်ထောင်စု၏ ဆုံးရှုံးမှုဖြစ်သကဲ့သို့ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ဆုံးရှုံးမှုများလည်း ဖြစ်ပေသည်။

ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်နေသော လက်ရှိအချိန်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အနေဖြင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဆွေးနွေးအဖြေရှာပြီး တရားဥပဒေနှင့်အညီ ဒီမိုကရေစီနည်းလမ်းကျစွာ လက်တွဲဖြေရှင်းကြရန် ပြည်သူတစ်ရပ်လုံးက မျှော်လင့်နေကြပြီဖြစ်၍ ပြည်ထောင်စုအကျိုးကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းဖော်ဆောင်ကြရန်လိုအပ်ပါကြောင်း တိုက်တွန်းနှိုးဆော် တင်ပြလိုက်ရပါသည်။ ။

# နမ့်စန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်ပညာရေးစုံညီပွဲတော်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများ၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် နမ့်စန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက မြို့နယ်ပညာရေးစုံညီပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းသား ကျောင်းသူများက ဘင်ခရာ၊ မြန်မာ့ဆိုင်း၊ ပန်းဖွားအကဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက "ကြိုဆိုပါသည် စုံညီပွဲတော်" သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး တိုင်းမှူးက ဂုဏ်ပြုအားပေးစကား ပြောကြားသည်။ ယင်းနောက်တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောင်းသား ကျောင်းသူများ၏ မြန်မာ့ရိုးရာနှင့် ခေတ်ပေါ်တေးသီချင်းများ၊ တိုင်းရင်းသားရိုးရာအကများဖြင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူးက ပညာရေးစုံညီပွဲတော်အတွက် ချီးမြှင့်ငွေများပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် အင်္ဂလိပ်စာ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲများ၊ စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး ကျောင်းသား ကျောင်းသူများ၏ တီထွင်ပြုလုပ်ထားသော စက်မှု၊ လက်မှုလက်ရာများ၊ သင်ထောက်ကူပစ္စည်းပြခန်းများနှင့် သိပ္ပံပြခန်းများတွင် လက်တွေ့ပြသနေမှုများကို လိုက်လံကြည့်ရှုအားပေးကြကြောင်း သိရသည်။

**သတင်းစဉ်**



# တောင်ကြီးမြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဆုချီးမြှင့်ပွဲ ကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း မြသီရိခန်းမ၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ရှမ်းတိုင်းရင်းသားရိုးရာအကဖြင့်လည်းကောင်း၊ ကျောင်းသူတစ်ဦးက တစ်ပင်တိုင်အကဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ပြီး စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ပါဝင်ဟောပြောဆွေးနွေးပေးခဲ့ကြသည့် စာပေပညာရှင်များနှင့် အကဲဖြတ်အမှတ်ပေးခဲ့ကြသည့် အကဲဖြတ်ဒိုင်များအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကာလ၊ ဉာဏ်ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ပြည်နယ်စီးပွားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပြီး ဆုရရှိသည့် ကျောင်းသား ကျောင်းသူများက သရုပ်ပြတင်ဆက်ကာ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ပညာဘဏ်တိုက် စာကြည့်တိုက်" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



# အင်းစိန်မြို့နယ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို စာဖတ်ဝိုင်းကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၉**

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်)၊ မြို့နယ်စာပေဥယျာဉ်အသင်းနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၂၇ ရက် မွန်းလွဲ ၁ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် အခမ်းအနားမှူးအဖြစ် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က ဆောင်ရွက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်း၊ စာပေဥယျာဉ်အသင်းနာယက ဆရာကြီး ဦးရန်နောင်(ရန်နောင်-ပညာရေး)နှင့် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတော်မြင့် (တော်မြင့်-ငှက်ဖျား)တို့က အမှာစကားများပြောကြားကြပြီး စာပေဥယျာဉ်အသင်းဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်း ဒုတိယဥက္ကဋ္ဌ(၂)၊ စာရေးဆရာ၊ သတင်းစာဆရာ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က ပြည်ထောင်စုသားတိုင်းက လွတ်လပ်ရေးကြီး အဓွန့်ရှည်စွာတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ် အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့ကို အမျိုးသားရေးတာဝန်အဖြစ် စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်သွားကြရန် အထူးလိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲတွင် စာရေးဆရာအသင်းဝင်များနှင့် စာပေဥယျာဉ်အသင်းဝင်များဖြစ်ကြသည့် ရွှေမော်သန်းထိုက်၊ မလှလှမြင့်(ပိန္နဲကုန်း)၊ ချစ်ရှား(အမြင်သစ်)၊ ရွှေဘုတ်(အင်းစိန်)နှင့် ရန်မိုးအောင်(အင်းစိန်)တို့က ဆွေးနွေးဟောပြောကြပြီး တက်ရောက်လာကြသည့် စာရေးဆရာကြီးများဖြစ်ကြသော စိန်ညိုမင်း (ထန်းတပင်)၊ သက်လှိုင်မျိုး(စက်မှုတက္ကသိုလ်)၊ ဝင်းနွယ်(ပုသိမ်)တို့က သိလိုသည်များကို မေးမြန်းဆွေးနွေး အမြင်ချင်းဖလှယ်ကြ၍ မြို့နယ်စာပေဥယျာဉ်အသင်းနာယက ဦးသက်တင်(မောင်သာတင့် -မြန်အောင်)က နိဂုံးချုပ်ကျေးဇူးတင်စကားပြောကြားကာ ဦးဆောင်ဆွေးနွေးသူများအား တာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မြင့်ဦး**



# မိုင်းခတ်မြို့နယ်၌ ကျေးရွာစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ

**မိုင်းခတ် ဇန်နဝါရီ ၂၉**

(၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ဝမ်ခုတ်ကျေးရွာအုပ်စု ယန်းမိုင်(လားဟူ)ကျေးရွာ၌ နိုင်ငံတော်မတည်ငွေကျပ်သိန်း ၁၅၀ ဖြင့် တည်ဆောက်သည့် "လင်းရောင်ခြည်"စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ ရက်တွင် ကျင်းပသည်။

ဦးစွာ စာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟန်ဝင်းလတ်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးကျော်စိုးလင်း၊ မြို့နယ်ပညာရေးမှူး ဦးလှမင်းနိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်နန်းနွယ်နီအောင်နှင့် ယန်းမိုင်(လားဟူ)ကျေးရွာရပ်မိရပ်ဖ ဦးကျစီးတို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟန်ဝင်းလတ်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ အဖွဲ့ဝင်များက စာကြည့်တိုက်အတွင်း ကလေးများစာပေဖတ်ရှုလေ့လာမှုကို ကြည့်ရှုအားပေးကာ ကလေးများအား အချိုရည်နှင့် မုန့်များ ပေးဝေခဲ့ကြောင်း သိရသည်။

**နန်းနွယ်နီ(ပြန်/ဆက်)**



## ❖ (၃၃)ကြိမ်မြောက်မှ

(၃၃)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ဗန်ကောက်မြို့၊ ချောင်ဘူရီမြို့၊ ဆောင်ခလာမြို့တို့တွင် ကျင်းပမည်ဖြစ်သည်။ လာမည့်ဆီးဂိမ်းပြိုင်ပွဲတွင် ရေကူး၊ ပြေးခုန်ပစ်၊ မြားပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ လှေလှော် (ကနူး/ကယက်၊ အပြည်ပြည်ဆိုင်ရာ၊ ရိုးရာလှေ)၊ စက်ဘီး၊ မြင်းစီး၊ ဓားရေး၊ ဘောလုံး/ဖူဆယ်၊ ဂေါက်သီး၊ ကျွမ်းဘား၊ Handball၊ ဟော်ကီ၊ ဂျူဒို၊ ရပ်ဘီ၊ ရွက်လှေ၊ သေနတ်ပစ်၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ သုံးမျိုးစုံ၊ ဘော်လီဘော၊ နပန်း၊ ရေခဲပြင်စကိတ်၊ Modern pentathlon၊ အလေးမ၊ ဘေ့စ်ဘော၊ ဘိလိယက်နှင့်စနူကာ၊ လက်ဝှေ့၊ Floorball၊ E-Sports၊ မွေလက်ဝှေ့၊ ပန်ကြပ်ဆီလတ်၊ ပီတန်း၊ ပိုက်ကျော်ခြင်း၊ Squash၊ ဘိုးလင်း၊ Extreme sports၊ ကရာတေး၊ ဂျူဂျစ်ဆု၊ ခရစ်ကက်၊ ဝူရှူး၊ Kabaddi၊ Teqball၊ ကစ်ဘောင်ဆင်၊ Woodball နှင့် စစ်တုရင်အားကစားနည်းများ ပါဝင်မည်ဖြစ်သည်။ ထိုင်းနိုင်ငံအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် ခုနစ်ကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။

မြန်မာအားကစားအဖွဲ့သည် လာမည့်ဆီးဂိမ်းပြိုင်ပွဲအတွက် စတင်ပြင်ဆင်နေပြီး ၂၀၂၃ ကမ္ဘောဒီးယားဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ် ၂၁ ခု၊ ငွေတံဆိပ် ၂၅ ခု၊ ကြေးတံဆိပ် ၆၈ ခု ဆွတ်ခူးရရှိခဲ့သည်။ **ကိုညီလေး**

**တိုင်းပြည်သာယာ ဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့၊**

# သွင်းကုန်အစားထိုးနဲ့ ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေး ဆောင်ရွက်နေတဲ့ဒေသက MSME လုပ်ငန်းတွေ၊ MSME တီထွင်ဆန်းသစ်မှုလုပ်ငန်းတွေ၊ စက်မှုလက်မှုနဲ့ ထုတ်ကုန်ပစ္စည်းတွေ ပါဝင်ပြသသွားမှာဖြစ်ပါတယ်

ဦးတင်ဦး (စီးပွားရေးရာဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့)

**နေပြည်တော် ဇန်နဝါရီ ၂၉**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပြပွဲပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းနှင့်စက်မှုလုပ်ငန်းများ၊ ရိုးရာအစားအစာများ ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်သည့်အပြင် ဂီတဖျော်ဖြေပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသထွက် MSME ထုတ်ကုန်များ၊ ရိုးရာအစားအစာများကို တစ်နေရာတည်းတွင် လေ့လာဝယ်ယူနိုင်ပြီး တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကိုလည်း လေ့လာနိုင်မည်ဖြစ်ရာ ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်သက်ဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခဲ့သည် များကို စုစည်းဖော်ပြလိုက်ရပါသည်-

**ဦးတင်ဦး (စီးပွားရေးရာဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့)**

ကျွန်တော်တို့ တိုင်းဒေသကြီးအနေနဲ့ ဒေသတွင်းက MSME လုပ်ငန်းတွေရဲ့ ထုတ်ကုန်တွေကို ပါဝင်ပြသမှာဖြစ်ပါတယ်။ ပြီးတော့ MSME ထုတ်ကုန်ပြိုင်ပွဲမှာလည်း ပါဝင်သွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်မှုနဲ့အညီ တိုင်းဒေသကြီး ကိုယ်စားပြုပြခန်း ပြသနိုင်ဖို့ ကျွန်တော်ကိုယ်တိုင် ဦးစီးပြီး လုပ်ငန်းတွေ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ပြခန်းပြင်ဆင်ရေး လုပ်ငန်းတွေကို ဖေဖော်ဝါရီ ၅ ရက်အမီ ပြီးစီးအောင် ဆောင်ရွက်နေပါတယ်။ ရိုးရာအစားအစာ၊ ဒေသအစားအစာ အရောင်းပြခန်းလည်း ပါဝင်မှာဖြစ်ပါတယ်။

ဟသ်ာမောင်နှံ၊ ကမ္ဘောဇသာဒီနန်းတော် စတဲ့ ပဲခူးတိုင်းဒေသကြီးရဲ့ အထိမ်းအမှတ်သင်္ကေတတွေနဲ့ ပြခန်းကို တိုင်းဒေသကြီးကိုယ်စားပြုဖော်ဆောင်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီးအနေနဲ့ ဝါ၊ ဝါး၊ ရော်ဘာ၊ ကော်ဖီ၊ သစ်သီးထုတ်ကုန်တွေနဲ့ ပတ်သက်တဲ့ ထုတ်ကုန်တွေကို ထည့်သွင်းပြသသွားမှာဖြစ်ပါတယ်။ တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးနဲ့ မွေးမြူရေးက ထွက်ရှိတဲ့ကုန်ကြမ်းကို အခြေခံတဲ့ထုတ်ကုန်တွေကို တန်ဖိုးမြင့် ထုတ်ကုန်တွေအဖြစ် ပြောင်းလဲပြီး သွင်းကုန်အစားထိုးနဲ့ ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေး ဆောင်ရွက်နေတဲ့ဒေသက MSME လုပ်ငန်းတွေ၊ MSME တီထွင်ဆန်းသစ်မှုလုပ်ငန်းတွေ၊ စက်မှုလက်မှုနဲ့ ထုတ်ကုန်ပစ္စည်းတွေ ပါဝင်ပြသသွားမှာဖြစ်ပါတယ်။

အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းရှင်တွေအပြင် ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region One Product) လုပ်ငန်းတွေလည်း ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပြီးတော့ သက်ဆိုင်ရာ ပြိုင်ပွဲကျင်းပရေး ကော်မတီကနေ စံသတ်မှတ်ချက်တွေ သတ်မှတ်ပေးပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီးက ခင်းကျင်းပြသမယ့် ထုတ်ကုန်အမျိုးအစားက ၄၄ မျိုးရှိပြီး ပစ္စည်းအမယ်ပေါင်းက ၅၇၀ ကျော် ပါဝင်မှာဖြစ်ပါတယ်။ ဒီလိုပြပွဲတွေ၊ ပြိုင်ပွဲတွေက ကျွန်တော်တို့ တိုင်းဒေသကြီးရဲ့ MSME လုပ်ငန်းတွေကို အများကြီး အထောက်အကူပြုပါတယ်။ လာရောက်ရောင်းချတဲ့ လုပ်ငန်းရှင်တွေ အနေနဲ့လည်း တစ်ဦးနဲ့တစ်ဦး ချိတ်ဆက်မိပြီး ဈေးကွက်ကျယ်ပြန့်စွာ ရရှိစေမှာပဲဖြစ်ပါတယ်။

**ဦးတင်အေး (စီးပွားရေးရာဝန်ကြီး၊ ရခိုင်ဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့)**

ကျွန်တော်တို့ ရခိုင်ဝတီတိုင်းဒေသကြီးအနေနဲ့ တိုင်းဒေသကြီးရဲ့ ထုတ်ကုန်တွေဖြစ်တဲ့ ပုသိမ်ထီး၊ ပုသိမ်ဟာလဝါ၊ ကြိမ်၊ ဝါး၊ ဗေဒါ လက်မှုထုတ်ကုန်တွေနဲ့ ဓာတုကင်းလွတ် ရခိုင်ဝတီပေါ်ဆန်းဆန်ကို အထူးထုတ်ကုန်အနေနဲ့ ပြသသွားမှာဖြစ်ပါတယ်။ (One Region One Product -OROP) ဒေသတစ်ခု ထုတ်ကုန်တစ်ခုအနေနဲ့ ရေကြည်မြို့နယ်မှာ ဓာတုကင်းလွတ် ရခိုင်ဝတီပေါ်ဆန်းဆန်ကို ထုတ်လုပ်နေပါတယ်။ ကျုံပျော်မြို့နယ်မှာ ကိုယ်တိုင်စိုက်၊ ကိုယ်တိုင်ထုတ်တဲ့ ပီလောပီနံစိုက်ခင်းရှိပြီး ထုတ်လုပ်နေပါတယ်။ မအူပင်မြို့နယ်မှာ သားငါး မွေးမြူထုတ်လုပ်မှုတွေ၊ ဖျာပုံမြို့နယ်မှာ ပြည်ပတင်ပို့မှုအတွက် ပေါင်းဆန်လုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။ လပွတ္တာမြို့နယ်မှာ ကဏန်းပျော့လုပ်ငန်းကို OROP အနေနဲ့ ထုတ်လုပ်နေတာတွေရှိပါတယ်။


ဦးတင်ဦး


ဦးတင်အေး


ဦးဝင်းဦး

ဒီပြပွဲပြိုင်ပွဲတွေက တိုင်းဒေသကြီးရဲ့ MSME လုပ်ငန်းတွေကို များစွာ အထောက်အကူပြုပြီး ဖွံ့ဖြိုးတိုးတက်လာစေမှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ လုပ်ငန်းရှင်တွေက တစ်နိုင်ငံလုံးက လုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံရတဲ့အတွက် အတွေးသစ်၊ အမြင်သစ်တွေရရှိလာမယ်။ သူတို့ရဲ့ ကုန်ထုတ် လုပ်ငန်းတွေကို ဘယ်လောက်အထိ စွမ်းအားမြင့် ထုတ်လုပ်နိုင်မယ်ဆိုတဲ့ နည်းပညာအသစ်အဆန်းတွေ တွေ့လာမယ်။ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်က စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းတွေကို တွေ့မြင်လာပြီး အတုယူဆောင်ရွက်နိုင်လာမယ်။ အထူးသဖြင့် ဈေးကွက်အသစ်တွေ ထပ်မံရရှိလာပြီး အချင်းချင်း ပေါင်းစပ်ဖလှယ်နိုင်တဲ့အတွက် တိုင်းဒေသကြီးရဲ့ MSME လုပ်ငန်းတွေက ဒီပြပွဲပြိုင်ပွဲကြောင့် တိုးတက်လာမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီးပြခန်းမှာ ပုသိမ်စက်မှုဇုန်က ဖန်တီးထုတ်လုပ်ထားတဲ့ လက်ဆွဲကောက်စိုက်စက်တွေ၊ ပန်းတနော်မြို့နယ်က ထုတ်လုပ်ထားတဲ့ ခြွေလှေ့စက်တွေ၊ ဖျာပုံမြို့နယ်က အစေ့ချစက်တွေကိုလည်း ပြသရောင်းချသွားမှာ ဖြစ်ပါတယ်။ MSME လုပ်ငန်းတွေက တစ်နိုင်ငံလုံးမှာ ပျံ့နှံ့တည်ရှိနေပြီး သူ့ဒေသ၊ ကိုယ့်ဒေသ ဆောင်ရွက်နေကြတာဖြစ်ပါတယ်။ နိုင်ငံတော်က အခုလိုစေတနာထားပြီး တစ်နိုင်ငံလုံးက MSME လုပ်ငန်းတွေကို စုစည်းပြီးပြသလိုက်တဲ့အခါ လုပ်ငန်းရှင်အချင်းချင်း နီးစပ်သွားတယ်။ တစ်ဦးနဲ့တစ်ဦး အမြင်ချင်းဖလှယ်၊ အသိချင်းဖလှယ်ပြီး ဆောင်ရွက်နိုင်တဲ့အတွက် MSME လုပ်ငန်းကဏ္ဍတစ်ခုလုံး များစွာအကျိုးကျေးဇူးရရှိသွားမှာ ဖြစ်ပါတယ်။

**ဦးဝင်းဦး (ညွှန်ကြားရေးမှူး၊ နေပြည်တော်ကောင်စီ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန)**

ကျွန်တော်က ဖွင့်ပွဲအခမ်းအနား၊ ဆုချီးမြှင့်ခြင်းနဲ့ ဖျော်ဖြေရေး ဆပ်ကော်မတီရဲ့ တွဲဖက်အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်ရပါတယ်။ ဖွင့်ပွဲနေ့အပါအဝင် ပိတ်ပွဲနဲ့ ဆုချီးမြှင့်ပွဲတွေပါဝင်ပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီး လွန်ခဲ့တဲ့ တစ်လလောက်ကတည်းက ကြိုတင်ပြင်ဆင်နေတာ အခုဆိုရင် ၇၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါတယ်။ နေပြည်တော်ကောင်စီအနေနဲ့ အဓိကအားဖြင့် ပြည်တွင်းကုန်ကြမ်းကို အခြေခံပြီး ထုတ်လုပ်တဲ့ ထုတ်ကုန်တွေ၊ သွင်းကုန်အစားထိုး လုပ်ငန်းတွေ၊ ပြည်ပတင်ပို့နေတဲ့ လုပ်ငန်းတွေ၊ စိုက်ပျိုး၊ မွေးမြူရေးကိုအခြေခံတဲ့ ထုတ်ကုန်ပစ္စည်းတွေ၊ (One Region One Product -OROP) ဒေသတစ်ခုထုတ်ကုန်တစ်ခု စတာတွေကိုအခြေခံပြီး ပြသသွားမှာဖြစ်ပါတယ်။ လုပ်ငန်းရှင် ၅၃ ဦးက ထုတ်ကုန်အမယ် ၂၀၀ ကျော်၊ ၃၀၀ နီးပါး ပါဝင်ပြသရောင်းချမှာဖြစ်ပါတယ်။ တပေါင်းကွင်းမှာ လာမယ့်ဖေဖော်ဝါရီ ၈ ရက်အမီ အကြိုလေ့ကျင့် ခင်းကျင်းမှာဖြစ်ပါတယ်။ နေပြည်တော်အနေနဲ့ ထူးခြားမှုကအခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ မရှိသေးတဲ့ စပါးမျိုးစေ့တွေ ပြသမယ်။ လယ်ယာသုံးစက်ကိရိယာတွေကို တီထွင်ဆန်းသစ်မှုအနေနဲ့ မျိုးစေ့ချစက်တွေကို နေပြည်တော် လယ်ဝေးမှာ ထုတ်လုပ်နေတာဖြစ်ပြီး ဒါတွေကို ဒီပွဲမှာခင်းကျင်းပြသမှာဖြစ်ပါတယ်။ ဒီနှစ်မှာ ထူးထူးခြားခြား စီစဉ်ထားတာက ပရိသတ်ကို ဆွဲဆောင်မှုအနေနဲ့ ညနေပိုင်း ဖျော်ဖြေရေးအစီအစဉ်တွေမှာ နေ့စဉ်နာမည်ကျော်အနုပညာရှင်တစ်ဦးစီက တေးဂီတအဖွဲ့တွေနဲ့တွဲဖက်သီဆို ဖျော်ဖြေမှာဖြစ်ပါတယ်။ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို MSME ထုတ်ကုန်ပြပွဲ ပြိုင်ပွဲအတွက် ရည်ရွယ်ပြီး MSME နဲ့ သက်ဆိုင်တဲ့ အနှစ်သာရတွေပါဝင်တဲ့ သီချင်းအသစ်ရေးစပ်ထားပြီး ဒီသီချင်းကို အကအလှတွေနဲ့ တွဲဖက်ဖျော်ဖြေတင်ဆက်မှာဖြစ်ပါတယ်။ MSME ပြပွဲပြိုင်ပွဲမှာ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေကစုစည်းလာရောက်ကြမယ်။ ကုမ္ပဏီတွေလည်း ပါမယ်။ အသင်းအဖွဲ့တွေလည်း ပါဝင်မယ်။ Business Matching တွေလည်းပါဝင်တဲ့အတွက် တစ်ဦးနဲ့တစ်ဦး ပိုမိုချိတ်ဆက်ဆောင်ရွက်နိုင်လာမယ်။ ဒါ့အပြင် ပြည်သူတွေမသိသေးတဲ့ အမယ်သစ်တွေကို ဈေးကွက်အတွင်း မိတ်ဆက်ထိုးဖောက်နိုင်လာမယ် စတဲ့ စီးပွားရေး အခွင့်အလမ်းတွေကိုလည်း ရရှိလာမှာဖြစ်ပါတယ်။

ဝင်းဝင်းမင်း

ဓာတ်ပုံ - ဖိုးပြည့်စုံ




# ကရင်ပြည်နယ်ဝန်ကြီးချုပ် ၂၀၂၅ ခုနှစ် မြွေနှစ် တရုတ်နှစ်သစ်ကူးအထိမ်းအမှတ် စုပေါင်းကန်တော့ခြင်းနှင့် နှစ်သစ်ကူးမင်္ဂလာအခမ်းအနား တက်ရောက်

**ဘားအံ ဇန်နဝါရီ ၂၉**

၂၀၂၅ ခုနှစ် မြွေနှစ် တရုတ်နှစ်သစ်ကူးအထိမ်းအမှတ် စုပေါင်းကန်တော့ခြင်းနှင့် နှစ်သစ်ကူးမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ဘားအံမြို့ အမှတ်(၁)ရပ်ကွက်ရှိ ဘားအံကျန့်တိတ် ဗုဒ္ဓဘာသာဘုရားကျောင်း၌ကျင်းပရာ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ချီးမြှင့်ကြသည်။

ဦးစွာ နှစ်သစ်ကူးမင်္ဂလာ အခမ်းအနားသို့ တက်ရောက်လာသော ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား ဘုံကျောင်းတာဝန်ရှိသူများက တရုတ်ရိုးရာနှစ်သစ်ကူး ပဝါများဖြင့် ဂါရဝပြုကြကာ ဘားအံကျန့်တိတ်ဗုဒ္ဓဘာသာဘုံကျောင်းရှိဗုဒ္ဓရုပ်ပွားတော်နှင့် နတ်မင်းအပေါင်းတို့အား နှစ်သစ်မင်္ဂလာ စုပေါင်း ကန်တော့ကြသည်။

**အပြန်အလှန်ပေးအပ်ချီးမြှင့်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံကျန့်တိတ်ဘုံကျောင်း မင်္ဂလာ နဂါးခိုင်းကွမ်း မင်္ဂလာပြုလုပ်ခြင်းအား ကြည့်ရှုအားပေးခဲ့ကြပြီး တရုတ်ရိုးရာ နဂါးအကအလှနှင့် ခြင်္သေ့အကအလှတို့ဖြင့် စွမ်းရည်ပြသဖျော်ဖြေကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နှစ်သစ်ကူးအံပေါင်းများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျန့်တိတ်ဘုံကျောင်းအတွက် ငွေကျပ် ၁၀ သိန်းနှင့် နှစ်သစ်ကူးအထိမ်းအမှတ်လက်ဆောင်များအား ဘုံကျောင်းတာဝန်ရှိသူများထံ ပေးအပ်ချီးမြှင့်ရာ ဘုံကျောင်းတာဝန်ရှိသူများက နှစ်သစ်ကူးအထိမ်းအမှတ်လက်ဆောင်များ အပြန်အလှန်ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**





# ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတရွေးကောက်ပွဲ သွားရောက်လေ့လာခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၉**

ဘယ်လာရုစ်သမ္မတနိုင်ငံတွင် ဇန်နဝါရီ ၂၆ ရက်၌ ပြုလုပ်ခဲ့သည့် ဘယ်လာရုစ်သမ္မတရွေးကောက်ပွဲသို့ နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့အဖြစ် သွားရောက်လေ့လာခဲ့ကြသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်းနှင့် ဦးမြင့်သိန်းတို့သည် ယနေ့ညနေပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှတစ်ဆင့် မြန်မာအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများက ကြိုဆိုကြသည်။

လေ့လာစောင့်ကြည့်ရေး ခရီးစဉ်အတွင်း ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၁ ရက်မှ ၂၅ ရက်အတွင်း ပြုလုပ်လျက်ရှိသည့် ကြိုတင်မဲပေးခြင်း လုပ်ငန်းစဉ်များကို မဲရုံများသို့ သွားရောက်လေ့လာခဲ့ပြီး ဇန်နဝါရီ ၂၄ ရက်၌ ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ Mr. Igor Karpenko နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့ပြင် ကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုသတင်းအချက်အလက်နှင့် လေ့လာစောင့်ကြည့်ရေးစင်တာဖွင့်ပွဲသို့ တက်ရောက်ခြင်း၊ ဗဟိုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်သည့် သတင်းစာရှင်းလင်းပွဲများသို့ တက်ရောက်ခြင်းနှင့် ရွေးကောက်ပွဲနေ့တွင် မဲရုံများသို့ သွားရောက်၍ မဲပေးခြင်းလုပ်ငန်းစဉ်များ စောင့်ကြည့်လေ့လာခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတရွေးကောက်ပွဲသို့ နိုင်ငံပေါင်း ၅၂ နိုင်ငံမှ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူပေါင်း ၄၈၆ ဦး တက်ရောက်လေ့လာခဲ့ကြပြီး ရွေးကောက်ပွဲတွင် လက်ရှိသမ္မတ H.E. Mr. Aleksandr Lukashenko က ခိုင်လုံမဲ ၈၆ ဒသမ ၈၂ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးမြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းနှင့် ဇီဝဆိုင်ရာအချက်အလက်များကောက်ယူခြင်း ပြုလုပ်

**ပဲခူး ဇန်နဝါရီ ၂၉**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပဲခူးမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဆောင်သည့်ဝန်ထမ်းများသည် ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းက ပဲခူးမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား ပန်းခင်းစီမံချက်(အဆင့်-၃) ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းနှင့် e-IDစနစ်အတွက် ဇီဝဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်းကို ကွင်းဆင်းဆောင်ရွက်ပေးသည်။



ကွင်းဆင်းဆောင်ရွက်ရာတွင် ပဲခူးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ အသက် (၁၀)နှစ်ပြည့် ကျောင်းသားကျောင်းသူ ၂၅၈ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြား နိုင် ၃(က)များ ပြုလုပ်ထုတ်ပေးခဲ့ပြီး e-ID စနစ်အတွက် ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပဲခူးမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးတင်အေးနှင့် ဝန်ထမ်းများက နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# မိုင်းယောင်းမြို့၌ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ် ဖျော်ဖြေတင်ဆက်

**မိုင်းယောင်း ဇန်နဝါရီ ၂၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ ယမန်နေ့ညပိုင်းက နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဖျော်ဖြေတင်ဆက်မှုကို ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ သွားရောက် ကြည့်ရှုအားပေးခဲ့သည်။



နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများနှင့် မိသားစုများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများ၊ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များ၊ မြို့ပေါ်လုံခြုံရေးအဖွဲ့များ၊ ပြည်သူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




# မြောက်ဥက္ကလာပမြို့နယ်၌ စာဖတ်ဝိုင်းဆွေးနွေးပွဲပြုလုပ်

**ရန်ကုန် ဇန်နဝါရီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် ယမန်နေ့ မွန်းလွဲ ၃ နာရီက စာရေးဆရာကြီး ဝင်းချစ်(အမျိုးသားစာပေဆုရ)ရေးသားသည့် "ရွှေထီးမဆောင်းခဲ့ရတဲ့ကျွန်တော်" စာအုပ်ပါ အကြောင်းအရာများဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ပြုလုပ်သည်။

ဦးစွာ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မြမြဝင်းက စာဖတ်ဝိုင်းဆွေးနွေးပွဲ ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးသိန်းဝင်းဇော်က ဝင်းချစ် (အမျိုးသားစာပေဆုရ) ရေးသားသည့် "ရွှေထီးမဆောင်းခဲ့ရတဲ့ကျွန်တော်" စာအုပ်ပါအကြောင်းအရာများကို ဖတ်ရှုဆွေးနွေးခဲ့ပြီး စာဖတ်ဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာသူများက စာအုပ်ပါ သမိုင်းအကြောင်းအရာ ဖတ်ကြားခဲ့မှုများနှင့်စပ်လျဉ်းပြီး သိရှိလိုသည်များကို မေးမြန်းရာ မေးမြန်းချက်များအပေါ် ဖြည့်စွက်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သက်လွင်စိုး (ပြန်/ဆက်)**

## မုဒုံမြို့၌ မွန်၊ မြန်မာ ဝိနယာနုဂ္ဂဟ စာတော်ပြန်ရေးဖြေပွဲကြီး ကျင်းပ

မုဒုံ ဇန်နဝါရီ ၂၉

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် (၄၂)ကြိမ်မြောက် ဂိုဏ်းပေါင်းစုံ ကျောင်းထိုင်ဆရာတော်ကြီးများ ကြီးမှူးကျင်းပသော မွန်၊ မြန်မာ ဝိနယာနုဂ္ဂဟ စာတော်ပြန်ရေးဖြေပွဲကြီးကို ယနေ့မွန်းတည့်၁၂ နာရီက ဓမ္မရာဇိန်ကျောင်းတိုက် ဓမ္မာရုံ၌ ပြုလုပ်သည်။

ဦးစွာ ဩဝါဒါစရိယဆရာတော်ကြီးများ၊ နာယကကြီးကြပ်ရေး ဆရာတော်ကြီးများနှင့် ကျောင်းထိုင် နာယကဆရာတော်ကြီးများက စာမေးပွဲဆိုင်ရာ အဆင့်အတန်းများနှင့် စည်းမျဉ်းစည်းကမ်းများကို မြွက်ကြားတော်မူသည်။ ထို့နောက် မြို့နယ်အတွင်းရှိ ကျောင်းတိုက်အသီးသီးမှ ရှင်သာမဏေ၊သီလရှင် စုစုပေါင်း ၄၈၆ ပါးတို့က ရှင်ကျင့်ဝတ်နှင့် ဓမ္မပဒအာဂုံပြန်ဖြေဆိုခြင်း၊ ရဟန်းသံဃာတော် ၆၃ ပါးတို့က ဘိက္ခုပါတိမောက်ဘာသာ၊ ဒွေးမာတိကာဘာသာနှင့် ရှင်ကျင့်ဝတ် ဘာသာရပ်များ ရေးဖြေခြင်းတို့ကို သုံးရက်ကြာ ဖြေဆိုကြမည်ဖြစ်သည်။

အဆိုပါ စာပြန်တော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဩဝါဒါစရိယ ဆရာတော်ကြီးများက ကြီးကြပ်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ဒါယကာများက ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိပြီး နေ့စဉ်ဆွမ်းလှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ကျိုက်လတ်မြို့၌ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ အနားယူခြင်း၊ အစားထိုးရွေးချယ်ခြင်း အခမ်းအနားကျင်းပ

ကျိုက်လတ် ဇန်နဝါရီ ၂၉

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် အမှတ် (၃)ရပ်ကွက် မစိုးရိမ်ကျောင်းတိုက်တွင် ယနေ့နံနက်ပိုင်းက သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ ၂၅ ရာခိုင်နှုန်းအနားယူခြင်း၊ အစားထိုးရွေးချယ်ခြင်း အခမ်းအနားကို ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဘဒ္ဒန္တတေဇနိယက အဖွင့်ဩဝါဒကထာ မြွက်ကြားခဲ့ပြီး အခမ်းအနားမှူး ဆရာတော်က မြို့နယ်သံဃနာယက အဖွဲ့အစည်းအဆင့်ဆင့် ရွေးချယ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း လျှောက်ထားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်က သာသနာရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရွေးချယ်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ပတ်သက်၍ လျှောက်ထားတင်ပြပြီး မြို့နယ်သံဃနာယကအဖွဲ့ အနားယူခြင်း၊ အစားထိုးခြင်းရွေးချယ်ပွဲကို ဆန္ဒမဲပေးပိုင်ခွင့်ရှိသော ဆရာတော်ကြီးများက အနားယူသွားသော ဆရာတော်ကြီးသုံးပါး၏ နေရာတွင် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းများနှင့်အညီ ၂၅ရာခိုင်နှုန်း အစားထိုးကာ ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

လှိုင်မင်းအောင်

## မင်းလှမြို့၌ ပတ္တမြားရတုခန်းမဆောင် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအပ်နှံခြင်းအခမ်းအနား ကျင်းပ

မင်းလှ ဇန်နဝါရီ ၂၉

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကညင်ပင်တွင် ကျင်းပသော ရှမ်းပြည်နယ် (မြောက်ပိုင်း) ဟိုပန်ခရိုင် ဟိုပန်မြို့ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီဟဗလက လှူဒါန်းသော ပတ္တမြားရတုခန်းမဆောင် ကျောင်းလွှတ်ပူဇော ရေစက်ချ အလှူတော်မင်္ဂလာနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအပ်နှံခြင်း အခမ်းအနားကို ယမန်နေ့က ကျင်းပသည်။



ပတ္တမြားရတု ခန်းမဆောင်ကို အလှူရှင်ဆရာတော်၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်(၂) ဦးလှဌေး၊ ဒုတိယမြို့နယ်ပညာရေးမှူး ဒေါ်ခင်သန္တာမိုး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ထူးထူးအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် အလှူရှင် ဆရာတော်ကြီးနှင့် သံဃာတော်များအား တာဝန်ရှိသူများနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြရာ နေပြည်တော် လယ်ဝေးမြို့နယ် နှစ်ကျိပ်ရှစ်ဆူ ဆရာတော် ဥူးပညာသာရက ဩဝါဒကထာ မြွက်ကြားချီးမြှင့်သည်။

ဆက်လက်၍ ပတ္တမြားရတု ခန်းမဆောင်သစ်ကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ထူးထူးအောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ထို့နောက် မင်းလှမြို့နေ ဆရာကြီးဦးအေးသောင်နှင့် ဆရာမကြီး ဒေါ်တင်လှတို့က မြေတစ်ဧကကို အထက(ခွဲ) ကညင်ပင်ကျောင်းသို့ လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M-9 ရှိ ဇောတိကစီမံကိန်းနှင့် ကမ်းလွန်လုပ်ကွက်အမှတ် M-5 & M-6 ရှိ ရတနာစီမံကိန်းတို့တွင် Geotechnical Site Investigation Survey (GTI) လုပ်ငန်းများအား Survey Vessel, GEO MARINER ရေယာဉ်ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကို ဖော်ပြသည့် Coordinate များဖြစ်သော ကမ်းလွန်လုပ်ကွက်အမှတ် M-5/M-6(ရတနာ)ရှိ Well Location Point M5-Exp C1 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ဝ၇မိနစ် ၄၅.၂၆၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁ဝ မိနစ် ၁ဝ.၅၁၃၁ စက္ကန့်၊ Point M5-Exp C2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ဝ၂မိနစ် ၅ဝ.၃၇၇၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ဝ၆ မိနစ် ဝ.၄၂၂၁ စက္ကန့်၊ Point M6-Exp CA မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၂ မိနစ် ၅၈.ဝ၆၇၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၃ မိနစ် ၅၉.၃၅၇၈ စက္ကန့်၊ Point M6-Exp CF မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၇မိနစ် ၆.၁၈၃၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ဝ၉ မိနစ် ၂၉.၂၁၉ဝ စက္ကန့်၊ Point Yadana-Infill WP2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ဝ၉ မိနစ် ဝ၈.၈၈၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၆ မိနစ် ၅ဝ.၈၈၇ စက္ကန့်၊ Point Badamya-Infill WP4 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ဝ၉မိနစ် ၃၈.၁၁၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၃ မိနစ် ဝ၂.၁ဝ၈၈စက္ကန့်၊ Point Apprisal-C1 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ဝ၉မိနစ် ၂၃.၅၂၈၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ဝ၉ မိနစ် ၄၈.၄ဝဝ၁ စက္ကန့်၊ Point Apprisal-C2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ဝ၃မိနစ် ၃၃.၇၃၁၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ဝ၅ မိနစ် ၃၅.၇၃၅၁ စက္ကန့်နှင့် ကမ်းလွန်လုပ်ကွက် M-9 (ဇောတိက) ရှိ Wellhead Platform Location-Point WPH Zawtika-41 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၇မိနစ် ၁၈.၅၈၇၁၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၄ မိနစ် ၅၆.၂၇၆၇၈ စက္ကန့်တို့အတွင်းတွင် ၂ဝ၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇)ရက်နေ့မှ ၂ဝ၂၅ ခုနှစ်၊ ဧပြီလ (၃ဝ)ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M-9 ရှိ ဇောတိကစီမံကိန်းနှင့် ကမ်းလွန်လုပ်ကွက်အမှတ် M-5 & M-6 ရှိ ရတနာစီမံကိန်းတို့တွင် Geotechnical Site Investigation Survey (GTI) လုပ်ငန်းများအား Survey Vessels, GEO MARINER ရေယာဉ်ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါတည်နေရာများမှ (၄)ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

## သထုံမြို့ ရန်အောင်မြင်ပရိယတ္တိသာသနပါလအသင်းကြီး ကောဒသမအကြိမ်မြောက် ရန်အောင်မြင်ပရိယတ္တိသာသနပါလစာမေးပွဲကျင်းပ



သထုံ ဇန်နဝါရီ ၂၉

မွန်ပြည်နယ် သထုံမြို့နယ်တွင် ပရိယတ္တိသာသနာ့ဝန်ဆောင်ဆရာတော်များ ဦးဆောင်၍ နှစ်စဉ်ကျင်းပသည့် ရန်အောင်မြင် ပရိယတ္တိသာသနဟိတ အသင်းကြီး၏ ပရိယတ္တိသာသနပါလ စာမေးပွဲကိုယခုနှစ်တွင် ကောဒသမအကြိမ်မြောက်အဖြစ် ယနေ့မွန်းတည့် ၁၂ နာရီမှ စတင်ကာ သိမ်ကုန်းရပ်ကွက်ရှိ ရန်အောင်မြင်ကျောင်းတိုက်၌ ကျင်းပသည်။

စာမေးပွဲဖြေဆိုရာတွင် ဥပစာတန်း၌ ၃၆၇ ပါး၊ ဥပစာအငယ်တန်း၌ ၃၅၈ ပါး၊ ဥပစာအလတ်တန်း၌ ၃၃၇ ပါး၊ ဥပစာအကြီးတန်း၌ ၂ဝ၆ ပါး စုစုပေါင်း သံဃာတော်နှင့် သီလရှင် ၁၂၆၈ ပါးတို့က အဆင့်အလိုက် ဖြေဆိုတော်မူကြပြီး အလှူရှင်များက အချိုရည်များ၊ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းများကို ဆောင်ရွက်ပေးကြသည်။

အဆိုပါစာမေးပွဲကို ဇန်နဝါရီ ၂၉ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ယင်းစာမေးပွဲ၏ စာအောင်ပုဂ္ဂိုလ်များအား ဖေဖော်ဝါရီ ၅ ရက်တွင် ရန်အောင်မြင်ပရိယတ္တိသာသနပါလအသင်းက ဦးဆောင်၍စာအောင်ဆုများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# အသည်းအစားထိုးခွဲစိတ်ကုသမှု (ဒုတိယနေ့) ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၉**

တပ်မတော်တွင် အဋ္ဌမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှု ဒုတိယနေ့ကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) အထူးကုသမှုစင်တာ၌ ဆက်လက်ပြုလုပ်သည်။

အဆိုပါ အသည်းအစားထိုးခွဲစိတ်ကုသမှုတွင် လူနာ ဦးညီညီနှင့် အသည်းအလှူရှင် ဦးထွန်းထွန်းလင်းတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုဆောင်ရွက်ရာတွင် အသည်းအလှူရှင်ထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၉ နာရီခွဲတွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသော အသည်းကို ညနေ ၅ နာရီခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်း ဆောင်ရွက်ခဲ့ကာ စုစုပေါင်း ခွဲစိတ်ချိန် ၁၁ နာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်နှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သောပြုစုကုသမှုများကို သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အသည်းအစားထိုးခွဲစိတ်ကုသမှုကို တပ်မတော်မှ တာဝန်ရှိသူအရာရှိကြီးများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆောင်းရာသီတွင် ဖြစ်ပွားလေ့ရှိသော လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကူးစက်ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန် အသိပေးနှိုးဆော်ချက် (၁၃-၁-၂၀၂၅)

ဆောင်းရာသီကာလတွင် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားစေတတ်သော ရာသီတုပ်ကွေးရောဂါပိုးများ၊ ကိုဗစ် - ၁၉ ရောဂါပိုး၊ Human metapneumovirus(HMPV) ရောဂါပိုးစသည့် အဏုဇီဝရောဂါပိုးများ ကူးစက်ဖြစ်ပွားမှု မြင့်တက်လေ့ရှိပြီး ကလေးငယ်များ၊ အသက်အရွယ်ကြီးရင့်သူများနှင့် ကိုယ်ခံအားစနစ် ကျဆင်းနေသူများတွင် ရောဂါပိုမိုပြင်းထန်စွာ ခံစားရစေနိုင်သည်။

### ရောဂါကူးစက်ပုံနည်းလမ်းများ

- ရောဂါပိုးကူးစက်ခံစားနေရသူ၏ ချောင်းဆိုးခြင်း၊ နှာချေခြင်းတို့မှထွက်ရှိသည့် အစက်အမှုန်များ(Droplets) မှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးကူးစက်ခံစားနေရသူနှင့် အနီးကပ်ထိတွေ့ခြင်း၊ လက်ဆွဲနှုတ်ဆက်ခြင်းမှ တစ်ဆင့်ကူးစက်ခြင်း၊
- ရောဂါပိုးကပ်တင်နေသည့် အရာဝတ္ထုပစ္စည်းများ၊ မျက်နှာပြင်များအား လက်ဖြင့်ထိမိပြီး ပါးစပ်၊နှာခေါင်းနှင့် မျက်စိတို့အား ထပ်ဆင့်ထိမိရာမှ တစ်ဆင့်ကူးစက်ခြင်း။

### ရောဂါလက္ခဏာများ

- ချောင်းဆိုးခြင်း၊ ဖျားခြင်း၊ နှာစေးနာပိတ်ခြင်း၊ လည်ချောင်းနာခြင်း၊ အသက်ရှူကျပ်ခြင်း၊
- ရောဂါပြင်းထန်ပါက လေပွန်ရောင်ခြင်း၊ အဆုတ်ရောင်ခြင်း။

### ရောဂါကာကွယ်ရေးနည်းလမ်းများ

- ရောဂါသံသယလက္ခဏာများ ခံစားရပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ဝတ်ဆင်ခြင်း၊ ဆပ်ပြာနှင့်ရေ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်ဖြင့် စနစ်တကျလက်ဆေးခြင်း၊ နှာချေ၊ ချောင်းဆိုးပါက နှာခေါင်းနှင့် ပါးစပ်ကို လုံခြုံအောင်ဖုံးအုပ်ခြင်း၊ အခြားသူများနှင့် ခပ်ခွာခွာနေခြင်း။

**လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြစ်ပွားမှု မြင့်တက်လျက်ရှိသော ပြည်ပနိုင်ငံများသို့ သွားရောက်မည့်သူများအနေဖြင့် ရောဂါကူးစက်ခံရမှုမရှိစေရေး သတိပြုကာကွယ်ကြရန်နှင့် မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် သံသယလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ စောစီးစွာ သွားရောက်ပြသ၍ ကုသမှုခံယူကြရန် ဖြစ်ပါသည်။**

ကျန်းမာရေးဝန်ကြီးဌာန

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ် (စကု)တို့ ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ကျုံမင့်ကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၉**

ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်ရှိဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့် အတူလိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သောနယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ကျိုက်လတ်မြို့နယ် ကျုံမင့်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌အခြေပြု၍ အဆိုပါကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၁၆ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၇၄ ဦး၊ ခွဲစိတ်ရောဂါ ၁၉ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၅ ဦး၊ ကလေးရောဂါ ၅၃ ဦး၊ အရိုးရောဂါ ၆၄ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၄ ဦး၊ မျက်စိရောဂါ ၇၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၇၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ခြောက်ဦး၊ မျက်စိလူနာ ခြောက်ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၇ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၇ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သည့် လူနာသုံးဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိခဲ့ရသည်-

မျက်စိလည်း မကောင်းဘူး။ သွားတွေလည်း မကောင်းဘူး။ အဲဒါနဲ့လာပြတာပါ။ ဆရာဝန်တွေက အခမဲ့ဆေးလာကုပေးမယ်ဆိုတော့ ဝမ်းသာတာပေါ့။ လာမယ်ဆိုပြီး သတင်းကြားလိုက်ကတည်းက ပြမယ်ဆိုပြီး တကဲကဲလုပ်နေတာပါ။ အခုက အစစအရာရာ အဆင်ပြေတယ်လေ။ ကိုယ့်ရပ်ရွာနဲ့ နီးနီးနားနားလာကုတော့ လမ်းလျှောက်လာလို့ရတယ်။ အိမ်တိုင်ရာရောက်လာရောက် ကုသပေးသလိုပဲ။ အားလုံးရဲ့ကိုယ်စား အထူးပဲကျေးဇူးတင်ပါတယ်။




လေဖြတ်ထားလို့ အကြောတွေတက်တယ်၊ အကြောတွေဆိုင်းတယ်၊ မျက်လုံးတွေ မှုန်တာ သုံးနှစ်၊ လေးနှစ်လောက်ရှိပြီ၊ ဘာမှမလုပ်နိုင်ဘူး။ အပြင်ဆေးခန်းမှာ တစ်လတစ်ခါ ပြနေရတယ်။ အပြင်မှာပြရင် ပိုက်ဆံလည်း တော်တော်ပေးရပါတယ်။ ဒီမှာလာပြတော့ အခကြေးငွေ မပေးရတဲ့အတွက် အဆင်ပြေပါတယ်။ အခက်အခဲအနေနဲ့ကတော့ မထနိုင် မစားနိုင်ဖြစ်နေတာပါ။ အခုလို အခမဲ့နယ်လှည့် ဆေးကုသရေးအဖွဲ့က လာရောက်ကုသပေးတော့ ဆရာဝန်၊ ဆရာမတွေကို အထူးပဲကျေးဇူးတင်ပါတယ်။ နိုင်ငံတော်အကြီးအကဲတွေကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဝမ်းလည်း ဝမ်းသာပါတယ်။

**သတင်းစဉ်**



# ပါရီရာသီဥတုပြောင်းလဲမှုဆိုင်ရာ သဘောတူညီချက်မှ အမေရိကန်နိုင်ငံ နုတ်ထွက်မှု ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် စတင်အသက်ဝင်မည်



ပါရီ ဇန်နဝါရီ ၂၉

အမေရိကန်နိုင်ငံ ပါရီရာသီဥတုပြောင်းလဲမှုဆိုင်ရာ သဘောတူညီချက်မှ နုတ်ထွက်ရန် တရားဝင်အကြောင်းကြားစာ ရရှိထားကြောင်း ကုလသမဂ္ဂက ယမန်နေ့တွင် အတည်ပြုပြောကြားသည်။

အမေရိကန်ပြည်ထောင်စုသည် ပါရီသဘောတူညီချက်မှ နုတ်ထွက်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အား ဇန်နဝါရီ ၂၇ ရက်တွင် အကြောင်းကြားခဲ့ကြောင်း ကုလသမဂ္ဂအကြီးအကဲ အန်တိုနီယိုဂူတာရက်စ်၏ ပြောရေးဆိုခွင့်ရှိသူ စတီဖိန်ဒူဂျာရစ်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ၏ နုတ်ထွက်မှုသည် ပါရီသဘောတူညီချက်၏ အပိုဒ် ၂၈၊ အပိုဒ်ခွဲ ၂ အရ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် စတင်အသက်ဝင်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ထို့ပြင် ပါရီသဘောတူညီချက်အတွက် ကုလသမဂ္ဂ၏ ကတိကဝတ်များကို ထပ်မံအတည်ပြုပြီး ကမ္ဘာ့အပူချိန် ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်အထိ မြင့်တက်မှုကို ကန့်သတ်ရန် ထိရောက်သော ကြိုးပမ်းမှုအားလုံးကို ထောက်ခံကြောင်း စတီဖိန်ဒူဂျာရစ်က ဆက်လက်ပြောကြားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် သမ္မတရာထူးတာဝန်ကို ပြန်လည်ထမ်းဆောင်သည့်ပထမဆုံးနေ့တွင်ပင် အမေရိကန်နိုင်ငံကို ပါရီရာသီဥတုသဘောတူညီချက်မှ ဒုတိယအကြိမ် နုတ်ထွက်ရန် ခွင့်ပြုမိန့်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ဒေါ်နယ်ထရမ့် ဦးဆောင်သောအစိုးရသည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အမေရိကန်ပြည်ထောင်စုအား ပါရီသဘောတူညီချက်မှ ပထမအကြိမ်နုတ်ထွက်ခဲ့သည်။ ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် သမ္မတဟောင်း ဂျိုးဘိုင်ဒင်သည် အမေရိကန်နိုင်ငံကို ပါရီသဘောတူညီချက်တွင် ပြန်လည်ပါဝင်ရန် သဘောတူညီမှုရရှိပြီးနောက် ခွင့်ပြုမိန့်ကို လက်မှတ်ရေးထိုးခဲ့သည်။

ပါရီသဘောတူညီချက်မှ အမေရိကန်နုတ်ထွက်ရန် ဒေါ်နယ်ထရမ့်၏ ဆုံးဖြတ်ချက်သည် ရာသီဥတုအကျပ်အတည်းကို တိုက်ဖျက်ရန် နိုင်ငံတကာ၏ ကြိုးပမ်းအားထုတ်မှုအပေါ် ဆိုးကျိုးများစွာ သက်ရောက်စေမည်ဖြစ်သည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

## ထိုင်းနိုင်ငံက ယမန်နှစ်အတွင်း ဆန်စပါးတန်ချိန် ၉ ဒသမ ၉၅ သန်း တင်ပို့ခဲ့

ဗန်ကောက် ဇန်နဝါရီ ၂၉

ထိုင်းနိုင်ငံသည် ယမန်နှစ်အတွင်း ပြည်ပနိုင်ငံများသို့ ဆန်စပါးတန်ချိန် ၉ ဒသမ ၉၅ သန်း တင်ပို့ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၁၃ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း ယမန်နေ့တွင် တရားဝင်ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

### ၂၇ ရာခိုင်နှုန်း တိုးလာ

ယမန်နှစ်အတွင်း ဆန်စပါးတင်ပို့မှုမှ ဝင်ငွေဘတ် ၂၂၅ ဒသမ ၆၆ ဘီလီယံရရှိခဲ့ပြီး ၎င်းပမာဏသည် ၂၀၂၃ ခုနှစ်ကထက် ၂၇ ရာခိုင်နှုန်း တိုးလာကြောင်း ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ယခုကဲ့သို့ ဆန်စပါးတင်ပို့မှုမြင့်တက်လာရခြင်းမှာ ကမ္ဘာ့ဈေးကွက်တွင် ဝယ်လိုအား မြင့်တက်လာခြင်းနှင့် ဆန်စပါးတင်ပို့ရောင်းချခြင်းမှ ရရှိသည့်ဝင်ငွေဖြင့် နိုင်ငံ၏ စားရေရိက္ခာလိုအပ်ချက်များကို ဖြည့်တင်းနိုင်ခြင်းတို့ကြောင့် ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ လက်ရှိအချိန်တွင် ကမ္ဘာ့ဆန်စပါးတင်ပို့မှုဈေးကွက်တွင် ပြိုင်ဆိုင်မှုများပြင်းထန်နေကြောင်း သိရသည်။ ယခုနှစ်အတွင်း ထိုင်းနိုင်ငံအနေဖြင့် ဆန်စပါးတန်ချိန် ၇ဒသမ ၅သန်းသာ တင်ပို့နိုင်မည်ဟု အဆိုပါဝန်ကြီးဌာနက ခန့်မှန်းထားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

## အိန္ဒိယနိုင်ငံ၌ ဟိန္ဒူဘာသာရေးပွဲတော်တစ်ခုအတွင်း လူအုပ်ပြိုကျ၊ ခုနစ်ဦးထက်မနည်း သေဆုံး



နယူးဒေလီ ဇန်နဝါရီ ၂၉

အိန္ဒိယနိုင်ငံ၌ ဟိန္ဒူဘာသာရေးပွဲတော်တစ်ခုအတွင်း လူအုပ်ပြိုကျမှုဖြစ်ပွားခဲ့ရာ ခုနစ်ဦးထက်မနည်း သေဆုံးပြီး ၁၀ ဦးခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ကမ္ဘာ့အကြီးဆုံး ဟိန္ဒူဘာသာရေးပွဲတော်ဖြစ်သည့် “Kumbh Mela” ပွဲတော်ကို နိုင်ငံ၏ မြောက်ပိုင်း ဥတ္တရာပရာဒေ့ရှ်ပြည်နယ်တွင် ဇန်နဝါရီ ၁၃ ရက်က စတင်ကျင်းပလျက်ရှိသည်။

ဇန်နဝါရီ ၂၉ ရက်သည် ရက်သတ္တခြောက်ပတ်ကြာမြင့်သည့် အဆိုပါပွဲတော်၏ အမွန်မြတ်ဆုံးနေ့ဖြစ်သည်။

ပွဲတော်လာရောက် ဆင်နွှဲသည့် လူစုလူဝေးသည် အလွန်များပြားသည့်အတွက် ထိန်းမနိုင်သိမ်းမရဖြစ်ကာ ယခုကဲ့သို့ လူအုပ်ပြိုကျမှုဖြစ်ပွားခြင်းဖြစ်ကြောင်း ဒေသခံတစ်ဦးက အင်န်အိတ်ချ်ကေသတင်းဌာနသို့ ပြောကြားခဲ့သည်။

“Kumbh Mela” ပွဲတော်ကို နိုင်ငံအတွင်းရှိ သန့်စင်မွန်မြတ်သော နေရာလေးခုတွင် အလှည့်ကျ ကျင်းပလျက်ရှိကြောင်း သိရသည်။ ယခုနှစ် ပွဲတော်ကို ပရာယာဂျရစ်မြို့၌ လွန်ခဲ့သော ၁၂ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ကျင်းပခြင်းဖြစ်သည်။

ပွဲတော်ကို ဖေဖော်ဝါရီ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး လူဦးရေ သန်း ၄၀၀ ခန့် တက်ရောက်နိုင်ဖွယ်ရှိကြောင်း ဒေသခံအာဏာပိုင်များက ပြောသည်။

အိန္ဒိယနိုင်ငံ၌ ဘာသာရေးပွဲများတွင် လူအုပ်ပြိုကျမှု မကြာခဏဖြစ်ပွားလေ့ရှိသည်။ ပြီးခဲ့သည့် ဇူလိုင်လတွင် ဥတ္တရာပရာဒေ့ရှ်ပြည်နယ်၌ ကျင်းပသည့် ဟိန္ဒူဘာသာရေးပွဲတော်တစ်ခု၌ ၁၀၀ ကျော်သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## အင်ဒိုနီးရှားနိုင်ငံ မြောက်ကာလီမန်တန်ပြည်နယ်တွင် မော်တော်ဘုတ် တိမ်းမှောက်မှုဖြစ်ပွား



ဂျကာတာ ဇန်နဝါရီ ၂၉

အင်ဒိုနီးရှားနိုင်ငံ မြောက်ကာလီမန်တန် ပြည်နယ်တွင် ခရီးသည် ၁၆ ဦး စီးနင်းလာသည့် မော်တော်ဘုတ်တစ်စင်း နစ်မြုပ်မှု ဖြစ်ပွားခဲ့ကြောင်း ပြည်နယ်ရှာဖွေ ကယ်ဆယ်ရေးဆိုင်ရာ တာဝန်ရှိသူ ဆယာရေးက ပြောကြားသည်။

### တိမ်းမှောက်

၎င်း မော်တော်ဘုတ်သည် မြောက်ပိုင်း ကာလီမန်တန်ပြည်နယ် နန်ကန်ဒေသ နန်ကန်မြို့ရှိ ဆိပ်ကမ်းမှ ထွက်ခွာလာခဲ့ပြီး နန်ကန်ဒေသ ဆီမန်ဂရစ် ခရိုင်ခွဲရှိ ရေပြင်၌ ယနေ့မွန်းလွဲပိုင်းက တိမ်းမှောက်ခြင်း ဖြစ်ကြောင်း သိရသည်။

ယင်းမတော်တဆမှု ဖြစ်စဉ်တွင် လေးဦးသေဆုံးပြီး ရှစ်ဦးအား ကယ်ဆယ်နိုင်ခဲ့ကာ ပျောက်ဆုံးနေသူ လေးဦးကို ရှာဖွေနေကြောင်း ၎င်းက မှတ်ချက်ပြု ပြောကြားသည်။ လက်ရှိအချိန်တွင် အသက်ရှင်ကျန်ရစ်သူ ခရီးသည်များအား ဆေးဝါးကုသရေးအတွက် ဆေးရုံများသို့ ပို့ဆောင်ပေးခဲ့သည်။ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်သားများက ဆောင်ရွက်နေကြသည်။ ရေပြင်တွင် လှိုင်းများ မြင့်တက်လာမှုကြောင့် မော်တော်ဘုတ် တိမ်းမှောက်ခြင်း ဖြစ်သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

## လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီမှုများကို နိုင်ငံရေးအမြတ်ထုတ်မှုအနေဖြင့် မပြုလုပ်ရန် အာဖဂန် အိမ်စောင့်အစိုးရ ပြောကြား

ကဘူး ဇန်နဝါရီ ၂၉

အာဖဂန် အိမ်စောင့်အစိုးရသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီမှုများကို နိုင်ငံရေးအမြတ်ထုတ်မှုအနေဖြင့် လုပ်ဆောင်ခြင်း မပြုရန် နိုင်ငံတကာအသိုက်အဝန်းအား ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်အပါအဝင် အချို့နိုင်ငံများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို နိုင်ငံရေးနှင့် ရောထွေးစွာ လုပ်ဆောင်လျက်ရှိကြောင်း အာဖဂန်စီးပွားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်ကို ကိုးကားပြီး ဒေသတွင်း မီဒီယာ တိုလိုနယူးစ်က ယမန်နေ့တွင် သတင်းဖော်ပြသည်။

အမေရိကန်နိုင်ငံ၏ နိုင်ငံခြားအကူအညီပေးရေး အစီအစဉ်ကို ရက်ပေါင်း ၉၀ ကြာ ဆိုင်းငံ့သည့်ကြေညာချက်ထွက်ပေါ်လာပြီး ၎င်းက အထက်ပါအတိုင်း ဝေဖန်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အဆိုပါ ဆုံးဖြတ်ချက်သည် အကူအညီပေးရေးဆိုင်ရာ အေဂျင်စီအချို့၏ လုပ်ငန်းဆောင်တာများကို ထိခိုက်ပျက်ပြားစေမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အမေရိကန်က နိုင်ငံခြားအကူအညီပေးရေး အစီအစဉ်များကို ရပ်တန့်ရန်ဆုံးဖြတ်ပြီးနောက် အာဖဂန်နစ္စတန်နိုင်ငံ၌ အကူအညီပေးရေးအေဂျင်စီ ၅၀ ခန့်၏ လုပ်ငန်းဆောင်ရွက်မှုများ ရပ်ဆိုင်းခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# လောင်းလုံးမြို့နယ်နှင့် ရေဖြူမြို့နယ်အစပ်ရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်း၍ ပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရကြောင်း မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်ချိလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၉**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ်နှင့် ရေဖြူမြို့နယ်အစပ်ရှိ ကျေးရွာများကို ဇန်နဝါရီလပိုင်းမှစတင်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်း၍ ပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်ချိမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ နယ်မြေလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနယ်မြေများအတွင်း အကြမ်းဖက်သမားများ တရားမဝင်ခိုအောင်းစိမ့်ဝင်မှုမရှိစေရေးနှင့် အကြမ်းဖက်လုပ်ငန်းများ မလုပ်ဆောင်နိုင်စေရန်အတွက် လိုအပ်သော နယ်မြေလုံခြုံရေးလုပ်ငန်းများကို နေ့ညမပြတ် စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားပြီး စိုးရိမ်ထိတ်လန့်စေရန်နှင့် နယ်မြေတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ အခြေအမြစ်မရှိသည့် သတင်းအမှားများကို လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

# ကြံခင်းမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကြံခင်း ဇန်နဝါရီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့၌ မီးဘေးအန္တရာယ် မကျရောက်စေရန်နှင့် ကြိုတင်ကာကွယ်မှုများပြုလုပ်နိုင်ရန်အတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်းကာ ယနေ့ နံနက်ပိုင်းက မြို့မစည်ပင်သာယာဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေကို ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးမြင့်အောင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုနိုင် ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်စာရေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များက ဈေးကြီးအတွင်းရှိ မီးချိတ်မီးကပ်များ၊ သဲပုံး၊ ရေပုံးနှင့် ရေလောင်ကန်များအား ကြည့်ရှုစစ်ဆေးပြီး ကုန်စုံဆိုင်ခန်းများ၊ စက်ချုပ်ဆိုင်ခန်းများ၊ အထည်ဆိုင်များတွင် မီးသုံးစွဲမှုအခြေအနေများ၊ ဈေးဆိုင်ခန်းများရှိ မီးသတ်ဆေးဘူးများ အရေးပေါ်သုံးစွဲနိုင်မှု သက်တမ်း ရှိ/မရှိ၊ ဝိုင်ယာကြိုးများ ပေါက်ပြဲဆွေးမြည့်နေမှု ရှိ/မရှိ စသည့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အလားတူ ဘက်ရဲမြို့မဈေး၌ ဒုတိယမီးသတ်ဦးစီးမှူး ဦးစည်သူအောင်နှင့် ပူးပေါင်းအဖွဲ့များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဓနုဖြူမြို့ မြို့မဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်

**ဓနုဖြူ ဇန်နဝါရီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ယမန်နေ့က ဆောင်ရွက်ခဲ့သည်။

**သရုပ်ပြဇာတ်တိုက်လေ့ကျင့်**

ဓနုဖြူမြို့ မြို့မဈေးကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးဝင်းအောင်သူနှင့် ဝန်ထမ်းများ၊ မီးသတ်ဦးစီးမှူးနှင့်အဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များနှင့် ဈေးသူ ဈေးသားများ တွေ့ဆုံဆွေးနွေးကြပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ထားရှိမှုများကို ဈေးရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးကာ မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနောင်နောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးအသုံးပြုပုံနှင့် ဆီမီးလောင်မှုအား မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်မှုများကို သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြု ချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိ ထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဖော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင် နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံ ဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# အလုံမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

အလုံ ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့များက ယမန်နေ့ နံနက်ပိုင်းက ရေဝတီရပ်ကွက်သို့ကွင်းဆင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့သည်။



**ပူးပေါင်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ရာတွင် ခြင်ကြောင့် ဖြစ်ပွားနိုင်သော သွေးလွန်တုပ်ကွေး ရောဂါများ ကာကွယ်နိုင်ရေး၊ ပိုးလောက်လမ်းပေါက်ပွားမှုမှ ကာကွယ်နိုင်ရေး ရေတင်ကျန်နိုင်သော ဘူးခွက်များ၊ ရေပုံး၊ ရေအိုးများ၊ ဘုရားပန်းအိုးများကို ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ပြီး ရေတိုင်ကီနှင့် ကျောက်စည်ပိုင်း၊ ရေအုတ်ကန်များအတွင်း အဘိတ်ဆေးခတ်ခြင်း၊ ကျန်းမာရေးအသိပညာပေး ဟောပြောခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ ပြည်သူ့ကျန်းမာရေးဌာန (မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ရုံး)၊ မြို့နယ် ကြက်ခြေနီအသင်းတို့နှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ပြီး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ အရပ်ရပ်အခွင့်အရေးလိုင်စင်များ ဈေးပြိုင်စနစ်ဖြင့်လေလံရောင်းချ

မော်လိုက် ဇန်နဝါရီ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်အခွင့်အရေးလိုင်စင်များ ဈေးပြိုင်စနစ် လေလံရောင်းချပွဲအခမ်းအနားကို ဇန်နဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက မြို့တော်ခန်းမ၌ ကျင်းပသည်။



**ရှင်းလင်းပြောကြား**

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးကျော်မင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးရဲမင်းဇော်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက သားသတ်ခေါင်းခွန်ကောက်လိုင်စင်ကိစ္စနှင့်ပတ်သက်၍ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်ဇော်ထွန်းက အရပ်ရပ်အခွင့်အရေးလိုင်စင်များ လေလံဆွဲရာတွင်လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အရပ်ရပ်အခွင့်အရေး လိုင်စင် ၁၇ မျိုးတို့ကို ဈေးပြိုင်စနစ်ဖြင့် လေလံဆွဲသူ ၁၉ ဦးတို့က လေလံဆွဲခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မြိတ်မြို့၌ မီးခိုးမြူငွေ့အန္တရာယ်နှင့် လေထုညစ်ညမ်းမှုအကြောင်း အသိပညာပေးဟောပြော

မြိတ် ဇန်နဝါရီ ၂၉

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ မီးခိုးမြူငွေ့အန္တရာယ်နှင့် လေထုညစ်ညမ်းမှုအကြောင်း အသိပညာပေး ဟောပြောပွဲကို မြိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ကြီးမှူး၍ ယမန်နေ့က Polytechnic University (Myeik)၌ ပြုလုပ်ခဲ့ကြသည်။

အသိပညာပေးဟောပြောပွဲရာတွင် မြိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်လွင်က မီးခိုးမြူငွေ့အန္တရာယ်နှင့် လေထုညစ်ညမ်းမှုအကြောင်း သိကောင်းစရာများ နှင့် မီးခိုးမြူငွေ့၏ အဓိပ္ပာယ်၊ ဖြစ်ပေါ်လာပုံနှင့် အမျိုးအစားများ၊ မီးခိုးမြူငွေ့များ ထွက်ရှိလာသည့် မူလအရင်းအမြစ်များ၊ လေထုညစ်ညမ်းမှုကို အများဆုံးဖြစ်စေသည့်ဓာတ်ငွေ့များ၊ PM 2.5 ကြောင့် သက်ရှိလူသားများ၏ ကျန်းမာရေးအပေါ် ထိခိုက်နိုင်မှုများ၊ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများ၊ ကာကွယ်ရမည့် နည်းလမ်းများ၊ လိုက်နာဆောင်ရွက်သင့်သည့် နည်းလမ်းများ၊ အခြားနိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်ထားမှုများကို အသိပညာပေး ဟောပြောသည်။

ဟောပြောရာတွင် မမြင်နိုင်သော လူသတ်သမား PM2.5 အကြောင်း အသိပညာပေး ဗီဒီယိုကလစ်ကို ပြသပေးခဲ့ပြီး ဟောပြောပွဲသို့ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၇၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)









## ကော့ကရိတ်မြို့၌ မိသားစုအပိုဝင်ငွေရရှိစေရေး တစ်နိုင်တစ်ပိုင် စားဖိုဆောင်သီးနှံများစိုက်ပျိုး

**ကော့ကရိတ် ဇန်နဝါရီ ၂၉**

ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ်(၄) ရပ်ကွက်၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြသည့် တောင်သူများသည် မိသားစုစားဝတ်နေရေးအတွက် မိမိတို့၏ နေအိမ်ခြံဝင်း မြေကွက်လပ်တွင် စားဖိုဆောင်သုံး ဟင်းသီးဟင်းရွက်များ စိုက်ပျိုးကြသဖြင့် မိသားစုများ နေ့စဉ်ပုံမှန် အပိုဝင်ငွေ ရရှိလျက်ရှိကြောင်း သိရသည်။



အဆိုပါ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ကိုင်သူများသည် အိမ်ရှိမြေကွက်လပ်များတွင် မုန်လာ၊ ကန်စွန်း၊ ခဝဲ၊ ပဲသီး၊ ချဉ်ပေါင်နှင့် အခြားဟင်းသီးဟင်းရွက်များကို ရာသီအလိုက် စိုက်ပျိုးကြပြီး အပင်များ ရှင်သန်ကြီးထွားလာစေရေး၊ ပိုးမွှားအန္တရာယ်များ ကင်းဝေးစေရေးအတွက် သဘာဝမြေဩဇာများ ကျွေးခြင်း၊ ပိုးသတ်ဆေးများပက်ဖျန်းပေးခြင်း၊ ပြုစုပေါင်းသင် စိုက်ပျိုးလျက်ရှိရာ ထွက်ရှိလာသည့်ဟင်းသီးဟင်းရွက်များကို စားသုံးခြင်း၊ လက်ဆောင်ပေးခြင်း၊ ကော့ကရိတ်မြို့မဈေးတွင် ရောင်းချခြင်း၊ ခြံတွင်းသို့ ကိုယ်တိုင် လာရောက်ဝယ်ယူခြင်းလည်းရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ရေနံချောင်းမြို့နယ်၌ ကျောင်းတွင်း အာဟာရကျွေးမွေး

**ရေနံချောင်း ဇန်နဝါရီ ၂၉**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ အာဟာရဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဖြင့် မြို့နယ်အတွင်းရှိအခြေခံပညာကျောင်းများမှ KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က အိုးဘိုရပ်ကွက် အမက(၅) နှင့် ရွှေကြာငုံရပ်ကွက် အမက(၈)တို့တွင် ဆောင်ရွက်သည်။

**အသိပညာပေးဆောင်ရွက်**

ကျောင်းတွင်းအာဟာရကျွေးမွေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ကျော်လင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူး ဦးအေးဝင်းနှင့် ဆရာ ဆရာမများက အာဟာရပြည့်ဝပြီး ကျန်းမာရေးနှင့်ညီညွတ်သော အစာအာဟာရများကို သန့်ရှင်းစွာချက်ပြုတ်ပြင်ဆင်၍ ကျောင်းသား ကျောင်းသူများအား နေ့လယ်စာကျွေးမွေးခဲ့ပြီး အစာအာဟာရ၏ အရေးပါမှုနှင့် အစာအုပ်စုများအကြောင်းကို အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တပ်ကုန်းမြို့၌ ပြည်ထောင်စုနေ့အထိမ်းအမှတ် အမျိုးသား ဘောလုံးအားကစားပြိုင်ပွဲ ကျင်းပ



**တပ်ကုန်း ဇန်နဝါရီ ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်တွင် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အမျိုးသား ဘောလုံးအားကစားပြိုင်ပွဲကျင်းပလျက်ရှိရာ အနော်ရထာရပ်ကွက်အသင်းနှင့် ဆရာစံရပ်ကွက်အသင်းတို့ ယနေ့မွန်းလွဲ ၃ နာရီခွဲက မြို့နယ်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် တစ်ဂိုးစီဖြင့် သရေကျခဲ့ပြီး အနော်ရထာရပ်ကွက်အသင်းနှင့် ဆရာစံရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ပွဲ တစ်လျှောက်လုံး အကောင်းဆုံးအားကစားသမားဆုကို ဆရာစံရပ်ကွက်အသင်းမှ ကျောနံပါတ် (၄၁) နောက်တန်းအားကစားသမား မောင်အောင်ဇော်ထက်က ရရှိခဲ့ပြီး ဆုတံဆိပ်အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား အမျိုးသားဘောလုံးအားကစားပြိုင်ပွဲ ဆပ်ကော်မတီဝင် ဦးမိုးမင်းဦးက ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

■

❍ **ကျော့ဖုံးမှ**

ပွဲစဉ် (၈) တွင် ထိပ်ဆုံးမှ ဦးဆောင်နေသည့် TG United အသင်း ရှုံးပွဲကြုံတွေ့သည့်အပြင် ဒုတိယနေရာမှ 7 Dragon အသင်းနှင့် တတိယနေရာမှ JZ Yangon အသင်းနိုင်ပွဲရသဖြင့် အမှတ်ကွာဟမှု ကျဉ်းမြောင်းသွားပြီး ထိပ်ဆုံးနေရာအတွက် အပြိုင်ဖြစ်လာသည်။ ပွဲစဉ် (၈) တွင် Gold Dream အသင်းက KKY အသင်းကို လေးဂိုး–နှစ်ဂိုး၊ Black Cross အသင်းက 7 Brother အသင်းကို ခုနစ်ဂိုးပြတ်၊ 7 Dragon အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို သုံးဂိုး–နှစ်ဂိုး၊ Pacific Sun Far အသင်းက TG United အသင်းကို လေးဂိုး–နှစ်ဂိုး၊ YCDC Marga Youth အသင်းက လက်ဝဲသုန္ဒရအသင်းကို နှစ်ဂိုး–ဂိုးမရှိ၊ JZ Yangon အသင်းက Maryar အသင်းကို ခုနစ်ဂိုး–လေးဂိုးဖြင့် အနိုင်ရရှိသည်။

ပွဲစဉ် (၈) အပြီးတွင် TG United အသင်းက ၁၈ မှတ်၊ 7 Dragon အသင်းက ၁၇ မှတ်၊ JZ Yangon အသင်းက ၁၆ မှတ်၊ Pacific Sun Far အသင်းနှင့် Black Cross အသင်းတို့က ၁၄ မှတ်စီ၊ Gold Dream အသင်းက ၁၂ မှတ်၊ KKY အသင်းက ၁၁ မှတ်၊ YCDC Marga Youth အသင်းက ကိုးမှတ်၊ လက်ဝဲသုန္ဒရအသင်းနှင့် ရွှေပြည်သာယူနိုက်တက် အသင်းတို့က ခုနစ်မှတ်စီ၊ Maryar အသင်းက ခြောက်မှတ်၊ 7 Brother အသင်းက သုံးမှတ် ရရှိထားသည်။

**သတင်း – ကိုညီလေး**

**ဓာတ်ပုံ – MFF**

❂ MFF မှ

လိဂ်–၁ ပြိုင်ပွဲ ပွဲစဉ် (၈) အဖြစ် MIU အသင်းနှင့် လက်ရှိချန်ပီယံ VUC အသင်း၊ Generations အသင်းနှင့် SGF အသင်း၊ Winner Soccer အသင်းနှင့် YRG အသင်း၊ ဖူဆယ်ချစ်သူအသင်းနှင့် YCDC Marga အသင်း၊ MH Dream Team အသင်းနှင့် M2K အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၇) အပြီးတွင် MIU အသင်းက ၁၉ မှတ်၊ MH Dream Team အသင်းက ၁၇ မှတ်၊ YRG အသင်းက ၁၂ မှတ်၊ M2K အသင်းနှင့် Generations အသင်းတို့က ၁၁ မှတ်စီ၊ VUC အသင်းက ၁၀ မှတ်၊ Winner Soccer အသင်းနှင့် YCDC Marga အသင်းတို့က ငါးမှတ်စီ၊ ဖူဆယ်ချစ်သူအသင်းက လေးမှတ်၊ SGF အသင်းက သုံးမှတ် ရရှိထားသည်။

ပထမအကျော့ပြီးဆုံးရန် နှစ်ပွဲအလိုတွင် ရာသီဝက်ချန်ပီယံဆုအတွက် MIU အသင်းနှင့် MH Dream Team အသင်းတို့ အပြိုင်ဖြစ်နေပြီး ယင်းနှစ်သင်းသည် လက်ကျန်နှစ်ပွဲစလုံး ပွဲကျပ်ကစားရမည်ဖြစ်သောကြောင့် အမှားမခံသည့် အခြေအနေဖြစ်နေသည်။ **ကိုညီလေး**

■ ONE–171 မှ

အောင်လအန်ဆန်အတွက် ယခုပွဲမှာ ၂၀၂၅ ခုနှစ်တွင် ပထမဆုံး ထိုးသတ်ခွင့်ရမည့်ပွဲဖြစ်ပြီး နိုင်ပွဲရယူနိုင်ရန် လိုအပ်နေသည်။

အောင်လအန်ဆန်သည် ပရော်ဖက်ရှင်နယ် MMA ကစားသမားဘဝ ၄၅ ပွဲ ထိုးသတ်ထားရာ ပွဲ ၃၀ နိုင်၊ ၁၄ ပွဲရှုံးနိမ့်ထားပြီး တစ်ပွဲကိုမူ အရှုံးအနိုင်သတ်မှတ်ထားခြင်းမရှိပေ။

**သတင်း – ရှိုင်းထက်ဇော်**

**ဓာတ်ပုံ – ONE Championship**

**အားကစားမြင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMSများကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



## UNIT-4

### ကျောင်းသို့ သွားပါ မနီ

*မနီကလေး ဘယ်ကိုသွား*
*စာသင်ကျောင်းကို သွား။*
*စာသင်ကျောင်းက ဘာတွေသင်*
*စာရေး စာဖတ် သင်။*
*စာရေး စာဖတ် ဘာလုပ်ဖို့*
*မနီ လိမ္မာဖို့ ။*

**ကဗျာဆရာကြီး တင်မိုး**

ငယ်စဉ်ကလေးဘဝကတည်းက "ကျောင်းသို့ သွားပါ မနီ" အမည်ရှိ ကဗျာသည် ကျွန်တော့်နှလုံးသားထဲ လေးလေးနက်နက် ပွဲတင်ထပ်ခဲ့သည်။ စွဲလမ်းစေခဲ့သည်။ မြန်မာနိုင်ငံမှ ကျောင်းသူလေး၏ဇာတ်ကောင်ကို ပုံဖော်ထားသော မနီသည် နိုင်ငံတွင်းရှိ ကျောင်းသား ကျောင်းသူများ၏ သင်္ကေတဖြစ်သော အဖြူရောင်နှင့် အစိမ်းရောင် ကျောင်းဝတ်စုံကို ဝတ်ဆင်ကာ လုံ့လဝီရိယရှိသော၊ ယဉ်ကျေးလိမ္မာသော ကျောင်းသူလေးတစ်ဦးဖြစ်သည်။

ဤရိုးရှင်းသောပုံရိပ်လွှာသည် သူ၏ အပြစ်ကင်းစင်မှုနှင့် ခံနိုင်ရည်အားရှိမှုသာမက မြန်မာနိုင်ငံရှိ မရေမတွက်နိုင်သော ကျောင်းသားများ၏ နေ့စဉ်ဘဝကိုလည်း ထင်ဟပ်စေသည်။ မနီ၏ ကွက်ကွက်ကွင်းကွင်း သရုပ်ဖော်ပုံသည် ကျွန်တော်၏ ကျောင်းနေစဉ်အချိန်များကို အမှတ်ရစေကာ ရိုးရှင်းပြီး နှလုံးသားလှသော အခိုက်အတန့်များကို သတိရစေသည်။

ကျွန်တော်တို့လည်း မနီကဲ့သို့ပင် လိမ္မာရန်အတွက် စာသင်ကျောင်းဟုဆိုသည့် "အခြေခံပညာ မူလတန်းကျောင်း" မှ စတင်ကာ ကျောင်းအဆင့်ဆင့်တက်ခဲ့ကြသည်။ လိမ္မာခြင်းသည် လူ့အရည်အသွေးများကို ပိုင်ဆိုင်လာခြင်းပင် ဖြစ်ပါလိမ့်မည်။

ကျောင်းများသည် ပညာရေးအတွက်သာမက ဝေဖန်ပိုင်းခြား တွေးခေါ်မှုနှင့် ဘဝတိုးတက်မှုကို မြှင့်တင်ပေးသည့် ပတ်ဝန်းကျင်များဖြစ်သည်။ ကျောင်းများသည် ကျောင်းသားများအား မတူကွဲပြားသော လုပ်ဖော်ကိုင်ဖက်များနှင့် အပြန်အလှန် ဆက်ဆံရန်၊ မိမိကိုယ်ကို အားကိုးမှုနှင့် အသိုင်းအဝိုင်းကို မြှင့်တင်ရန် သင်ကြားပေးသည်။ ပညာရေးသည် အမှားအမှန်ကို ပိုင်းခြားသိမြင်နိုင်ပြီး လူ့အဖွဲ့အစည်းကို အကျိုးပြုနိုင်သော နိုင်ငံ့သားကောင်းများ မွေးထုတ်ပေးရန် ရည်ရွယ်သည်။ ကျောင်းများသည် ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်လေးစားမှုနှင့် စာနာမှုစသည့် တန်ဖိုးများ တိုးပွားစေကာ အနာဂတ်စိန်ခေါ်မှုများအတွက် ကျောင်းသားများကို ပြင်ဆင်ပေးသည်။ တစ်သက်တာသင်ယူမှု၏ အရေးပါမှုနှင့် ပြဿနာများကို ဖြေရှင်းနိုင်စွမ်းကိုလည်း အလေးပေးသည်။ အဆုံးစွန်အားဖြင့် ကျောင်းများသည် အသိပညာရှိစေရုံသာမက လူမှုအသိုင်းအဝိုင်းများ၏ သုခချမ်းသာအတွက်ပါ လူတစ်ဦးချင်းစီကို ပြုစုပျိုးထောင်ပေးသည်။

**အင်္ဂလိပ်စာကြောင်းများကို လက်တွေ့ကျကျ ရေးကြပါစို့ –**

- Schools are more than just places to study.
  ကျောင်းများသည် စာကျက်ရန်နေရာများထက် ပိုပါသည်။
- They help students think critically and grow as individuals.
  ကျောင်းသားများအား ဝေဖန်ပိုင်းခြား တွေးခေါ်တတ်စေရန်နှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာတိုးတက်မှုကို မြှင့်တင်ရန် တွန်းအားပေးပါသည်။
- Schools encourage students to understand the world around them.
  ကျောင်းများသည် ကျောင်းသားများအား ၎င်းတို့ပတ်ဝန်းကျင်ရှိ ကမ္ဘာကြီးကို နားလည်ရန် အားပေးသည်။
- Schools are places of learning and personal development.
  ကျောင်းများသည် သင်ယူမှုနှင့် စာရိတ္တဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးသောနေရာများဖြစ်သည်။
- Students learn to interact with others from different backgrounds.
  ကျောင်းသားများသည် မတူညီသော နောက်ခံများရှိ အခြားသူများနှင့် အပြန်အလှန် ဆက်ဆံတတ်ရန် သင်ယူကြသည်။
- Teachers help students develop social skills and build a sense of community.
  ဆရာများသည် ကျောင်းသားများအား လူမှုဆက်ဆံရေးစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူမှုအသိုင်းအဝိုင်း၏ အားလုံးပါဝင်နိုင်သောပတ်ဝန်းကျင်ကို တည်ဆောက်ရန် ကူညီပေးပါသည်။
- Education helps create good citizens.
  ပညာရေးသည် နိုင်ငံ့သားကောင်းများကို ဖန်တီးပေးသည်။
- Humane individuals are empathetic and responsible.
  လူသားဆန်သော ပုဂ္ဂိုလ်များသည် စာနာနားလည်ပြီး တာဝန်သိသည်။
- Schools prepare students for the future.
  ကျောင်းများသည် ကျောင်းသားများကို အနာဂတ်အတွက် ပြင်ဆင်ပေးသည်။
- Schools provide equal access to education for all.
  ကျောင်းများသည် အားလုံးအတွက် တန်းတူရည်တူ ပညာသင်ယူခွင့်ပေးသည်။
- Students learn to appreciate differences and live in peace.
  ကျောင်းသားများသည် မတူကွဲပြားမှုများကို တန်ဖိုးထားတတ်ရန် သင်ယူကြပြီး ငြိမ်းချမ်းစွာ နေထိုင်ကြသည်။
- Schools help students overcome challenges.
  ကျောင်းများသည် ကျောင်းသားများအား စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် ကူညီပေးပါသည်။
- Successful people learn to face problems.
  အောင်မြင်သူများသည် ပြဿနာများကို ရင်ဆိုင်ရန် သင်ယူကြသည်။
- Schools teach students to approach challenges systematically.
  ကျောင်းများသည် ကျောင်းသားများအား စိန်ခေါ်မှုများကို စနစ်တကျ ချဉ်းကပ်တတ်စေရန် သင်ကြားပေးပါသည်။
- Education is a lifelong journey.
  ပညာရေးသည် တစ်သက်တာခရီးဖြစ်သည်။
- Schools nurture curiosity and intellectual growth.
  ကျောင်းများသည် စူးစမ်းလိုစိတ်နှင့် ဉာဏ်ရည်ဉာဏ်သွေး တိုးတက်မှုကို ပြုစုပျိုးထောင်ပေးသည်။
- Schools help students develop leadership skills.
  ကျောင်းများသည် ကျောင်းသားများအား ခေါင်းဆောင်မှုစွမ်းရည်များ တိုးတက်စေရန် ကူညီပေးသည်။

စာကြောင်းများကို စာပိုဒ်များအဖြစ် ပြန်လည်ရေးသားနိုင်ပါသည်။

Schools are more than places to study; they nurture curiosity, intellectual growth, and critical thinking while fostering personal development. They prepare students for the future, encourage appreciation of diversity, and promote peace and collaboration.

By teaching social skills, empathy, and leadership, schools help build a sense of community and responsible citizens. Additionally, they provide equal access to education, helping students overcome challenges systematically and embark on a lifelong journey of learning.

## Let's write in English daily, young ones.

## လူငယ်တွေ . . . အင်္ဂလိပ်လို နေ့စဉ်ရေးကြရအောင် . . .

**စိုင်းအောင်မြင့် (ရှမ်းအိုးစည်-တာချီလိတ်)**

---

# သဒ္ဒါနည်းအမှားများ

**လှသမိန်**

မြန်မာစာရေးသားရာတွင် သဒ္ဒါနည်းအမှားများကို ရေးသားမိတတ်ကြသည်။ ဤတွင် သဒ္ဒါဟုဆိုရာ၌ နာမ်၊ ကြိယာ၊ နာမဝိသေသန စသည်တို့ကို ကျွမ်းကျင်စွာအမျိုးအစားခွဲနိုင်သည့် အတတ်ပညာအထိ ကျယ်ပြန့်စေလိုခြင်းမရှိပေ။ အစဉ်သဖြင့် ရေးရိုးရေးစဉ်အတိုင်း ရေးသားကြရာ၌ ထိုသို့ရေးစဉ် ယွင်းချွတ်ခြင်းကိုသာ ဆိုလိုပေသည်။ ရေးစဉ် ချွတ်ယွင်းသော် အဓိပ္ပာယ်ဆိုလိုရင်းသည်လည်း တိမ်းယိမ်းလေသည်။ နားထောင်ရာ၌လည်း နားကလောလေသည်။ ရေးရိုးရေးစဉ် မသိမကျွမ်းရာလည်း ရောက်လေသည်။ ထို့ကြောင့် သဒ္ဒါနည်းအမှားများကို အမှန်ပြင်ဆင်ချက်နှင့်တကွ ပြင်ဆင်ရခြင်းအကြောင်း အတိုချုပ်တို့ကိုပါ ရှင်းဖွင့် ဖော်ပြလိုက်ပေသည်။

**လိုက်**

၁။ **အမှား။** ထိုစာအုပ်**သည်** အလွန်ကောင်း၏၊ ထို့ကြောင့် အုပ်ရေတစ်သောင်း ရောင်း**လိုက်ကြ**ပြီးပြီ။
**အမှန်။** ထိုစာအုပ်သည် အလွန်ကောင်း၏။ ထို့ကြောင့် အုပ်ရေတစ်သောင်း ရောင်းရပြီးပြီ။

**အကြောင်းပြ။** ထို့ကြောင့်...စသော ဒုတိယဝါကျတွင် ကတ္တားမရှိပါချေ။ မည်သို့ပင်ဖြစ်စေ ပထမဝါကျနှင့် ဆက်နေ၍ ကတ္တားသည်"စာအုပ်"ပင် ဖြစ်ကြောင်း ထင်ရှားသည်။ ထို့ကြောင့် "အုပ်ရေတစ်သောင်း"သည် အဖြည့်သာဖြစ်၏။

စာအုပ်သည် အုပ်ရေတစ်သောင်း ရောင်းလိုက်ကြပြီးပြီ၊ စာအုပ်သည် အုပ်ရေတစ်သောင်း ရောင်းရပြီးပြီ။

ဤဝါကျနှစ်ခုကို နှိုင်းယှဉ်ကြည့်နိုင်သည်။ "စာအုပ်"သည် ရောင်းသူမဟုတ်၊ "အရောင်းခံပစ္စည်း"မျှသာဖြစ်၍ **လိုက်** သုံးရန်မလိုချေ။

**စေ**

၂။ **အမှား။** လက်သမားသည် ပစ္စည်းအပ်သူ ကျေနပ်**စေအောင်** ကြိုးစားသည်။
**အမှန်။** လက်သမားသည် ပစ္စည်းအပ်သူ ကျေနပ်**အောင်** ကြိုးစားသည်။

**အကြောင်းပြ။** "စေ"သည် ကတ္တားကို ကံဖြစ်စေနိုင်သည်။

ကျွန်တော် သူ့ကိုပေးသည်။
ကျွန်တော် သူ့ကိုပေးစေသည်။

ဤဝါကျနှစ်ခုကို နှိုင်းယှဉ်လျှင် ပထမဝါကျ၌ (ကျွန်တော်) ကပေး၍၊ ဒုတိယဝါကျ၌ သူကသာ ပေးရလေသည်။ ထိုနည်းတူ လက်သမားက ပစ္စည်းအပ်သူအားသာလျှင် ကျေနပ်အောင်လုပ်သည်။ ပစ္စည်းအပ်သူက လက်သမားအား ကျေနပ်အောင် ပြုခိုင်းသည်မဟုတ်ချေ။ ထို့ကြောင့် "စေ"မလိုပေ။

**အဘယ်ကြောင့်ဆိုသော်**

၃။ **အမှား။** သူသည် သွေးသားစင်ကြယ်၏။ အဘယ်ကြောင့်ဆိုသော် ရေများစွာ **သောက်၏။**
**အမှန်။** သူသည် သွေးသားစင်ကြယ်၏၊ အဘယ်ကြောင့်ဆိုသော်ရေများစွာ**သောက်သောကြောင့်** ဖြစ်၏။

**အကြောင်းပြ။** အဘယ်ကြောင့်ဖြစ်သနည်းဟု ဆိုရသည်ရှိသော် ဟူ၍ အစချီထားခဲ့လျှင် နောက်ဆုံး၌ ထိုစကားပြေလည်အောင်

**သောကြောင့်တည်း။**
**ခြင်းကြောင့်ပင်ဖြစ်သည်။**
**သည့်အတွက်ကြောင့်** ဟူ၏။

စသည်ဖြင့် အကွပ်အသိမ်းစကားတစ်ခုခု လိုအပ်သည်။

အကယ်၍–

သူသည် သွေးသားစင်ကြယ်၏။ ထိုသို့စင်ကြယ်စေရန် ရေများစွာသောက်၏။

ဟူ၍ (အဘယ်ကြောင့်ဆိုသော်) မပါဘဲရေးလျှင်ကား မှန်ကန်မည်သာဖြစ်သည်။

**မှာ**

၄။ **အမှား။** ဆရာပြောသည်**မှာ** ကြိုးစားကြ။
**အမှန်။** ဆရာပြောသည်**မှာ** ကြိုးစားကြ**ဟူ၍ ဖြစ်၏။**
တစ်နည်း (ဆရာက ကြိုးစားကြရန် ပြောသည်)။

**အကြောင်းပြ။ မှာ** ဟူသောစကားမှာ ဖြစ်ကြောင်းရှိကြောင်း ကြိယာတစ်ခုခုအဆုံးသတ်ရန် ခင်းထားသောစကားဖြစ်၍ အဆုံးကွပ်ရန် လိုနေသည်။ **မှာ** ...ဟု အစချီပြီး ထိုတန်းလန်းစာပိုဒ်နှင့် ပြန်၍ ဆက်သည့် စကားလုံးမပါဘဲ တစ်ပိုင်းတစ်စ ထားခဲ့ခြင်းသည် မပြည့်စုံ၊ မမှန်ကန်ချေ။

**သည်**

၅။ **အမှား။** အိမ်**သည်** တံခါးရွက်ရှိ၏။
**အမှန်။** အိမ်**မှာ** တံခါးရွက်ရှိ၏။ (၌) ကိုလည်း သုံးနိုင်သည်။

**အကြောင်းပြ။** "သည်" ဟူသော ကတ္တားနောက်လိုက်စကားလုံးသည် ပြုခြင်းကြိယာ၊ ဖြစ်ခြင်းကြိယာအတွက်သာဖြစ်သည်။ ရှိခြင်းကြိယာအတွက် ၌၊ မှာ စသော ဝိဘတ်စကားလုံးမျိုးကိုသာ သုံးရသည်။

**(ဆက်လက်ဖော်ပြပါမည်)**

**ဆရာကြီး လှသမိန်၏ "မှားတတ်သော မြန်မာစာအရေးအသား (အမှန်ရေးနည်း)" စာအုပ်မှ ကူးယူဖော်ပြပါသည်။**

# လေပြင်းဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

## လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပြန်တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင်စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

## လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။



၃

## လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါက အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄

၄။ လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့မဟုတ်) ခိုင်ခံ့သော အရာဝတ္ထုတစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။



၅။ အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

## လေပြင်းတိုက်ခတ်စဉ် မိုးသီးကြွေခြင်း၊ မိုးထစ်ချုန်းရွာခြင်း ဖြစ်ပေါ်ပါက သတိပြုလိုက်နာရန် အချက်များ

၁။ လယ်ကွင်း၊ ကွင်းပြင်ထဲ နေထိုင်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။



၂။ မဖြစ်မနေ အိမ်အပြင်သို့ ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများ ဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။

၃။ တီဗွီ၊ ရေဒီယို၊ လျှပ်စစ် ထမင်းအိုး၊ လျှပ်စစ်မီးပူ စသည့် လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။

၅

၄။ သစ်ပင်၊ ဓါတ်တိုင် နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်။



၅။ မိုးသည်းထန်စွာရွာသွန်းနေစဉ် မိုးကြိုးပစ်နိုင်သောကြောင့် လျှပ်စီးနိုင်သော လက်ကိုင်ဖုန်း၊ သံနှင့်သတ္တုပါဝင်သော ပစ္စည်းများကို အသုံးပြုခြင်း၊ ကိုယ်နှင့်တစ်ပါတည်းထားခြင်းမှ ရှောင်ကြဉ်ပါ။

## လေပြင်းတိုက်ခတ်ပြီးနောက် ဆောင်ရွက်ရန် အချက်များ

၁။ ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့် အတူပူးပေါင်းပါဝင် ဆောင်ရွက်ပါ။



၆

၂။ ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓါတ်တိုင်များ၊ ဓါတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများမှ ဝေးရာတွင်နေပါ။ သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပါ။ ကူညီရှင်းလင်းပါ။



၃။ ထိခိုက်ဒဏ်ရာရရှိပါက ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုများကို ခံယူပါ။



၇

၄။ ထိခိုက်လွယ်အုပ်စုများ (ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်၊ မသန်စွမ်း၊ သက်ကြီးရွယ်အို စသည့်) အကူအညီ လိုအပ်ပါက တတ်စွမ်းသရွေ့ ပေါင်းစပ်ကူညီပေးပါ။



၅။ ယာယီ အခိုအကာလိုအပ်ပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ ဆက်သွယ်အကူအညီ တောင်းခံပါ။

**သဘာဝဘေးအန္တရာယ်ကြုံတွေ့လျှင်ဆက်သွယ်ရန်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန
ရုံးအမှတ်(၂၃)၊ နေပြည်တော်
၂၄ နာရီဆက်သွယ်ရန် - ၀၆၇ - ၃၄၀၄၆၆၆၊ ၀၆၇ - ၃၄၀၄၇၇၇
Email - ddmrelief.lm@gmail.com,
reliefupper2022@gmail.com,
myanmareoc.rrd@gmail.com

၈

# ဧရာဝတီတိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အစည်းအဝေးကျင်းပ



ပုသိမ် ဇန်နဝါရီ ၂၉

ဧရာဝတီတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အစည်းအဝေး(၁/၂၀၂၅)ကို ယမန်နေ့ညနေပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ဧရာဝတီတိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဝင် ဌာနဆိုင်ရာများ တက်ရောက်ကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်အနေဖြင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများတွင် ပြည်သူများ နစ်နာမှုမရှိစေရေးနှင့် မြေသိမ်းမှုပြဿနာများ အလျင်အမြန်ဖြေရှင်းပေးနိုင်ရေးအတွက် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပြီး တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအနေဖြင့် တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်နှင့် ရပ်/ကျေးအဆင့် အဖွဲ့များ ဖွဲ့စည်းထားရှိခဲ့ပြီး တိုင်းဒေသကြီးအတွင်း လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှု မရှိစေရေးအတွက် မြေသိမ်းဆည်းမှု ပြဿနာများကို လျင်မြန်စွာ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခု အစည်းအဝေးတွင် အမှုတွဲကိုးတွဲ ထပ်မံတင်ပြ ဆွေးနွေးမည်ဖြစ်ပြီး ရရှိလာသည့် ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်များနှင့်အတူ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်သွားရမည်ဖြစ်သည့်အတွက် တက်ရောက်လာကြသည့် ကော်မတီဝင်များက ဝိုင်းဝန်းဆွေးနွေး အကြံပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူးက ယခု လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ ပေးပို့လာသည့် အမှုတွဲများအပေါ် ဆောင်ရွက်ထားမှုအခြေအနေများ၊ ယခင်လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ ပေးပို့လာသည့် အမှုတွဲများအပေါ် ဆောင်ရွက်ထားမှု အခြေအနေများ၊ ဆောင်ရွက်ရန်ကျန်ရှိသည်များ၊ အမှုပိတ်သိမ်းနိုင်မည့် အမှုတွဲများအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များက အမှုတွဲကိစ္စရပ်များနှင့်ပတ်သက်၍ ဆက်လက်ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တာလေမြို့၌ မိုးစပါးစိုက်ခင်းအတွင်း သဲ၊ နုန်းများ ဝင်ရောက်၍ ပျက်စီးသွားသောလယ်များ ပြန်လည်ပြုပြင်ရန် ခက်ခဲလျက်ရှိ



တာလေ ဇန်နဝါရီ ၂၉

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာလေမြို့နယ် နားယောင်းအုပ်စု ပါခါးနွံ၊ ပါဟုတ်နှင့် ပါခါးလုံ ကျေးရွာမှ ဒေသခံတောင်သူအချို့ မိုးစပါး စိုက်ခင်းအတွင်း သဲ၊ နုန်းများ ဝင်ရောက်၍ ပျက်စီးသွားသော လယ်များအား ပြန်လည်ပြုပြင်ရန် အခက်အခဲများ ဖြစ်နေကြောင်း သိရသည်။

ရာဂီမုန်တိုင်းကြောင့် မိုးအဆက်မပြတ်ရွာသွန်းပြီး တောင်ပေါ်မှ သဲ၊ နုန်းများဝင်ရောက်ခြင်း၊ မြစ်ရေလျှံခြင်းများ ဖြစ်ပွားခဲ့ရာ တာလေမြို့နယ် နားယောင်းအုပ်စု ပါခါးနွံ၊ ပါဟုတ်နှင့် ပါခါးလုံ ကျေးရွာမှ တောင်သူများ စိုက်ပျိုးဆဲ မိုးစပါးစိုက်ခင်းအချို့ ထိခိုက်ပျက်စီးခဲ့သည့်အပြင် တောင်သူများ ကုန်ထုတ်လုပ်ရာတွင် အသုံးပြုနေသည့်ပါဟုတ်တံတားတစ်စင်းလည်း ပျက်စီးဆုံးရှုံးခဲ့သည်။

အဆိုပါ ပါဟုတ်တံတားကို ၂၀၁၂ ခုနှစ်က ပါဟုတ်ရွာမှ နမ့်လင်းချောင်း တစ်ဖက်ကမ်းရှိ ပါဆန်း (အာခါ)၊ လောခါး၊ ဟကျတိပ၊ ဗေသလ၊ ကျကူနီစသည့် ကျေးရွာများအထိ တောင်သူများ ကုန်ထုတ်လုပ်ရာတွင် အဆင်ပြေချောမွေ့စေရန် ရည်ရွယ်၍ နိုင်ငံတော်ဘတ်ဂျက်ဖြင့် သံကူတံတား တစ်စင်း တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း ရေလွှမ်းမိုးမှုကြောင့် ပျက်စီးခဲ့သဖြင့် ပြန်လည်တည်ဆောက်ပေးရန် မျှော်လင့်လျက်ရှိသည်။

"မြုပ်ထားတဲ့ မြေတွေ နွေရာသီမှာ မာလား မမာလား ကြည့်ရမယ်၊ အခုက နေပူလိုက်တော့ အဲဒီမြေက ကွဲသွားတယ်၊ မိုးရွာရင် နွံ့ဖြစ်သွားမလား ထွန်စက်ဝင်နိုင်လား မဝင်နိုင်ဘူးလား အဲဒါကိုစောင့်ကြည့်ရမယ်၊ အခုက လယ်ကန်သင်းတွေလည်း ပျောက်ကုန်ပြီ" ဟု ပါဟုတ်သင်းအုပ်ဆရာ ဦးမာကုက ပြောသည်။

ထိုသို့ ပါဟုတ်တံတား ပျက်စီးဆုံးရှုံးမှုကြောင့် တောင်သူများ ကုန်ထုတ်လုပ်ရာတွင် အခက်အခဲဖြစ်ပေါ်လျက်ရှိပြီး ပျက်စီးသွားသော လယ်များအား ပြန်လည်ပြုပြင်ရန်အတွက် လူ၊ ကျွဲ၊ နွားနှင့် ထွန်စက် စသည့် စက်ယန္တရားများ သွားလာရန် ခက်ခဲနေကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လှုပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လှုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက်မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှု ဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# ခြင်ရန်တွေနှိမ်နင်းမယ့် ကိုယ်ရံတော်တပ်မှူးလေး

ဆရာသောင်း(ရမည်းသင်း)



“တကယ်ပဲ သူ့ကြောင့်သာ ခက်တယ် ခက်တယ်”

“အံမယ်… သီချင်းလေး တအေးအေးနဲ့ ဘယ်သူ့ကြောင့်များ ခက်နေတာတုံး မိန်းမရဲ့”

“အို. . . ခြင်တွေကိုက်လွန်းလို့ ညည်းနေတာပါတော်. . .”

“ဩော်. . . . မိန်းမရယ်. . . ခြင်ကိုက်တာများ အဆန်းလုပ်ပြီး ညည်းနေသေးတယ်။. . . သူတို့လည်းဆာလို့ကိုက်တာနေမှာပေါ့လို့”

“အို. . . ဒီလိုပြောင်ချော်ချော်တော့ မပြောပါနဲ့ ‘ကို’ရယ်. . . ခြင်ကိုက်ရင် ငှက်ဖျားရောဂါတို့၊ သွေးလွန်တုပ်ကွေးရောဂါတို့၊ ဆင်ခြေထောက်ရောဂါတို့ ဖြစ်တတ်တယ်ဆိုတာ ‘ကို’လည်း သိရဲ့သားနဲ့”

“အေးပါကွာ .. .. အလကား စတာပါ။ ခြင်မကိုက်စေချင်ရင် ခြင်မလာအောင် သန့်ရှင်းရေးလုပ်ရင်ရပါတယ်။ ခြင်ဆိုတာ အိမ်တွင်း၊ အိမ်ပြင်နဲ့ ကိုယ့်ဝင်းခြံထဲမှာ သန့်ရှင်းအောင်နေရင် မကိုက်ပါဘူး မိန်းမရဲ့”

“အို. . . . ဒီလို ပြီးစလွယ်တော့ မပြောပါနဲ့ ‘ကို’ရယ်. . . ကိုယ့်အိမ်၊ ကိုယ့်ခြံထဲမှာ ဘယ်လောက်ပဲ သန့်ရှင်းအောင်နေပေမယ့် အနီးပတ်ဝန်းကျင်က ချုံနွယ်ပိတ်ပေါင်းတွေနဲ့ မြောင်းပုပ်ရေတွေရှိနေမှတော့ ခြင်မကိုက်ဘဲ နေပါ့မလား ရှင်ရယ်၊ ကျွန်မလည်း အကောင်းဆုံးဆိုတဲ့ ခြင်ဆေးခွေတွေ ထွန်းတာပါပဲ။ ဒါပေမဲ့ ကိုက်တာဟာ ကိုက်တာပါပဲ တော်”

“အင်း . .။ ဒီခြင်ဆေးခွေတွေနဲ့ပတ်သက်ပြီး မင်းကို ပြောမယ် ပြောမယ်နဲ့ မပြောဖြစ်ခဲ့ဘူး။ အခုတော့မပြောလို့ မဖြစ်တော့ဘူး မိန်းမရေ။ ကိုယ်တို့ငယ်ငယ်တုန်းက ခြင်တွေလည်း ဒီလောက်မပေါသေးဘူး။ ခြင်ဆေးခွေထွန်းတဲ့ အလေ့အထလည်း သိပ်မရှိကြသေးဘူးကွ။ တဖြည်းဖြည်းနဲ့ တိုးတက်လာရင်း ခြင်ဆေးခွေတွေ ပေါ်လာကတည်းက ခြင်အန္တရာယ်အပြင် ခြင်ဆေးခွေ အန္တရာယ်ပါတိုးပြီး လူတွေလည်း ဒုက္ခအမျိုးမျိုးနဲ့ရင်ဆိုင်ရတော့တာပဲ မိန်းမရယ်”

“ရှင်. . . ဘာပြောတယ်. . . ခြင်ဆေးခွေအန္တရာယ်. . . ဟုတ်လား…”

“ဟုတ်တာပေါ့ကွာ ပထမဆုံးတွေ့ကြုံရတဲ့ အန္တရာယ်ကတော့ ခြင်ဆေးခွေတွေကို စနစ်တကျမထွန်းကြလို့ လူတစ်ယောက်ရဲ့ပေါ့ဆမှုကြောင့် အိမ်ပေါင်းမြောက်မြားစွာ မီးလောင်ခံကြရသလို သိန်းပေါင်းများစွာသော ငွေတွေ၊ ပစ္စည်းတွေ ဆုံးရှုံးခဲ့ကြရတယ်မဟုတ်လား။”

“ဩော် . . ဟုတ်သားပဲနော်”

“အဲဒါက ခြင်ဆေးခွေ မဆင်မခြင်ထွန်းလို့ ဖြစ်ပေါ်လာရတဲ့ အန္တရာယ်တွေနော်. . . အဲဒီခြင်ဆေးခွေတစ်ခွေမှာပါတဲ့ အဆိပ်မှုန့် ပမာဏဟာ စီးကရက်အလိပ်ပေါင်း ၁၃၇ လိပ်မှာပါတဲ့ အဆိပ်မှုန့် ပမာဏနဲ့တူညီတဲ့အတွက်ကြောင့် ဒီခြင်ဆေးခွေတွေ မထွန်းညှိဘဲနဲ့ လူတွေအနီးအနားမှာ ချိတ်ဆွဲထားရင်တောင်မှ အဲဒီက ထွက်နေတဲ့အနံ့ကို ရှူမိရင် ကျန်းမာရေးကို ထိခိုက်သတဲ့ မိန်းမရေ”

“ဟောတော် … ဒုက္ခပါပဲ ယောက်ျားရယ်”

“အဲ…နောက်ပြီးခြင်ဆေးခွေတစ်ခွေကို ထွန်းညှိလို့ထွက်လာတဲ့ အဆိပ်ဓာတ်ဟာ စီးကရက်အလိပ်ပေါင်း ၅၁ လိပ်ကို ဖွာရှိုက်လို့ ရရှိလာတဲ့အဆိပ်ဓာတ်နဲ့ ညီမျှတယ်လို့လည်း ဆိုပြန်တယ်ကွ”

“အို. . . ဒါတွေမသိလို့ ခြင်ဆေးခွေထွန်းမိတာပါ ‘ကို’ ရယ်. . . ဒီလောက်ကြောက်စရာကောင်းတဲ့ ခြင်ဆေးခွေတွေကို ဘာတွေနဲ့များ လုပ်ထားတာပါလိမ့်”

“ဒီခြင်ဆေးခွေတွေကို အပြင်းထန်ဆုံးလို့သတ်မှတ်ထားတဲ့ ပိုးသတ်ဆေးရယ်၊ လွှစာမှုန့်ရယ်၊ ဖိုင်ဒါကော်ရယ် နောက်ပြီး ဆိုးဆေးတွေ၊ ဓာတုအမွှေးအကြိုင်တွေနဲ့ ပြုလုပ်ကြတယ်လို့ သုတေသနပညာရှင်တွေက စမ်းသပ်တွေ့ရှိကြတယ်ဆိုပဲ။ အဲဒါတွေအပြင် အပြင်းထန်ဆုံး အဆိပ်တစ်မျိုးဖြစ်တဲ့ ဘန်ဇိုင်း၊ ကာစီနိုဂျင်တစ်မျိုးလည်း ပါဝင်တာကြောင့် အာရုံကြောကစပြီး ရိုးတွင်းခြင်ဆီအထိ အဆိပ်ဖြစ်စေတယ်လို့ပြောတယ်ကွ”

“အို. . . ကြောက်စရာကောင်းလိုက်တာ ‘ကို’ ရယ်. . . ဆက်ပြီးတောင် နားမထောင်ရဲတော့ပါဘူး”

“ဒီလိုလည်းမဟုတ်သေးဘူးလေ။ အကြောင်းအရာတစ်ခုဆိုတာ သေသေချာချာဂဃနဏ လုံးစေ့ပတ်စေ့သိထားမှ ရှောင်တတ်၊တိမ်းတတ်မှာမဟုတ်လား။ သည်းခံပြီး နားထောင်လိုက်ပါဦး မိန်းမရယ်”

“အေးပါ ‘ကို’ရယ်. . . နားထောင်ပါ့မယ်။ ဒီလိုခြင်ဆေးခွေတွေကို ထွန်းညှိလို့ထွက်လာတဲ့ အဆိပ်တွေကြောင့် ဘာရောဂါတွေ ဖြစ်တတ်တာတဲ့လဲဟင်”

“ခြင်ဆေးခွေတွေကို ထွန်းညှိလို့ထွက်လာတဲ့ အဆိပ်တွေကြောင့် အသက်ရှူကျပ်တဲ့ရောဂါ၊ ပန်းနာရင်ကျပ်ရောဂါ၊ အဆုတ်ပွ၊ အဆုတ်ရောင်ရောဂါ၊ ခေါင်းကိုက်၊ ခေါင်းမူးတဲ့ဝေဒနာတွေ ဖြစ်ပွားစေတတ်တဲ့အပြင် အလွန်မတန်ဆိုးရွားတဲ့အဆုတ်ကင်ဆာ၊ လည်ချောင်းကင်ဆာ၊ မျက်စိယားယံစေတဲ့ရောဂါနဲ့ အရေပြားယားယံပျက်စီးတဲ့ရောဂါတွေအထိ ဖြစ်ပွားစေတယ်လို့ ပညာရှင်တွေက လေ့လာစမ်းသပ်တွေ့ရှိကြတယ်ဆိုတဲ့အကြောင်း စာကောင်းပေမွန်တွေ ဖတ်ရှုရမှပဲသိခဲ့ရတာပေါ့ မိန်းမရယ်”

“အို. . . ဒီလိုဆိုရင် ဒုက္ခပါပဲ ကိုရယ်. . . ခုတစ်လော နေမကောင်းသလို ဖြစ်ဖြစ်နေတာ ခြင်ဆေးခွေတွေထွန်းလို့ ဖြစ်တာနဲ့တူတယ်နော်”

“အေးလေ . . . ဒါတွေကိုသိလို့ ခြင်ဆေးခွေတွေ မထွန်းပါနဲ့လို့ ပြောနေရဲ့သားနဲ့ မင်းက ကိုယ့်စကားကို နားမှ မထောင်တာကိုးကွ”

“အို… ‘ကို’က ဘယ်တုန်းကများ သေချာရှင်းပြဖူးလို့လဲလို့။ အခုမှ ရှင်းပြပြီးတော့ သူများကိုလာပြီး အပြစ်တင်နေသေးတယ်… မပြောလိုက်ချင်ဘူး…”

“မပြောလိုက်ချင်လည်း မပြောနဲ့ပေါ့မိန်းမရယ်. . . ကိုယ်ကတော့ ပြောလက်စနဲ့ ဆက်ပြောရဦးမယ်. . . မင်းနားမထောင်ချင်လည်း ပြောရမှာပဲ”

“ကဲပါရှင်. . . ပြောမှာသာဆက်ပြောစမ်းပါ၊ တကတဲမှပဲ. . .”

“စောစောက ပြောခဲ့တာတွေက စာတွေ့တွေပဲရှိသေးတယ်နော်. . . ပြင်ပလောကမှာ တကယ် ဖြစ်ပျက်နေတာတွေရှိသေးတယ်ကွ။ ရန်ကုန်မှာနေတဲ့ ကိုယ့်မိတ်ဆွေ အငြိမ်းစားကျောင်းဆရာတစ်ယောက်မှာ ခြောက်လအရွယ် မြေးလေးတစ်ယောက်ရှိသတဲ့။ ကလေးရဲ့အဖေနဲ့ အမေက နှစ်ယောက်စလုံး အစိုးရဝန်ထမ်းတွေဆိုတော့ ဒီမြေးလေးကို အဘိုးနဲ့အဘွားကပဲ ပြုစုစောင့်ရှောက်နေရတာပေါ့ကွာ။ သူတို့ မြေးလေးကို ချစ်ကြလွန်းလို့ အဖေအမေတွေထက်တောင် ပိုပြီး စိုးရိမ်တတ်ကြတယ်ဆိုပဲ”

“ဩော်. . . ဒါကတော့ ‘ကို’ရယ်. . . သားသမီးအချစ် မြေးအနှစ် လို့ဆိုထားတာပဲလေ”

“ဟုတ်ပါပြီ. . ။ အဲဒီလို ချစ်ကြလွန်းလို့၊ အစစအရာရာ စိတ်ပူတတ်ကြလွန်းလို့ သူတို့မြေးလေးကို ခြင်မကိုက်ရလေအောင်ဆိုပြီး ကလေးထည့်တဲ့ ပုခက်အောက်မှာ ခြင်ဆေးခွေတွေ နေ့တိုင်းထွန်းပေးသတဲ့ကွာ”

“ဟောတော့… သူတို့လည်း ခြင်ဆေးခွေအန္တရာယ်တွေ မသိဘူးပေါ့နော်”

“အေးလေ. . . မသိလို့သာလုပ်ကြတာပေါ့ကွာ။ သိရင်ဘယ်လုပ်ပါ့မလဲ။ ကိုယ့်မြေးလေး အန္တရာယ်ဖြစ်မယ့်အလုပ်ကို ဘယ်အဘိုးအဘွားကမှ မလုပ်ပါဘူး. . . အဲဒါနဲ့ ဆက်ပြောရဦးမယ်။ အဲဒီလို ခြင်ဆေးခွေတွေနေ့တိုင်းထွန်းပြီး မကြာခင်မှာ အဲဒီကလေး ချောင်းတွေဆိုးပြီး ရင်တွေကျပ်လာပါလေရောတဲ့။ နောက်တစ်နေ့လည်းရောက်ရော အဖျားဝင်လာပြီး တစ်ကိုယ်လုံး ချစ်ချစ်တောက်ပူတော့တာပဲတဲ့ကွာ။ အဲဒါနဲ့ ကလေးအထူးကုဆရာဝန်နဲ့ ပြကြည့်တော့မှ အပြင်းစားအဆုတ်ရောင်ရောဂါ ဖြစ်နေမှန်းသိရလို့ အရေးပေါ်ဆေးရုံတင်လိုက်ရသတဲ့။ တော်သေးတာပေါ့ကွာ။ ဆေးရုံအရောက်မြန်ပေလို့ပေါ့။ နည်းနည်းလောက်နောက်ကျခဲ့ရင်တောင် အသက်အန္တရာယ်စိုးရိမ်ရတယ်လို့ တာဝန်ကျ ဆရာဝန်၊ ဆရာမတွေက ပြောကြတယ်ဆိုပဲ”

“အင်း. . . ကံကြီးပေလို့သာပေါ့နော်. . . မသေကောင်း၊ မပျောက်ကောင်း. . . ”

“ဒါပေါ့မိန်းမရယ်. . . ဒါပေမဲ့ ကလေးရဲ့မိဘတွေနဲ့ အဘိုးအဘွားတွေက ခြင်ဆေးခွေကြောင့် အခုလိုဖြစ်ရတာကို မသိကြလေတော့ ဆေးရုံကဆင်းလာပြီးနောက်ပိုင်းမှာ ခြင်ဆေးခွေတွေ ထွန်းမြဲအတိုင်း ဆက်ထွန်းကြပြန်တာပဲတဲ့ကွာ၊ ဒီလိုနဲ့ နောက်တစ်ခါကလေးက ချောင်းဆိုးရင်ကျပ်ပြီး အဖျားတွေတအားတက်လာရင်းက ဆေးရုံမရောက်ခင် လမ်းမှာပဲဆုံးသွားရှာသတဲ့ မိန်းမရယ်။ ဒီလိုဖြစ်ရတာဟာ ခြင်ဆေးခွေကြောင့်ဆိုတာကိုတော့ ကလေးဆုံးပြီးမှပဲ ဆရာဝန်တွေက ရှင်းပြလို့ သိရတယ်ဆိုပဲ”

စာမျက်နှာ ၃၂ သို့ ❂

- အဲဒီခြင်ဆေးခွေတစ်ခွေမှာပါတဲ့ အဆိပ်မှုန့်ပမာဏဟာ စီးကရက်အလိပ်ပေါင်း ၁၃၇ လိပ်မှာပါတဲ့ အဆိပ်မှုန့်ပမာဏနဲ့ တူညီတဲ့အတွက်ကြောင့် ဒီခြင်ဆေးခွေတွေ မထွန်းညှိဘဲနဲ့ လူတွေအနီးအနားမှာ ချိတ်ဆွဲထားရင်တောင်မှ အဲဒီကထွက်နေတဲ့အနံ့ကိုရှူမိရင် ကျန်းမာရေးကို ထိခိုက်သတဲ့ မိန်းမရေ။
- ခြင်ဆေးခွေတွေကို ထွန်းညှိလို့ထွက်လာတဲ့ အဆိပ်တွေကြောင့် အသက်ရှူကျပ်တဲ့ရောဂါ၊ ပန်းနာရင်ကျပ်ရောဂါ၊ အဆုတ်ပွ၊ အဆုတ်ရောင်ရောဂါ၊ ခေါင်းကိုက်၊ ခေါင်းမူးတဲ့ဝေဒနာတွေ ဖြစ်ပွားစေတတ်တဲ့အပြင် အလွန်မတန်ဆိုးရွားတဲ့အဆုတ်ကင်ဆာ၊ လည်ချောင်းကင်ဆာ၊ မျက်စိယားယံစေတဲ့ရောဂါနဲ့ အရေပြားယားယံပျက်စီးတဲ့ရောဂါတွေအထိ ဖြစ်ပွားစေတယ်လို့ ပညာရှင်တွေက လေ့လာစမ်းသပ်တွေ့ရှိကြတယ်ဆိုတဲ့အကြောင်း စာကောင်းပေမွန်တွေ ဖတ်ရှုရမှပဲသိခဲ့ရတာပေါ့ မိန်းမရယ်။

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် မင်းဘူးမြို့နယ် ရွာသာယာကျေးရွာအဝင် ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲတက်ရောက်

**မကွေး ဇန်နဝါရီ ၂၉**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ရွာသာယာကျေးရွာအဝင် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါ ကွန်ကရစ်လမ်းသစ်၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ ရွာသာယာကျေးရွာအဝင် ကွန်ကရစ်လမ်းသစ်အား မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းသိန်း၊ စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးအောင်သူဦးနှင့် တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမိုးထိုက်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယနေ့ဖွင့်လှစ်လိုက်သည့် ရွာသာယာအဝင်လမ်း ကွန်ကရစ်လမ်းသစ်သည် မင်းဘူး-မင်းလှလမ်းမှ ရွာသာယာကျေးရွာသို့ ဆက်သွယ်ထားသည့်လမ်းဖြစ်ရာ ဒေသခံများ၏ ထုတ်ကုန်သီးနှံများ သယ်ပို့ရောင်းချရာတွင် လွယ်ကူမြန်ဆန်စေမည်ဖြစ်သကဲ့သို့ လမ်းပန်းဆက်သွယ်မှု မြန်ဆန်ချောမွေ့စေမည်ဖြစ်သည့်အပြင် လမ်းအနီးဝန်းကျင်ရှိ ကျေးရွာများတွင် စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် သီးနှံထွက်ကုန်စိုက်ဧက ၃၁၂၅ ဧကခန့်မှ ထွက်ရှိသော ကုန်စည်များကိုလည်း မြို့ပေါ်ဈေးကွက်များသို့ အချိန်တိုအတွင်း ကုန်ကျစရိတ် သက်သာစွာဖြင့် ပို့ဆောင်နိုင်မည် ဖြစ်ကြောင်းနှင့် ဒေသခံကျေးလက်နေပြည်သူများကလည်း ကွန်ကရစ်လမ်း ရေရှည်တည်တံ့ခိုင်မြဲပြီး မပျက်စီးစေရန် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးကြစေလိုကြောင်း ပြောကြားသည်။



ဆက်လက်၍ ရွာသာယာကျေးရွာအဝင် ကွန်ကရစ်လမ်းသစ်ဖွင့်လှစ်ပေးရခြင်းနှင့် ပတ်သက်၍ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား လမ်းဖွင့်ပွဲ အထိမ်းအမှတ် အမှတ်တရလက်ဆောင်များကို ထားပိုကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်နိုင်မိုးက ပေးအပ်သည်။

မကွေးတိုင်းဒေသကြီးအတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေကျပ် ၉ ဒသမ ၃ ဘီလီယံခန့် အသုံးပြုပြီး ကွန်ကရစ်လမ်း ငါးလမ်း၊ ကတ္တရာလမ်း ရှစ်လမ်း၊ ကျောက်ချောလမ်း ငါးလမ်း၊ ဂဝံမြေနီလမ်း ၃၀ စုစုပေါင်း လမ်း ၄၈ လမ်း၊ မိုင်ပေါင်း ၆၈/၄ ဒသမ ၈၂ မိုင်နှင့် ကွန်ကရစ်တံတား ၁၀ စင်း၊ ရေကျော် ၁၄ စင်း၊ ရေပြွန် ၃၂ စင်း စုစုပေါင်း ၅၆ စင်း ပေရှည်ပေါင်း ပေ၂၃၈၀ တို့ကို ဆောင်ရွက်ပေးနေသည့်အတွက် လုပ်ငန်းအားလုံးပြီးစီးပါက မိမိတို့တိုင်းဒေသကြီး အတွင်းမှာရှိသည့် ကျေးရွာပေါင်း ၈၆၁ ရွာ ကျေးလက်နေအိမ်ထောင်စု ၁၄၆၂၃၉ ခုနှင့် ပြည်သူ ၆၄၀၁၃၁ ဦးခန့်ကိုလမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် များစွာအကျိုးပြုနိုင်မည် ဖြစ်ကြောင်း သိရသည်။

**မောင်ညီညာ**

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြသ

**ရန်ကုန် ဇန်နဝါရီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ် (၃၅)ရပ်ကွက် ဘုရင့်နောင်လမ်းပေါ်ရှိ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း တော်ဝင်သဇင်ခန်းမ၌ ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် လက်တွေ့မီးငြှိမ်းသတ်မှု သရုပ်ပြခြင်းအခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးတင်ထွန်းအောင်က ကျောင်းသား ကျောင်းသူများအား မီးဘေး ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောသည်။

ထို့နောက် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မူမူလှက ကျေးဇူးတင်စကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ အရန် မီးသတ်တပ်ဖွဲ့ဝင် ငါးဦးတို့က ခင်းကျင်းပြသထားသော မီးသတ်ပစ္စည်းကိရိယာများအား လက်တွေ့သရုပ်ပြသခြင်း၊ DCP မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြှိမ်းသတ်မှုပြသခြင်း၊ မီးသတ်ယာဉ်စက်မှ ရေပက်ဖျန်းငြှိမ်းသတ်မှုများကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

**မြင့်မြင့်ရီ(ပြန်/ဆက်)**



# ပခုက္ကူမြို့နယ်၌ ပန်းဂေါ်ဖီများ အရောင်းအဝယ် ဖြစ်ထွန်းလျက်ရှိ

**ပခုက္ကူ ဇန်နဝါရီ ၂၉**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်း ကျွန်းညိုကြီးကျေးရွာအုပ်စု၊ ကံလှကျေးရွာအုပ်စု၊ တင်းဂတ်ကျေးရွာအုပ်စုနှင့် ကုက္ကိုလှကျေးရွာတို့ရှိ ကျွန်းကျေးရွာများတွင် ကုန်စိမ်းသီးနှံများ စိုက်ပျိုးလုပ်ကိုင်ကြပြီး ယခုနှစ် ဇန်နဝါရီလဆန်းပိုင်းမှစတင်၍ ဈေးကွက်အတွင်းသို့ ဝင်ရောက်သည့် ပန်းဂေါ်ဖီအပါအဝင် ကုန်စိမ်းသီးနှံအချို့ ဈေးနှုန်းကျဆင်းသော်လည်း အရောင်းအဝယ်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။



ပခုက္ကူမြို့နယ်တွင် ဒေသတွင်းစိုက်ပျိုးသည့် မုန်လာထုပ် (ပန်းမုန်လာ)ဟုခေါ်သည့် ဂေါ်ဖီထုပ်နှင့်ပန်းဂေါ်ဖီများ လှိုင်လှိုင်ပေါ်ချိန်ဖြစ်၍ စီးပွားဖြစ် အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း၊ ပခုက္ကူမြို့ အမှတ်(၁) စည်ပင်သာယာမြို့မဈေးကြီးသို့နေ့စဉ်သွားရောက်ရောင်းချလျက်ရှိပြီး ဈေးနှုန်းကျဆင်းသော်လည်း နေ့စဉ်ဝယ်ယူစားသုံးသူ များပြားခြင်းကြောင့် ဆက်လက် အရောင်းအဝယ် ဖြစ်ထွန်းလျက်ရှိကြောင်း မြို့မဈေးသည်တစ်ဦးက ပြောသည်။

ပခုက္ကူမြို့ပေါ်ရှိ အမှတ်(၁) စည်ပင်သာယာမြို့မဈေးကြီးနှင့် အမှတ်(၂)စည်ပင်သာယာဈေးနှင့် ယာယီပျံကျဈေးတို့တွင် ဆောင်းရာသီထွက် ကုန်စိမ်းသီးနှံမျိုးစုံ လှိုင်လှိုင်ပေါ် ဝင်ရောက်ချိန်ဖြစ်သောကြောင့် ကုန်စိမ်းသီးနှံများ ဈေးနှုန်းကျဆင်းရခြင်း ဖြစ်ကြောင်း သိရသည်။

**ဆလိုင်းကိုကီး**

❂ စာမျက်နှာ ၂၂ မှ

"အို. . . ဖြစ်မှ ဖြစ်ရလေတယ် 'ကို'ရယ်"

"တကယ်တော့ အဘိုးက ကျောင်းဆရာတစ်ယောက်ဖြစ်ရဲ့သားနဲ့၊ မိဘတွေကလည်း ခေတ်ပညာတတ်ဝန်ထမ်းတွေဖြစ်ရဲ့သားနဲ့ ကျန်းမာရေးဗဟုသုတမရှိကြလေတော့ ကိုယ့်ရင်သွေးကို မိဘ၊ ဘိုးဘွားတွေက သတ်လိုက်သလိုဖြစ်သွားရတယ်ဆိုပြီး ယူကျုံးမရဖြစ်ကြရတာပေါ့ကွာ။"

"အို. . . သနားပါတယ်နော်.... ။"

"နောက်တစ်ခါ မန္တလေးမှာနေတဲ့ ကိုယ့်တပည့်မလေးတစ်ယောက်က နှလုံးရောဂါအခံရှိတဲ့ သူ့သားလေးကို သွေးလွန်တုပ်ကွေးဖြစ်မှာစိုးတယ်ဆိုပြီး ကလေးအနီးမှာ ခြင်ဆေးခွေအမြဲထွန်းလာရင်းနဲ့ ကလေးက အသက်ရှူကျပ်ပြီးအမောဖောက်သေဆုံးခဲ့ရတယ် မိန်းမရဲ့"

"အို... အတော့်ကို ကြောက်စရာကောင်းပါလား ကိုရယ်"

"နောက်ပြီးတော့ တိုက်တံခါးတွေကို အလုံပိတ်ပြီး တစ်ညလုံး ခြင်ဆေးခွေထွန်းအိပ်ကြတဲ့ မိသားတစ်စုလုံး သေဆုံးနေကြတာကို မိုးလင်းမှပဲသိကြရတဲ့အဖြစ်ဆိုးကိုလည်း သတင်းစာကဖတ်လိုက်ရသေးတယ်။ တကယ်တော့ ခြင်ဆေးခွေထွန်းတယ်ဆိုတာ ခြင်ပြေးအောင်ဆိုပြီးထွန်းကြတာပဲလေ။ ဒါပေမဲ့ အချိန်ကြာလာတာနဲ့အမျှ ခြင်တွေက ခြင်ဆေးခွေအနံ့ကိုယဉ်ပါးလာပြီး မပြေးကြလေတော့ ခြင်သေတဲ့ ခြင်ဆေးခွေကမှ ပိုစွမ်းတယ်ဆိုပြီး ပြောင်းလဲသုံးစွဲလာကြတော့တာပေါ့။ အဲဒီ ခြင်သေတဲ့ဆေးတွေကျတော့ ကိုယ့်မျက်စိရှေ့မှောက်မှာတင် တဖြုတ်ဖြုတ်ကျပြီး သေနေတာကို စွမ်းလှပြီဆိုပြီးသုံးနေကြပေမယ့် ခြင်တွေတောင် ချက်ချင်းသေတယ်ဆိုရင် လူကိုလည်း အန္တရာယ်ပေးမှာပဲလို့တောင်မှ မစဉ်းစားမိကြဘူးပေါ့ကွာ"

"အို. . . ဒီလောက်ပြင်းအောင် ဘာတွေများထည့်ထားတာပါလိမ့်နော်"

"အင်း. . . ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)ရဲ့ ဓာတ်ခွဲစမ်းသပ်စစ်ဆေးချက်အရဆိုရင်တော့ ခြင်ပြေးဆေးခွေရိုးရိုးမှာရော၊ ခြင်သေဆေးခွေတွေမှာရော ကျန်းမာရေးကို ဆိုးဆိုးရွားရွား ထိခိုက်စေနိုင်တဲ့ မီပါဖလူသရင် (Meperfluthrin)ပိုးသတ်ဆေးတွေ ပါကြတာပဲတဲ့။ ဒါပေမဲ့ ခြင်သေဆေးခွေမှာပါတဲ့ ပမာဏဟာ ရိုးရိုးခြင်ပြေးဆေးခွေမှာပါတဲ့ ပမာဏထက်ကျော်လွန်ပြီး သုံးထားတာကြောင့် ခြင်တွေချက်ချင်းသေကြရသလို လူတွေအတွက်လည်း အလွန်မတန်မှကို အန္တရာယ်ပိုပြီးဖြစ်စေတယ်လို့ WHO က အခိုင်အမာ ကြေညာထားတယ်လို့ သိရတယ် မိန်းမရဲ့"

"အဲဒီခြင်ပြေးဆေးခွေတို့၊ ခြင်သေဆေးခွေဆိုတဲ့ ဟာတွေထဲမှာပါတဲ့ အဲဒီပိုးသတ်ဆေးအပြင်းစားကို ရှူရှိုက်မိရင် ဘာတွေဖြစ်တတ်တာတဲ့လဲဟင်"

"အဲဒီအပြင်းစားပိုးသတ်ဆေးပါတဲ့ ခြင်ဆေးခွေတွေကို ထွန်းညှိပြီး ထွက်ပေါ်လာတဲ့ အနံ့တွေ၊ အငွေ့တွေကို ရှူရှိုက်မိတဲ့သူတွေဟာ အလွန်မတန်ဆိုးရွားတဲ့ အဆုတ်ကင်ဆာတို့၊ လည်ချောင်းကင်ဆာတို့နဲ့ အသက်ရှူလမ်းကြောင်းရောဂါအမျိုးမျိုးကို ဖြစ်စေတတ်တာမို့ ခြင်ဆေးခွေထွန်းမယ့်အစား လာသမျှခြင်တွေကို ခြင်ရိုက်ဘက်တံနဲ့ နှိမ်နင်းတဲ့နည်းနဲ့ ညဘက်တွေမှာခြင်ထောင်ထောင်ပြီးနေဖို့က ဘေးအကင်းဆုံးနဲ့ အကောင်းဆုံးနည်းပါပဲ မိန်းမရယ်"

"အို. . . ခြင်ရိုက်ဘက်တံနဲ့ ခြင်တွေကို ရိုက်သတ်တဲ့နည်းတော့ မကြိုက်ပါဘူး'ကို'ရယ်. . . ငရဲကြီးမှာပေါ့လို့"

"ကဲ. . . အမိ၊ ဘေးကင်းမှန်းသိရဲ့သားနဲ့မှ ငရဲကြီးမှာကြောက်တယ်ဆိုရင်တော့ နှမတော်ကို လာကိုက်တဲ့ခြင်တွေကို မောင်တော်ကိုယ်တိုင် ခြင်ရိုက်ဘက်တံကိုင်ပြီး နှိမ်နင်းပေးပါတော့မယ် နှမတော်ရယ်"

"အို. . . ဒီလိုပြောင်ချော်ချော်ကြီးတော့ မပြောပါနဲ'ကို'ရယ်. . ."

"တကယ်ပြောတာ မိန်းမရဲ့. . . ကိုင်ဇာဆိုထားတဲ့ (ကိုယ်ရံတော်တပ်မှူးလေး) သီချင်းကို ကြားဖူးတယ်မို့လား"

"ကြားတော့ကြားဖူးပါတယ်။ ဒါပေမဲ့. . . အဲဒီသီချင်းနဲ့ ခြင်တွေနဲ့ ဘာဆိုင်လို့တုံး 'ကို'ရဲ့"

"ဆိုင်တာပေါ့ မိန်းမရယ်. . . သေချာနားထောင် 'ကို'ဆိုပြမယ်. . .

(ကိုယ်ကြင်နာသူ ကိုယ့်ရည်းစားလေး နုနုငယ်ငယ်ကို. . . .)

(အန္တရာယ်တွေကိုယ်ထိလက်ရောက် ကျရောက်လာရင်လေ. . . )

(ရန်သူတွေကို နှိမ်နင်းပစ်ဖို့ အသင့်ရှိနေပြီလေ. . . ။)

(ဒီနေရာမှာ သူရဲကောင်းတို့ထုံး နှလုံးသွင်းလို့. . . )

(လက်သီးကိုဆုပ်. . . ဓားကိုထုတ်) (ကျွန်ုပ်ခြသေ့်. . . ရဲပြီဟေ့)

(ချစ်သူက. . . ပေးလာတဲ့) (သတ္တိသွေး . . သွေးနီရဲနေ. . . )

(ကိုယ်ရံတော် တပ်မှူးလေး ....)[၃]

"ဩော်. . . လက်စသတ်တော့ 'ကို'ကမိန်းမအပေါ်မှာ ကျရောက်လာမယ့် ခြင်အန္တရာယ်တွေကို နှိမ်နင်းပစ်ဖို့ လက်သီးကိုဆုပ်၊ ခြင်ရိုက်ဘက်တံကိုထုတ်ပြီး အသင့်ရှိနေတဲ့ ကိုယ်ရံတော်တပ်မှူးလေးပေါ့လေ. . . ဟုတ်လား"

"ဒါပေါ့မိန်းမရယ်. . . ဒါပေါ့ . . . ဒါပေါ့ . . . "

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဌက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS)၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကဒ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ၊ လျှော့ပေါ့ခွင့်ရသူများနှင့် ရွှေ့ဆိုင်းခွင့်ရသူများ

## ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ -၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က)ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။
**မှတ်ချက်။** အကယ်၍ ၎င်း သားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေ လိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

# အပျင်းကိုနိုင်နည်း

ပီမိုးနှင်း

လုံ့လရှိရမည်၊ ကံကိုသာ အားမကိုးရ၊ ဝီရိယကို မလျှော့ကောင်းဟူသော တရားစကားကို သူသူငါငါ ဟောကြ၊ ရေးကြ၊ ပြောကြ၏။ ထိုအကြောင်းကို မည်သူမဆို သိပြီးဖြစ်ကြလေရာ အလဟဿ ပျင်းသောသူတို့အားကုသော သိပ္ပံ အဘယ်မှာ ပညာရအံ့နည်းစသည့်လောကနီတိစကားမျိုးသည် ရိုးလျက်အကျိုးမရှိပေ။ ထိုအကြောင်းကို လောကနီတိမဖတ်ဘဲ မည်သူမဆိုသိ၏။ စာရေးသူအား တစ်စုံတစ်ယောက်က ဆရာရေးတာတွေဟာ မှန်ပါရဲ့၊ သို့သော်လည်း လောကနီတိကို ဖတ်ပါဦး၊ လောကနီတိမှာ အရေးအသားပါတယ်ဟု ပြောဖူးလေသည်။

စာရေးသူမှာ ရောမပညာရှိကြီးများစွာတို့၏ စာများစွာတို့ကို ဖတ်ခဲ့ဖူးသည့်အပြင် ကိုယ်တိုင် ထိထိရောက်ရောက် မြောက်မြားစွာသော စာတို့ကို လူတိုင်းသဘောပေါက်အောင် ရေးခဲ့သူဖြစ်ရကား ထိုကဲ့သို့သော ပုဂ္ဂိုလ်တစ်ယောက်အား လောကနီတိထက် ကောင်းသောစာများကို မတွေ့သူဖြစ်ကြောင်း ဝန်ခံလာသူပင်ဖြစ်သည်။ ၎င်းကိုယ်တိုင်ကလည်း မိမိကိုယ်တိုင် နှုတ်ငုံ့ရကြောင်း ဖွင့်၍ ဝန်ခံရှာလေသည်။ စာရေးသူမှာ လောကနီတိလို စာသွားမျိုးနှင့် လူ၏စိတ်ကို မပြောင်းလဲစေနိုင်ကြောင်း သိသဖြင့် ထိုကျမ်းကလေးကို တစ်ခါမျှ သာဖတ်ဖူးရုံရှိ၏။ ကျက်မှတ်စရာဟူ၍ကား ပါဋ္ဌိမှ တစ်ပါး အခြားမတွေ့ခဲ့ရပေ။ လောကနီတိ၌ လုံ့လရှိရမည်ဟူ၍ကားမပါပေ။

ပျင်းရိခြင်းသည် အကျိုးယုတ်စေကြောင်း လူတိုင်းသိ၏။ သို့သော်လည်း အပျင်းကို အရသာရှိသည်ဟု မှတ်ထင်နေကြရာ သိလျက်နှင့်ပျင်း၍ နေကြခြင်းဖြစ်လေသည်။ ယခုကာလ ဆိုက်ကိုလိုဂျီနည်းမှာ လောကနီတိလို မပျင်းနှင့်မဆို၊ အပျင်းကိုနိုင်အောင် လုပ်နည်းကို ညွှန်ပြလေသည်။ ညွှန်းပြပုံမှာ ပျင်း၍ ဘာကိုမျှမလုပ်ဘဲနေလျှင် ပျင်းခြင်းမှာ ဝန်လေး၍လာတတ်ကြောင်း၊ အပျင်းကို အရသာရှိသည်ဟု ပျင်းသူများ မှတ်ထင်တတ်ကြသည့်မှာမဟုတ်ကြောင်း၊ ထိုသဘောကို အဖန်ဖန်ရှုခြင်းဖြင့် အပျင်းကိုနိုင်ကြောင်းဖြစ်လေသည်။

အလုပ်တစ်ခုခုရှိသည့်အခါ နက်ဖြန်သို့ မဆိုင်းဘဲ ယခုချက်ချင်းလုပ်မှ ပြီးပြတ်ကြောင်း သိကြ၏။ သို့သော်လည်း ယခုချက်ချင်း လုပ်ချင်အောင် အဘယ်ပုံ ကြိုးစားရပါမည်နည်း။

အပျင်းကို ခွဲခြားစိတ်ဖြာ၍ကြည့်၊ မလုပ်မီ တစ်ခဏမျှသာ အပျင်းရှိ၏။ ထိုတစ်ခဏလေးတွင် နိုင်ဖို့အလုပ်ကို ယခုထ၍စလိုက်ရန်မှာ ခက်ခဲခြင်းမရှိပေ။ ထိုခက်ခဲသောအစကို စပါလေ။ စမိသောအခါ အပျင်း၏ အစွမ်းသတ္တိမာန်စွယ်ကို ချိုးနှိမ်ပြီးဖြစ်ကြောင်း တွေ့ရပေလိမ့်မည်။ အကြောင်းမူကား စမိသောအခါ မစမီကလောက် မပျင်းတော့ပေ။ ထို့နောက် တစ်မိနစ်ကို ငါးမိနစ်ဖြစ်ပြီးနောက် ၁၀ မိနစ်ဖြစ်အောင်ဆွဲဖို့ရန် သာ၍လွယ်၏။ ထိုနည်းဖြင့် အပျင်းကိုနိုင်လေသည်။

ပို၍နိုင်ဖို့ရန် အကူအညီမှာ ပျင်းခြင်းသည် ကျက်သရေမရှိ၊ ဂုဏ်မရ၊ သားသားနားနားအလုပ်ကိုလုပ်ခြင်းသည် ဂုဏ်ရှိ၏။ အလုပ်လုပ်၍နေသူအား မလုပ်သောလူပျင်းသည် အလိုလို ရှက်ကြောက်ရှိသေရ၏။ အဖန်ဖန်ဆင်ခြင်တတ်က အပျင်းသည် တစ်စစလျှော့ရလေသည်။

အခြားအကူအညီမှာ အလုပ်နှင့်ဆိုင်ရာ လက်နက်ကိရိယာတို့ကို အလုပ်ဌာန၌ အသင့်ရှိစေရမည်။ အလုပ်၌ ပျော်စရာအချက်တွေကို ရှာရမည်။ အလုပ်နေရာကို သပ်ရပ်စွာထားရမည်။ ဥပမာ လက်သမားသည် ကုလားထိုင်ကို လုပ်ရမည့်အတွက် ပျင်း၍နေ၏။

ငါ အလုပ်မလုပ်သေးဘူး၊ လက်နက်ကိရိယာများသာ အသင့်လုပ်ထားရမည်ဟု အောက်မေ့ကာ လက်နက်များကိုယူ၍ စီမံနေရာချထားပါလေ။ ထို့နောက် ငါမလုပ်သေးဘူး၊ ဒီသစ်သားဖောင်းကလေးကို ရွှေ့ရုံရွှေ့ကြည့်စမ်းမယ်ဟု မိမိကိုယ်ကို ပြောကာ နည်းနည်းတိုး၍ လုပ်ရမည်။ ထိုနည်းဖြင့် ငပျင်းကို တစ်ပတ်ရိုက် လှည့်စားဖန်များသောအခါ ငပျင်းကို နိုင်ရုံမက တစ်စတစ်စ အလုပ်၌ အကျင့်ပါပြီး အပျင်းရောဂါမှ ကင်းလွတ်နိုင်လေသည်။

အပျင်းမှာ အလုပ်ကိုကြောက်သော အကြောက်တစ်ခုရှိ၏။ ထိုအကြောက်ကိုလည်း နိုင်ဖို့နည်းရှိလေသည်။ အလုပ်များခြင်းနှင့် နည်းခြင်းကိုကြည့်လျှင် ကြောက်မက်ဖွယ်ကောင်း၏။ ပညာသင်သောသူသည်လည်းကောင်း၊ စာအုပ်ကြီးကို ဖတ်ရမည့်သူသည်လည်းကောင်း၊ အဆုံးဘက်ကို မကြာခဏကြည့်ချေက တော်တော်နဲ့ပြီးမှာမဟုတ်၊ ပေါက်ရောက်မှာမဟုတ်ဟုတွေးကာ စိတ်လျှော့တတ်လေသည်။ ထိုကဲ့သို့မကြည့်ဘဲ ဤမျှသာ ပြီးအောင်လုပ်မည်၊ ကျန်သောအပိုင်းများမှာ နောင်ခါလာ နောင်ခါချေး အရေးမကြီးပါဘူး၊ ယခုငါ့မှာ လုပ်စရာ ဤအစလေးသာရှိသည်။ ဤနည်းလမ်းလေးကို ပြီးအောင်လုပ်ရမည်။ အဘိဓာန်ကြည့်သူသည် အလွန်ကြီးသောအလုပ်ကြီး၏အဆုံးသို့ လှမ်းမျှော်လျှင် များစွာစိတ်ပျက်ဖွယ်ဖြစ်လိမ့်မည်။ ကကြီးတစ်လုံးကို ငါ သေသေချာချာ ကုန်စင်အောင်ရေးမည်ဟု သဘောထားချေက စိတ်ပျက်ဖွယ်ကို မြင်မည်မဟုတ်ပေ။ အချိန်သည် မကုန်မီမှာသာ ကြာသည်ထင်ရ၏။ ကုန်လွန်သောအခါ မကြာလှပေ။

အလကားနေလျှင် နောင်သုံးနှစ်ကြာသောအခါ ငါ့မှာ တစ်စုံတစ်ရာရမည်မဟုတ်။ နောက်တစ်နေ့ကျလျှင်လည်း ယနေ့နည်းနည်းလုပ်ရမည်ဟု သဘောထား၍ လုပ်ပါလေ။ သို့လုပ်သူမှာ ယနေ့တစ်နေ့အတွက်လုပ်ရင်း သုံးနှစ်ကြာသောအခါ အဖိုးတန်တစ်စုံတစ်ရာကို စုပုံပြီး ရနိုင်လေသည်။ လုပ်ရသည်ကား သုံးနှစ်စာကို လုပ်ရသည်မဟုတ်ပေ။ တစ်နေ့စာကလေးမျှသာ လုပ်ရ၏။ တစ်နေ့ကိုသာ တွေး၍လုပ်ပါ၊ သုံးနှစ်တာကာလသည် အလိုလိုဖြစ်၍လာလိမ့်မည်။ သုံးနှစ်ကို တင်ကြိုမမျှော်နှင့်၊ ယခုမျက်မှောက်အချိန်ကလေး အချည်းအနှီးဖြစ်မှာကိုသာ နှမြောပါလေ။ တစ်နေ့တစ်လံသွားရခြင်းသည် အနည်းငယ်မျှ မပင်ပန်းပေ။ နောင်နှစ်ကာလ အတော်ကြာသောအခါ မပင်ပန်းဘဲနှင့် ခရီးပေါက်ရောက်ပြီး ဖြစ်၍နေလိမ့်မည်။ တစ်နေ့လျှင် တစ်လံမျှမသွားသူမှာ သွားသူထက်ပို၍ မသက်သာပေ။ နောက်ဆုံး၌ ခရီးမရောက်ခြင်းသာ ခြားနားလေသည်။

တစ်နေ့လျှင် အင်္ဂလိပ်စကားလုံးတစ်လုံး မှတ်ရခြင်းသည် မမှတ်သူထက် ပို၍မပင်ပန်းပေ။ သုံးနှစ်ကြာသောအခါ အများကြီးရလိမ့်မည်။ တစ်နေ့တစ်လုံးမျှမမှတ်သူမှာ မှတ်သူထက်ပို၍ သက်သာခြင်းမရှိပေ။ သုံးနှစ်ကြာသောအခါ တစ်စုံတစ်ရာမျှ မရခြင်းသာခြားနားလေသည်။ သုံးနှစ်မက ငါးနှစ်၊ ဆယ်နှစ်သည် မကြာမီကုန်လွန်တတ်၏။ ကုန်သောအခါကျမှ ပြန်၍နှမြောချေက ရတော့မည်မဟုတ်ပေ။ သုံးနှစ်ကြာမှတတ်မှာ ဘာလုပ်မလဲဟု တွေးတတ်ကြ၏။ သုံးနှစ်ကြာပြီးနောက် မတတ်ဘဲနေခြင်းထက် မဖြစ်ပါလော။ ဘယ်အခါမှ တတ်တတ် တစ်နေ့တစ်လုံး မှတ်ရခြင်းကြောင့် ပင်ပန်းပါသလော။ မပင်ပန်းလျှင် အဘယ်အတွက် ညည်းညူရန်ရှိပါသနည်း။ အိုခါမှ ငွေတစ်ရာဟူသော စကားကလည်း ထို့အတူဖြစ်လေသည်။ ပင်ပန်းစွာခြိုးခြံခြင်း မပြုရဘဲလျက် အိုသောအခါ မတော်တဆ အရေးတကြီး လိုသဖြင့် ငွေတစ်ရာ အားကိုးဖို့ရှိချေက မရှိသူထက် မကောင်းပါလော။ ။

> **အပျင်းကို ခွဲခြားစိတ်ဖြာ၍ကြည့်၊ မလုပ်မီ တစ်ခဏမျှသာ အပျင်းရှိ၏။ ထိုတစ်ခဏလေးတွင် နိုင်ဖို့အလုပ်ကို ယခုထ၍စလိုက်ရန်မှာ ခက်ခဲခြင်းမရှိပေ။ ထိုခက်ခဲသောအစကို စပါလေ။ စမိသောအခါ အပျင်း၏ အစွမ်းသတ္တိမာန်စွယ်ကို ချိုးနှိမ်ပြီးဖြစ်ကြောင်း တွေ့ရ**

# လူအများနှင့် ပြေပြေပြစ်ပြစ်ဆက်ဆံနည်း

ခင်မောင်ညို(ဘောဂဗေဒ)

(၂၂-၁-၂၀၂၅ ရက်နေ့မှအဆက်)

ထိုအရေးပါအရာရောက်လိုသောစိတ်ကြောင့်ပင် ချားလ်စ်ဒစ်ကင်းသည် ဂန္ထဝင်ဝတ္ထုများကိုရေးခဲ့သည်။ ခရစ္စတိုဖာရင်းက သူ၏ စူးနစ်ရှုတရသစွမ်းအားကို ကျောက်တုံးများဖြင့် ထုလုပ်စေခဲ့သည်။ ရော့ကဲဖဲလားကို တစ်သက်လုံးသုံးမကုန်နိုင်အောင် ကြွယ်ဝချမ်းသာသောလူတစ်ယောက်ဖြစ်လာစေခဲ့သည်။ သင်တို့မြို့က သူဌေးများ သူတို့နေထိုင်ဖို့ထက် အများကြီးကျယ်ပြန့်နေသော အိမ်ကြီးအိမ်ကောင်းများ ဆောက်စေခဲ့သည်မှာလည်း ဤစိတ်ကြောင့်ပင်ဖြစ်သည်။

ဤစိတ်ကြောင့်ပင်လျှင် နောက်ဆုံးပေါ် အဝတ်အစားတွေဝတ်၊ နောက်ဆုံးပေါ်ကားကိုစီးကာ ကိုယ့်ကလေးတွေ ဘယ်လောက်လိမ္မာရေးခြားရှိကြောင်း၊ ကျောင်းစာဘယ်လောက်တော်ကြောင်း ပြောဖြစ်တတ်ကြသည်။

ဤစိတ်ကြောင့်ပင် လူဆိုးဂိုဏ်းများနှင့် ကလေးများပေါင်းမိကာ ရာဇဝတ်မှုများကို ကျူးလွန်စေခဲ့သည်။ တစ်ချိန်တစ်ခါက နယူးယောက်မြို့တော်တွင် ရဲမင်းကြီးလုပ်ခဲ့ဖူးသော အီးဝီလရူနီ၏ အဆိုအရ ကလေးရာဇဝတ်သားများသည် အတ္တကြီးမားသူများဖြစ်ကြသည်။ သူတို့ကို ရာဇဝတ်သားအဖြစ် ဖမ်းမိလျှင် သူရဲကောင်းများဖြစ်လာအောင် သတင်းစာထဲမှာ သတင်းထည့်ပေးဖို့ အရင်ဆုံးတောင်းဆိုတတ်ကြသည်။ နာမည်ကျော် အားကစားသမားများ၊ ရုပ်ရှင်မင်းသား မင်းသမီးများ၊ နိုင်ငံရေးသမားများနှင့်အတူ သူ့ဓာတ်ပုံ သတင်းစာထဲပါလာဖို့က ပိုအရေးကြီးနေသည်။ ထောင်ဒဏ်ဘယ်လောက်ကျခံရတာ ပြဿနာမဟုတ်။

သင်အရေးပါကြောင်း ဘယ်လိုနည်းနှင့် ပြသသည်ကို ပြောပြလျှင် သင်ဘယ်လိုလူဆိုသည်ကို ကျွန်တော်ပြောပြနိုင်ပါသည်။ သင့်စရိုက်ပေါ်လွင်နေပါသည်။

ဥပမာ ဂျွန်၊ ဒီ၊ ရော့ကဲဖဲလားသည် တရုတ်ပြည် ပီကင်းမြို့တော်တွင် ခေတ်မီဆေးရုံတစ်ရုံဆောက်ရန် ငွေလှူဒါန်းကာ သူဘယ်လောက် အရေးပါကြောင်း ပြသခဲ့သည်။ သူ့ကိုယ်သူအရေးပါသည့် လူတစ်ယောက်လို ခံစားရစေခဲ့သည်။ သူတစ်ခါမျှ မတွေ့မမြင်ဖူးသော၊ နောင်လည်း တွေ့စရာမြင်စရာအကြောင်းမရှိသောသူများအတွက် လှူဒါန်းကာ သူ၏ အရေးပါအရာရောက်လိုစိတ်ကို ဖြေသိမ့်ခဲ့သည်။

တစ်ဖက်တွင် လူဆိုးကြီးဒလင်ဂျာသည် ဓားပြတစ်ယောက်၊ ဘဏ်ကို လုယက်သူ၊ လူသတ်သမားတစ်ယောက်အဖြစ် သူ၏အရေးပါမှုကို ပြသခဲ့သည်။ ဇဟိုအစိုးရစုံထောက်များက သူ့ကို လိုက်ဖမ်းသောအခါ မင်နီဆိုတာရှိ ယာတဲတစ်လုံးထဲသို့ ပြေးဝင်ပြီး “ငါ ဒလင်ဂျာပဲကွ”ဟု ဂုဏ်ယူဝင့်ကြွားစွာ ပြောဆိုခဲ့သည်။ ပြည်သူ့ရန်သူ အမှတ်တစ်ဖြစ်ရတာကိုလည်း ဂုဏ်ယူသည်။ “ငါ မင်းတို့ကို ဒုက္ခပေးမလို့ လာတာမဟုတ်ပါဘူး။ ဒါပေမဲ့ ငါဟာဒလင်ဂျာအစစ်ပဲကွ”ဟု ထပ်ပြောလိုက်သေးသည်။

သူဌေးကြီး ရော့ကဲဖဲလားနှင့် လူဆိုးကြီးဒလင်ဂျာတို့ ဘာကွာကြသနည်း။ သူတို့ အရေးပါကြောင်း ပြသပုံပြသနည်းတွင် ကွာခြားသည်။

သမိုင်းကြောင်းကို ပြန်ကြည့်လျှင် ကမ္ဘာကျော်တို့သည် ထိုအရေးပါအရာရောက်လိုသော ခံစားချက်ကြောင့်ပင်လျှင် ရုန်းကန်လှုပ်ရှားခဲ့ကြကြောင်း တွေ့ရသည်။ ဂျော့ချ်ဝါရှင်တန်သည်ပင်လျှင် “တန်ခိုးကြီးသော အမေရိကန်ပြည်ထောင်စု၏သမ္မတ” ဟု အခေါ်ခံချင်သည်။ ကိုလံဘတ်စ်ကလည်း “သမုဒ္ဒရာတို့၏ ဗိုလ်ချုပ်နှင့် အိန္ဒိယပြည်ဘုရင်ခံ” ဟူသော ဘွဲ့ကိုပေးဖို့ တောင်းခံသည်။ ကက်သရင်း သဂရိတ်သည် “အင်ပါယာ အရှင်မ” ဟူ၍ လိပ်စာတပ်မထားသည့်စာများကို မည်သည့်အခါမျှ ဖွင့်မဖတ်။ လင်ကွန်းကတော် မစ္စစ်လင်ကွန်းသည် မစ္စစ်ဂရန့်ကို “ကျွန်မ အထိုင်မခိုင်းဘဲ လာထိုင်နေရဲရသလား”ဟု ကျားမတစ်ကောင်လို အော်ငေါက်ဖူးသည်။

၁၉၂၈ ခုနှစ်က ဗိုလ်ချုပ်ဘာ့ဒ်၏ အန္တာတိတ်ခရီးစဉ်ကို သန်းကြွယ်သူဌေးပေါင်းများစွာတို့က ဝိုင်းဝန်း၍ ငွေကြေးထောက်ပံ့ကြဖူးသည်။ အန္တာတိတ်ဒေသရှိ ရေခဲဖုံးနေသောတောင်တန်းများကို သူတို့၏ အမည်မှည့်ခေါ်ခံချင်၍ ထိုသို့ဝိုင်းဝန်းငွေကြေးထောက်ပံ့ကြခြင်းဖြစ်သည်။

ဗစ်တာဟူးဂိုးကလည်း ပြင်သစ်ပြည်၏ မြို့တော်ကို “ပါရီ”ဟု ခေါ်မည့် အစား သူ့နာမည်ပြောင်း၍ မှည့်စေလိုသည်။ ကဗျာဖွဲ့ဆိုရာတွင် ပြောင်မြောက်လှသော ရှိတ်စပီးယားသည်လည်း သူ့မိသားစုအတွက် အဆောင်အယောင်များဝယ်ခြမ်းကာ ဂုဏ်ရှိသည်ထက်ရှိဖို့ ကြိုးစားခဲ့ဖူးသည်။

တစ်ခါတစ်ရံ၌ အရေးပါအရာရောက်လိုသောစိတ်ကြောင့် လူအများ၏ အာရုံစိုက်ခြင်း၊ သနားခြင်းကို ရယူရန်ကြိုးပမ်းတတ်ကြသည်။ ထိုသို့ ကြိုးစားရင်းဖြင့် မကျန်းမမာ၊ မသန်မစွမ်း ဖြစ်ကုန်တတ်ကြသည်။ ဥပမာ- မစ္စစ်မက်ကင်လီကိုကြည့်ပါ။ တိုင်းပြည်၏ အရေးပါသောကိစ္စများဖြစ်နေစဉ် ခင်ပွန်းသည် သမ္မတကြီးက သူ့ကို ချော့သိပ်စေလိုကာ သူ၏အရေးပါလိုသောဆန္ဒကို ဖြေဖျောက်ခဲ့သည်။ တိုင်းပြည်အရေးထက် သူက ပို၍အရေးပါသည်ဟု အထင်ခံလိုသည်။ တစ်ခါကလည်း သွားစိုက်ဆရာထံသွားနေစဉ် သမ္မတကြီးအား ငုတ်တုတ်စောင့်ခိုင်းခဲ့ဖူးသည်။ တစ်ခါကများဆိုလျှင် နိုင်ငံခြားရေးဝန်ကြီး ဂျွန်ဟေးနှင့်တွေ့ဆုံရန်ရှိသဖြင့် သူမကို သွားစိုက်ဆရာထံထားပစ်ခဲ့သောအခါ ဒေါသူပုန်ထဖူးသည်။

(ဆက်လက်ဖော်ပြပါမည်)

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်

ဦးမျိုးမင်းထွန်း [၁၂/လမတ(နိုင်)၀၀၀၆၆၇]လက်ဝယ်ထားပိုင်ဆိုင်သော-

ရန်ကုန်တိုင်း ဒေသကြီး၊ ရန်ကင်းမြို့နယ်၊(၈)ရပ်ကွက်၊ မဇ္ဈူလမ်းသွယ်(၂)လမ်း၊ အမှတ်(၄၂)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၄၂-ခ/ကံဘဲ့)၊ မြေကွက်အမှတ် (၁၉-ဃ/၁-A-၂)၊ ဧရိယာ(၀.၀၆၁၃)ဧကရှိ မြေပိုင်မြေ(လ/န-၃၉)ရပြီး မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆက်နွှယ် တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို မိမိမှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် (၁၀၃၄၆/၁၃-၁၂-၂၀၂၄)အရ တရားဝင်ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်လျက် ရောင်းချခွင့်ရှိကြောင်း၊ အမွေဆိုင်၊ အပေါင်အနှံမှစ၍ အခြားအရှုပ် အထွေးများ ကင်းရှင်းကြောင်း၊ ဖွင့်ဟဝန်ခံကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရာကျွန်ုပ်၏ မိတ်ဆွေမှဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ရောင်းချသူထံပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကို အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက သက်ဆိုင်သည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့် နေ့ရက်မှစတင်၍ ( ၁၄ )ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝေဝေအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆၈)**
**အမှတ်၁၂၉၇ /အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၅၇၄၉၈**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင်(၁၅)လမ်း၊ တိုက်အမှတ်(၁၂၁၀/A)ဟုခေါ်တွင်သော (၆)ထပ်တိုက် အဆောက်အဦး၏ ဒုတိယထပ် (၃)လွှာ၊ အကျယ်အဝန်း (အလျား၁၇ပေ x အနံ၅၃ပေ)ရှိ တိုက်ခန်းနှင့်တကွ ရေမီးစုံအပါအဝင် ဆက်နွှယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကန်ထရိုက်တာထံမှ အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် (၂-၁-၂၀၂၀)ရက်နေ့တွင် ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်သူ ဒေါ်မြမြလှိုင်[၁၂/ဥကတ(နိုင်)၀၄၉၄၅၂]မှ အမွေဆိုင်၊ အပေါင်အနှံမှစ၍ အရှုပ်အရှင်းကင်းကာ ရောင်းချခွင့်ရှိသော တိုက်ခန်းဖြစ်ကြောင်း ဖွင့်ဟဝန်ခံကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူ မည်သူမဆို တိုက်ခန်းနှင့် သက်ဆိုင်သည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝေဝေအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆၈)**
**အမှတ်၁၂၉၇ /အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၅၇၄၉၈**

## အများသိစေရန်ကြေညာခြင်း

စင်ကာပူနိုင်ငံနေ ဦးမျိုးအောင်၊ မှတ်ပုံတင်အမှတ်[၁၂/အစန(နိုင်)၀၀၀၂၃၄]နှင့် အမေရိကန်နိုင်ငံနေ ဒေါ်နုနုအောင်၊ မှတ်ပုံတင်အမှတ်[၁၂/အစန(နိုင်)၀၀၀၂၃၅]တို့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးအောင်နှင့် ဒေါ်နုနုအောင်တို့သည် ကွယ်လွန်သူ မိဘနှစ်ဦးဖြစ်သူ ဦးကောက်နှင့် ဒေါ်ကျင်မြင့်တို့၏ သားသမီးများဖြစ်ကြပြီး မိဘနှစ်ပါးကွယ်လွန်ပြီးနောက် မိဘများပိုင် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို တရားဝင် အမွေဆက်ခံခွင့်ရှိသူများဖြစ်ကြပါသည်။ ထိုသို့ ပိုင်ဆိုင်သော ပစ္စည်းများအနက်

**ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကွက်သစ်ရပ်ကွက်၊ (၂)လမ်း၊ အကွက်အမှတ်(၁)၊ ဦးပိုင်အမှတ်(၃၂)၊ ဧရိယာ(၀.၀၆၇)ဧက၊ အလျား ၁၀ပေ x အနံ ၆၀ပေ**ရှိ မြေကွက်သည် ဦးမျိုးအောင်နှင့် ဒေါ်နုနုအောင်တို့ အမွေဆက်ခံပိုင်ဆိုင်ထားသော ပစ္စည်းဖြစ်ပါသည်။

မြေကွက်အား ဦးမျိုးအောင်နှင့် ဒေါ်နုနုအောင်တို့ မသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းထားခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်းမပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။ ထိုမြေကွက်နှင့်ပတ်သက်၍ ဦးမျိုးအောင်နှင့် ဒေါ်နုနုအောင်တို့ မသိရှိဘဲ အထက်ဖော်ပြပါကိစ္စများကို ပြုလုပ်ဆောင်ရွက်ခဲ့ပါက ပြုလုပ်သူများအား ကျွန်ုပ်၏မိတ်ဆွေများမှ သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးအောင်နှင့် ဒေါ်နုနုအောင် တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသဇင်ဆွေ LL.B,D.B.L,DIPL**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၄၉)**
**အမှတ်(၉၆)၊ လေးထောင့်ကန်လမ်းမကြီး၊ ဆ/ကရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်။ ဖုန်း-၀၉-၈၈၁၁၈၈၃၈၂၊ ၀၉-၇၇၄၄၃၃၉၅၄**

## ပတ်စ်ပို့ပျောက်

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ကျောင်းရွာကျေးရွာနေ မောင်စိုးလင်းအောင်(ဘ)ဦးကျော်နိုင် [၉/တကန(နိုင်)၂၃၃၀၀၆]ကိုင်ဆောင်သူသည် နိုင်ငံကူးလက်မှတ် အမှတ် -MD 172113 မှာ ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၇၇၂၈၂၁၃**

## ပတ်စ်ပို့ပျောက်

ရန်ကုန်တိုင်း ဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ရွှေဘုန်းရပ်ကွက်နေ မကေသီသွင်(ဘ) ဦးအုန်းသွင် [၁၂/ကတန(နိုင်)၀၀၁၆၃၇]ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၇၇၂၈၂၁၃**

**တောတောင်
ပျက်ပြုန်း
မြေဆီ
သုဉ်း၏**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက် ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဂုဏ်ယူဝမ်းမြောက် ကျေးဇူးတင်ရှိပါကြောင်း

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာ မင်္ဂလဇောတိကဓဇ၊ ဝိဇ္ဇာကာသီ သီရိကမ္မဋ္ဌာနာစရိယ(သီရိလင်္ကာနိုင်ငံ)၊ Ph.D(Social Science),Ph.D(Vipassana Bhavana) Thailand၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး(ရန်ကုန်)၏ မဟာနာယက၊ အဘယလာဘမုနိ ကျောက်တော်ကြီးဘုရား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ်(၇၇)၏ ပဓာနနာယက၊ နိုင်ငံတော်သမ္မတကြီး၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုရ၊ အင်းစိန်မြို့နယ် သံဃနာယကအဖွဲ့ ဩဝါဒါစရိယ၊ ပြည်တွင်း၊ ပြည်ပ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောင်ဆန်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ အရှင်သူမြတ်၏ သက်တော်(၇၈)နှစ်ပြည့် ဝိဇာတမင်္ဂလာ အထိမ်းအမှတ်၊ (၁၉၉) ကြိမ်မြောက် မိုးကုတ် ဝိပဿနာ ပြာသိုလ (၁၀)ရက် " ဝိဇာတ " တရားစခန်းပွဲအတွက်

**ဆွမ်းအလှူရှင်များ**

၁။ မိဘနှစ်ပါးအားရည်စူး၍ ဒေါ်စန်းငွေ၊ ဒေါ်နုနုလွင် "ရွှေဟသ်ာစတိုး" မိသားစုနှင့် မိဘများအမှူးထားပြီး ဦးဝင်းအောင်-ဒေါ်ညွှန့်ညွှန့်ဟန်၊ သား-မောင်ဖြိုးထက်၊ သမီး- မရွက်ဝေ "စိန်ခရေ" တိုင်းရင်းဆေးခန်း မိသားစုများနှင့် ကွယ်လွန်သူဖခင်ကြီး ဦးအိရိုးအားရည်စူး၍ မိခင်ကြီး ဒေါ်ငွေကျင်ကို အမှူးထားကာ ဦးအောင်ဝင်း ဇနီး ဒေါ်သန်းသန်းမော်၊ သား-ဒေါက်တာအောင်မင်းမော်-မဟေမာဝင်း၊ မောင်မင်းမော်ဟိန်း၊ မောင်မင်းမော်ခ၊ မြေး-မောင်မော်ကွန်းခန့်၊ မယုကီမင်းမော် မိသားစု

၂။ ယခုသက်ရှိသမုတိ ဆရာတော် ဘုရားကြီးများ၏ ဂုဏ်ကျေးဇူးများကို ဦးထိပ်ထား၍ ဒေါ်ခိုင်ဇော်(Earth Group of Companies)မိသားစု

၃။ နှစ်ဖက်မိဘများအား အမှူးထားပြီး ကိုဇာနည်ဝင်းခိုင် - မထက်ထက်မြင့်၊ သား- မောင်ခန့်မင်းလျှင်၊ သမီး-မခင်ဖြိုးအိန္ဒြာ မိသားစု

၄။ ဦးတူးနိုင်ထွန်း-ဒေါ်မို့မို့ဆွေ၊ သမီး-မရွှေလျံလျံ၊ သား-မောင်ပိုပြည့်လျံ၊ "လူတွေချစ်တဲ့ 2.9"စိန်ရွှေရတနာဆိုင် မိသားစု

၅။ နှစ်ဖက်ဘိုးဘွားများနှင့် ဖခင်ကြီး ဦးရုပ်ရန်းအားရည်စူး၍ မိခင် ဒေါ်ပုအားအမှူးထားကာ ဦးရဲအောင်-ဒေါ်စိုးစိုးရီ၊ သမီး-ချောတဥ္စာအောင်၊ ပိုးအိန္ဒြာအောင်၊ မြအင်ကြင်းအောင်၊ လှအင်ကြင်းအောင် Beyond Group မိသားစု

၆။ ဖခင် ဦးအေးမောင်၊ မိခင်(ဒေါ်အေးသန်း)၊ (ဦးမင်းမင်းထွန်း)၊ သမီး-ဒေါ်တင်တင်ဦး၊ မြေး-မခိုင်ဇာသွယ်(Grace's Priemiunm Fruits) မိသားစုနှင့် ဦးလှကြိုင်-ဒေါ်နီနီအောင် သားသမီးမြေး မိသားစု

၇။ ဗိုလ်ချုပ် ကက်စိန်(ငြိမ်း)အား ရည်စူး၍ ဇနီး ဒေါ်ယဉ်ယဉ်မြင့်နှင့် သားသမီး မြေး မိသားစု

၈။ မစုစံမျိုးသိန်းအားရည်စူး၍ ဦးမျိုးသိန်း ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်စိုးရီ(Lion Myanmar Co.,Ltd)မိသားစု

၉။ ကျေးဇူးရှင်မိဘများနှင့် ခင်ပွန်းဖြစ်သူ ဦးသောင်းညွှန့်တို့အားရည်စူးပြီး ပါမောက္ခ ဒေါက်တာ ဒေါ်ခိုင်စမ်းရင်နှင့် သမီး-ဒေါက်တာ နီတာခိုင် မိသားစု နှင့် ကိုဝင်းထွန်း-မဖြိုးသွယ်သွယ်၊ သမီး-မသွန်းစန္ဒီထွန်း၊ မသွယ်ရတီထွန်း မိသားစု

၁၀။ ဒေါ်သိင်္ဂီခင်၊ သမီး-ဗိုလ်ကြီး ဒေါက်တာ ကျော်ကျော်မိုး-မဖုန်းခင်သစ် မိသားစု၊

**Diesel လျှပ်စစ်မီးစက်သုံးဆီ အလှူရှင်များ**

၁။ ဗိုလ်ချုပ် အောင်ကျော်ကျော် ဇနီး ဒေါ်ယမင်းထွန်း၊ သမီး-မသွန်းအိမ်စည် မိသားစု၊ ဦးစစ်မြိုင်-ဒေါ်ဝင်းဝင်းရီ၊ ဦးသိန်းကျော်-ဒေါ်အေးအေးခိုင်၊ သီဟ သုဓမ္မဇာဗိဇောတဓရ ဒေါက်တာ ရဲလင်းနိုင်-သုဓမ္မသိင်္ဂီ ဒေါက်တာ မျိုးမြတ်သူ၊ သား- မောင်သူရထက် Empress Star Gems & Jewellery မိသားစုနှင့် ဦးသော်တာစုမောင်-ဒေါ်ယဉ်မျိုးမျိုးအောင်(ရန်ကုန်) မိသားစု

**သောက်ရေသန့်အလှူ**

၁။ ဦးကျော်လှိုင်-ဒေါ်ခင်မြိုင်တို့အားရည်စူးကာ Myanmar United Asia Co.,Ltd မိသားစု၊ အလှူရှင်များအားလုံးနှင့် ဝေယျာဝစ္စကုသိုလ်ရှင်အားလုံးတို့အား အထူးဝမ်းမြောက်ဂုဏ်ယူကျေးဇူးတင်ရှိပါကြောင်း။

**အောင်ဆန်း ဆရာတော်နှင့် အကျိုးတော်ဆောင်အဖွဲ့**
**သတ္တဝါခပ်သိမ်း၊ တရားကိန်း၊ အေးငြိမ်းချမ်းသာရှိပါစေ**
**ခပ်သိမ်းများ သတ္တဝါ မြန်စွာ ဒုက္ခဆုံးပါစေ**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ရွှေဖီခိုင်ညွှာလမ်းတည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ လူနေရပ်ကွက်အမှတ်(၁၅)၊ မြေကွက်အမှတ်(၂၇၀/က)၊ အကျယ်အဝန်း(၁၁၄၀)စတုရန်းပေရှိ ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်များအားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးရဲမြတ်ထူး [၁၂/ကမရ(နိုင်)၀၀၀၄၉၃]မှ အမည်ပေါက် လက်ဝယ်ပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်းဝန်ခံ၍ ၎င်းကိုယ်တိုင် ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းရာ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ဝါဝါနွယ်(LL.B., D.B.L)** | **ဒေါ်မို့မို့နှင်း(LL.B., D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၆၈၁)** | **အထက်တန်းရှေ့နေ(စဉ်-၄၇၅၅၀)** |

**အမှတ်(၁၃၈)၊ အခန်း(၃-ဘီ)၊ သုမင်္ဂလာလမ်း၊ (၁၂)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၇၄၂၈၅၈၊ ၀၉-၇၉၂၆၀၀၀၀၅၊ ၀၉-၄၀၀၄၀၆၈၈၆**

## ဒေါ်ဝင်းနီခင်မောင်နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ မြေနုလမ်း၊ အမှတ်(၃၁)၊ တတိယထပ်၊ ၄-လွှာ ( ဝဲဘက်ခြမ်း )၊ အကျယ်အဝန်း (၁၈'x၅၅')ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ကျွန်ုပ်မိတ်ဆွေ ဦးချာလီခင်မောင်က လက်ရှိထား တရားဝင် ပိုင်ဆိုင်ကြောင်း ဒေါ်ဝင်းနီခင်မောင် အသိပင်ဖြစ်ပါသည်။ ထိုသို့ သိရှိပါလျက် ဦးချာလီခင်မောင်ကတိုက်ခန်း ရောင်းချမည့်ကိစ္စကို ဒေါ်ဝင်းနီခင်မောင်မှ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့် ဝယ်ယူသူထံသို့လည်းကောင်း၊ ဦးချာလီခင်မောင်ထံသို့လည်းကောင်း၊ လာရောက်ကန့်ကွက်ခြင်းမရှိဘဲ (၂၀-၁-၂၀၂၅)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၆)တွင် ကန့်ကွက်ခြင်းကြော်ငြာစာ ထည့်သွင်းခြင်းသည် ဦးချာလီခင်မောင်၏ အကျိုးကို ထိခိုက်သဖြင့် အဆိုပါ ကန့်ကွက်ခြင်းကြော်ငြာအား ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် ဒေါ်ဝင်းနီခင်မောင်မှ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဦးချာလီခင်မောင်ထံသို့လည်းကောင်း၊ ကျွန်ုပ်ထံသို့လည်းကောင်း ဤကြော်ငြာစာပါရှိသည့် နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန် တောင်းဆိုလိုက်ပါသည်။ ထိုသို့ စာချုပ်စာတမ်းမူရင်းများနှင့် လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်ဝင်းနီခင်မောင်နှင့် အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးချာလီခင်မောင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဝင်းဇော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၆၄၉)**
**အမှတ်(၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၅၆၉၄၄**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀ )
## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၄

| | | |
|---|---|---|
| ဦးအောင်ဇေလင်း | နှင့် | ဒေါ်မြတ်သန္တာ |
| ( တရားလို ) | | ( တရားပြိုင် ) |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်အိမ်ရာ၊ သဇင်လမ်း၊ တိုက်အမှတ်(၇)နေ တရားပြိုင် ဒေါ်မြတ်သန္တာ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃)ရက်၊ (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၁ ရက်)နေ့ မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၂၇)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(နေဉင်ငြိမ်းချမ်း)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ ဘုမ္မာ(၁၂)လမ်း၊ မြေကွက်အမှတ်(၄၆၁)ဟုခေါ်တွင်သော မြေအမျိုးအစား-နှစ်(၆၀)ဂရန်၊ မြေအကျယ်အဝန်း-အလျား(၁၀)ပေxအနံ(၆၀)ပေ၊ ဂရန်မူရင်းခြမ်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်၊ ရေ/မီး အစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ယခု အပိုင်ရောင်းချသူ ဒေါ်နန်းလှမျိုးနွယ် [၁၃/ပလန(နိုင်)၀၃၇၈၈၇]မှ အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် မိမိသာလျှင် ပိုင်ဆိုင်ကြောင်း၊ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ယင်းမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အဆိုပါမြေကွက်နှင့်ပတ်သက်သော အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်မြမြထွေး[၁၂/အစန(နိုင်)၁၇၄၈၁၄] ၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပြည့်ပြည့်လှိုင်ထွန်း**
**LL.B, D.B.L, D.IP.L, D.M.L, D.C.W.E, DL-101 (WIPO Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၃၈)**
**တိုက်အမှတ်(၁၁၅)၊ အခန်းအမှတ်(၂၀၂)၊ ဒုတိယထပ်၊**
**အဓိပတိအင်အားမီနီကွန်ဒို၊ သုမ္မောလမ်းမကြီး၊ (စ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ရုံးဖုန်း-09-260087755, 09-421123477**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၇)အရှေ့ရပ်ကွက်၊ အောင်သပြေ(၃)လမ်းအရှေ့၊ အမှတ်(၃၃၃)၊ (၅)လွှာ/ညာဘက်ခြမ်းတွင် နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်မင်းလွင် [၁၂/သကတ(နိုင်) ၀၄၁၃၄၇] နှင့် ဒေါ်ခင်ခင်စန်း [၁၂/သကတ(နိုင်)၁၀၈၁၆၃]၏ သားဖြစ်သူ မောင်ဇွဲသူရ [၁၂/သကတ(နိုင်)၂၃၆၅၉၅]သည် မိဘ၏ဆိုဆုံးမမှုစကားများကို နားထောင်ခြင်းမရှိသည့်အပြင် မိဘအပေါ် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် နည်းမျိုးစုံဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့ပြီး မိဘနှစ်ပါးအပေါ် ယနေ့အချိန်ထိ အဆက်အသွယ်ပြုလုပ်ခြင်းမရှိတော့ပါသဖြင့် ယနေ့မှစ၍ ဦးကျော်မင်းလွင်နှင့် ဒေါ်ခင်ခင်စန်းတို့မှ သားဖြစ်သူ မောင်ဇွဲသူရအား အမွေစားအမွေခံ သားအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ လိုက်လံတာဝန်ယူ ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဇင်မာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၅၄၈)**
**အမှတ်–၁၄၅၊ (ပ–ထပ်)၊ (၃၇)လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph: 09–421159107**

## ပြင်ဆင်ဖတ်ရှုပါရန်

(၂၈–၁–၂၀၂၅)ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၂)မှ တရားလွှတ်တော်ရှေ့နေ ဒေါ်ပြည့်ပြည့်လှိုင်ထွန်း၏ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်းမှ ဝယ်ယူသူ ဦးနေလင်းအောင်[၅/ခဥန(နိုင်)၀၄၈၆၆၁]အစား [၅/ခဥတ(နိုင်)၀၄၈၆၆၁] ဟုလည်းကောင်း၊ ကွင်းအမှတ်–၅၇၂၁ အစား ကွင်းအမှတ်–၅၇၂(ခ) ဟုလည်းကောင်း၊ ဦးပိုင်အမှတ်–၇၆/B အစား ဦးပိုင်အမှတ်–၇၆/၉ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးလှကြည်[၁၁/တကန(နိုင်)၀၀၂၆၄၂] ကိုင်ဆောင်သူ၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်–

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–(၆)၊ ၆/အရှေ့ရပ်ကွက်၊ ဝေဇယန္တာ(၁၃)လမ်းအရှေ့၊ မြေကွက်အမှတ်(၉၇၄)ဟုခေါ်တွင်သော မြေဧရိယာ(အလျားပေ၄၀Xအနံပေ၆၀)ရှိ မြေပိုင်ရှင် ဒေါ်အေးစန္ဒာမြင့် [၁၂/ဒပန(နိုင်)၀၀၇၈၄၆]ကိုင်ဆောင်သူပိုင် မြေကွက်ပေါ်တွင် ဒေါ်အေးစန္ဒာမြင့် ကိုယ်တိုင် (RC)(၂)ခန်းတွဲ (၆)ထပ်တိုက်ဆောက်လုပ်၍ ပေါ်ထွက်လာသည့် တိုက်ခန်းများအနက်မှ ရေမီးအပြည့်အစုံ (ခေါင်းရင်းဘက်ခြမ်း) မြေညီထပ် (ထပ်ခိုး) တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အပေါင်အနှံ၊ အရှုပ်အရှင်း လုံးဝကင်းရှင်းကြောင်း ဝန်ခံကတိပြုပြောဆို၍ စကားကမ်းလှမ်းချက်အရ အဆိုပါတိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက ဒေါ်အေးစန္ဒာမြင့်ထံသို့ စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါရှိသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိခဲ့ပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးလှကြည်**
**[၁၁/တကန(နိုင်)၀၀၂၆၄၂]**

**လွှဲအပ်ညွှန်ကြားချက်များအရ–**
**ဦးအောင်နိုင်စိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်–၉၈၈၂)၊ (၂၉–၄–၂၀၁၄)**
**အမှတ်(၁၄၇၀/က)၊ထူပါရုံ(၁၃)လမ်း**
**အရှေ့၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတ**
**မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**PH:၀၉–၄၅၇၂၉၃၃၄၄၊ ၀၉–၇၉၈၁၉၃၂၉၉၊**
**၀၉–၄၄၃၁၉၃၃၄၄**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာနကြီးကြပ်ရေးအဖွဲ့(ရှမ်းပြည်နယ်)
## ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး
## (လုပ်ငန်းသုံးပစ္စည်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့(ရှမ်းပြည်နယ်)၏ ၂၀၂၄–၂၀၂၅ ခု ဘဏ္ဍာရေးနှစ် ပြည်နယ်အထွေထွေပိုလျှံ(GRF) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော ကတ္တရာ၊ ဒီဇယ်ဆီ၊ ကျောက်ရှယ်စုံ၊ ကျောက်ရောမြေ၊ သဲကြမ်းနှင့် အခြား လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်–

| | | |
|---|---|---|
| (က) | တင်ဒါပုံစံရောင်းချမည့်ရက် | – (၃၀–၁–၂၀၂၅)ရက်၊(ကြာသပတေးနေ့) |
| (ခ) | တင်ဒါပုံစံရောင်းချမှု ပိတ်သိမ်းရက် | – (၁၂–၂–၂၀၂၅)ရက် (ဗုဒ္ဓဟူးနေ့) (၁၆:၃၀)နာရီ |
| (ဂ) | တင်ဒါပုံစံနောက်ဆုံး တင်သွင်းရမည့်ရက် | – (၁၃–၂–၂၀၂၅)ရက် (ကြာသပတေးနေ့) (၁၆:၃၀)နာရီ |
| (ဃ) | တင်ဒါဖွင့်လှစ်မည့်ရက် | – (၁၄–၂–၂၀၂၅)ရက် (သောကြာနေ့) (၉:၃၀)နာရီ |
| (င) | တင်ဒါဖွင့်လှစ်မည့်နေရာ | – ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့။ |
| ၂။ | တင်ဒါလျှောက်လွှာဝယ်ယူရန်နှင့် တင်သွင်းရန်နေရာ | – ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့။ |

၃။ အသေးစိတ်အချက်အလက်များကို လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့၊ ရှမ်းပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တောင်ကြီးမြို့ (ဖုန်း–၀၉–၄၂၈၃၄၃၂၇၇) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၀)၊ လူနေရပ်ကွက်အမှတ် (၈၀)၊ ငုဝါလမ်း၊ မြေကွက်အမှတ် (၁၂၇၆)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ဦးစောရိုဘင်အမည်ပေါက် မြေချပါမစ်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ (မြေကွက်အမှတ်–၁၂၇၇ နှင့် ကပ်လျက်ဘက်အခြမ်း) မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်သူ ဦးဇော်ထူးအောင် [၁၂/ဒဂဆ(နိုင်)၁၉၉၈၁၉]မှ မိမိသာလျှင် အပြီးအပိုင်လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း ဝန်ခံလျက် ကျွန်ုပ်မိတ်ဆွေထံ စကားကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်သူ**
**ဦးအောင်ကိုကို**
**[၉/တသန(နိုင်)၁၆၁၈၁၅]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖွန်မေဒေး LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၆၁၀)**
**အမှတ်–၅၀၊ ပထမထပ်၊ အခန်း(စီ–၆)၊**
**ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၂၀၂၄၄၃၁၆**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ထားဝယ်မြို့၊ အိုးလုပ်အရှေ့ရပ်ကွက်၊ မင်းလမ်း၊ အိမ်အမှတ်(၉၅) နေ ဒေါ်စန္ဒာဆင့် [၆/ထဝန(နိုင်)၀၀၀၄၁၃]၏သား မောင်ညီခန့်နိုင် [၆/ထဝန(နိုင်)၁၂၄၀၄၉]သည် မိခင်၏ပြောဆိုဆုံးမမှုကို နာမခံဘဲ ခွင့်မလွှတ်နိုင်သောအပြုအမူများကြောင့် ၁၅–၄–၂၀၂၄ ရက်နေ့မှစ၍ ရာသက်ပန်သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင်တွင် မောင်ညီခန့်နိုင်နှင့် ပတ်သက်ဆက်နွယ်သော ငွေရေးကြေးရေး အရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့်ကိစ္စများကိုမှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း မောင်ညီခန့်နိုင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန္ဒာဆင့် [၆/ထဝန(နိုင်)၀၀၀၄၁၃]**
**ထားဝယ်မြို့**

## မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေးရှိ အောက်ပါဆိုင်ခန်းများမှ အမည်ပြောင်းလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်–

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေး၊ အမည်ပြောင်းလျှောက်ထားသူများစာရင်း

| စဉ် | အထပ် | ဆိုင်အမှတ် | အမည်ပြောင်းလျှောက်ထားမှု | | | |
|---|---|---|---|---|---|---|
| | | | မှ | မှတ်ပုံတင်အမှတ် | သို့ | မှတ်ပုံတင်အမှတ် |
| ၁ | မြေညီ | ၈၁ | ဦးထွန်းထွန်းနိုင် | ၁၂/ပဘတ(နိုင်)၀၁၇၈၈၀ | ဦးဇော်ထက် | ၁၂/ကခက(နိုင်)၀၅၇၃၇၄ |
| ၂ | ။ | ၁၁၈ | ဒေါ်ကျင်ကြည် | ၁၂/လသန(နိုင်)၀၁၃၀၉၈ | ဒေါ်ခင်ထွေးမော် | ၁၂/လသန(နိုင်)၀၂၃၃၆၇ |
| ၃ | ။ | ၁၄၉ | ဒေါ်ရီရီ | ၁၂/ပဇတ(နိုင်)၀၁၀၂၀၄ | ဦးစိုးရီ | ၁၂/မဂတ(နိုင်)၀၇၄၅၄၁ |
| ၄ | ။ | ၂၇၅ | ဒေါ်စန်းမြင့် | ၁၂/ဗဟန(နိုင်)၀၂၈၈၅၆ | ဒေါ်ဥမ္မာ | ၁၂/တမန(နိုင်)၀၂၂၅၆၀ |
| ၅ | ။ | ၆၇၇ | ဒေါ်ခင်မြတ်မွန် | ၁၂/လမတ(နိုင်)၀၂၉၂၀၀ | ဦးမောင်မောင်ဦး | ၁၂/လမတ(နိုင်)၀၁၇၃၀၈ |
| ၆ | ပထမ | ၇၉ | ဦးဇော်ထက် | ၁၂/ကခက(နိုင်)၀၅၇၃၇၄ | ဒေါ်အေးအေးနွယ် | ၁၁/စတန(နိုင်)၀၆၄၃၉၈ |
| ၇ | ။ | ၁၀၅ | ဦးကာလီဒါစ | ၁၂/မဂတ(နိုင်)၀၇၅၈၃၄ | ဒေါ်ညိုညိုနှောင်း | ၁၂/သကတ(နိုင်)၀၃၈၉၄၇ |
| ၈ | ။ | ၃၅၄ | ဒေါ်နန်းဥမ္မာဆွေ | ၁၃/မဆတ(နိုင်)၀၀၁၄၉၇ | ဒေါ်ညိုညိုဦး | ၁၂/ကတတ(နိုင်)၀၀၇၁၀၇ |
| ၉ | ဒုတိယ | ၁၉၉ | ဒေါ်စန်းမြင့် | ၁၂/ဗဟန(နိုင်)၀၂၈၈၅၆ | ဒေါ်ဥမ္မာ | ၁၂/တမန(နိုင်)၀၂၂၅၆၀ |
| ၁၀ | တတိယ | ၃၀၈ | ဦးအောင်သိန်း | ၁၂/လသန(နိုင်)၀၁၄၁၅၀ | ဒေါ်ဇင်မွန် | ၁၀/မလမ(နိုင်)၁၈၁၃၀၂ |
| ၁၁ | ။ | ၆၂၈ | ဒေါ်ခင်မြတ်မွန် | ၁၂/လမတ(နိုင်)၀၂၉၂၀၀ | ဦးမောင်မောင်ဦး | ၁၂/လမတ(နိုင်)၀၁၇၃၀၈ |
| ၁၂ | စတုတ္ထ | ၁၉၉ | ဒေါ်ရီရီ | ၁၂/ပဇတ(နိုင်)၀၁၀၂၀၄ | ဦးစိုးရီ | ၁၂/မဂတ(နိုင်)၀၇၄၅၄၁ |
| ၁၃ | ။ | ၄၁၆ | ဦးအိုဝင်း | ၁၄/ပသန(နိုင်)၀၄၃၄၂၆ | ဒေါ်သီတာထွန်း(ခ) ဒုရဂါဒါတ်စ် | ၁၂/သဃက(နိုင်)၁၅၀၈၅၉ |
| ၁၄ | ။ | ၅၇၇ | ဦးဖြူသိန်း | ၅/ရဥန(နိုင်)၀၀၁၄၇၄ | ဒေါ်ခင်ခင်ဝင်း | ၅/ရဥန(နိုင်)၀၀၁၄၇၅ |
| ၁၅ | ။ | ၇၇၉ | ဦးဖြူသိန်း | ၅/ရဥန(နိုင်)၀၀၁၄၇၄ | ဒေါ်ခင်ခင်ဝင်း | ၅/ရဥန(နိုင်)၀၀၁၄၇၅ |

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**ဈေးများနှင့်ကုန်စည်ပွဲရုံများဌာနဈေးတာဝန်ခံ**
**ဖုန်း–၀၉–၅၄၁၄၉၇၂**

## မင်းကွန်းတိပိဋက–နိကာယသာသနာပြုဥပဋ္ဌာကအဖွဲ့ လှူဒါန်းနိုင်ပါသည်

မြန်မာနိုင်ငံတော်တွင် အဆင့်မြင့်တိပိဋကရေ ပရိယတ္တိစာပေများကို သင်ကြားပို့ချနေသည့် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကရေဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋက–နိကာယကျောင်းတိုက်ကြီးများတွင် ဓမ္မာစရိယအောင်မြင်ပြီး တိပိဋက(၁)ပုံအောင်၊ (၂)ပုံအောင်၊ (၃)ပုံဆောင်၊ (၃)ပုံအောင် ဆရာတော်၊ သံဃာတော်များ ပိဋကတ်စာပေများကို ကျက်၊ အံ၊ ကြုံ၊ ကြည့်၍ ဓမ္မက္ခန္ဓာပေါင်း(၈၄၀၀၀)တို့ကို နှလုံးအိမ်၌ ကိန်းအောင်းစေလျက် သီတင်းသုံး နေထိုင်တော်မူကြသော သာသနာ့အာဇာနည်အရှင်သူမြတ်အပါး(၁၅၀)တို့အား ဆွမ်း၊ ပစ္စည်းလေးပါး၊ မပူမပင် မကြောင့်မကြရလေအောင် တိ–နိအဖွဲ့များမှ ကြိုးပမ်းဆောင်ရွက်တော်မူ၍ ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ နေ့–ည စတုမဓု အချိုရည်များ ဆက်ကပ်လှူဒါန်းလျက်ရှိပါသည်။

| | | | |
|---|---|---|---|
| ၁။ | ဆွမ်းပဒေသာပင်တစ်ပင်လျှင် | ကျပ်–၁၀၀၀၀ိ/– | ပိတ်ရက်မရှိ လှူဒါန်းနိုင်ပါသည် |
| ၂။ | ပစ္စည်းလေးပါးပဒေသာပင်တစ်ပင်လျှင် | ကျပ်–၂၀၀၀ိ/– | |
| ၃။ | ရေ၊ မီး၊ ဆေးပဒေသာပင်တစ်ပင်လျှင် | ကျပ်–၅၀၀၀ိ/– | |
| ၄။ | စာအောင်ဆုနှင်းပဒေသာပင်တစ်ပင်လျှင် | ကျပ်–၅၀၀၀ိ/– | |
| ၅။ | ကျောင်းရှိသံဃာအကုန် အရုဏ်ဆွမ်း | ကျပ်–၇၅၀၀၀ိ/– | |
| ၆။ | ကျောင်းရှိသံဃာအကုန် နေ့ဆွမ်း | ကျပ်–၁၅၀၀၀၀ိ/– | |

လှူဒါန်းပြီး အနုဂါမိကရွှေအိုးကြီးမြှုပ်နှံ၍ ပရိယတ္တိသာသနာတော်ကြီးအား ချီးမြှောက်တော်မူကြရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။ ဆွမ်းပဒေသာပင်များ (၁၀၀၀)စီပြည့်တိုင်း မှတ်တမ်းတင်စာအုပ်ထုတ်၍ ရေစက်ချပွဲ အခမ်းအနားကို ရန်ကုန်မြို့၊ တိပိဋကကျောင်းတော်၌ ကျင်းပပြုလုပ်ပါသည်။

**ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ**

၁။ တိ–နိ ရန်ကုန်၊ တိပိဋကကျောင်းတော်၊ အမှတ်(၁၂)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊
- မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်(၂)၊ ရန်ကုန် A/C No.SS.177064
- KBZ BAHOSI BR Yangon. A/C No.061–301–06100094501 –ဦးသိန်းလှိုင်
- AGD Bank(MGTN), A/C 3240301000254013
- CB Bank A/C 0002600 1000 28851
  AYA Bank A/C 40020682989
  A Bank A/C–0014010200009553

ရန်ကုန်မြို့၊ ဖုန်း–၀၉–၄၂၀၀၄၀၄၉၂၊ ၂၂၂၂၇၇၊ ၂၂၂၂၇၈၊ ၂၂၂၂၇၉၊ ၀၉–၄၄၃၁၉၇၉၉၅

၂။ တိ–နိ မန္တလေး၊ အမှတ်(၁၉)၊ ၂၆(ဘီ)လမ်း၊ ပိုက်ကျုံးရပ်၊ မန္တလေးမြို့၊ ဖုန်း–၀၉–၂၁၃၁၀၂၃–ဦးဝင်းဆွေ

၃။ တိပိဋက–နိကာယ မော်လမြိုင်ကျောင်းတိုက်၊ ၃၇ လမ်းနှင့် ၃၈ လမ်းကြား၊ ဗိုလ်ချုပ်လမ်းမ၊ ရန်ကုန်။ ဖုန်း–၀၉–၄၄၃၁၉၇၉၉၅၊ ၀၉–၇၉၅၇၉၅၇၉၀

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ ဒါနလမ်း၊ အမှတ်(၁၃) ဟုခေါ်တွင်သော (၂)ခန်းတွဲ၊ (၆)ထပ်တိုက်အနက်မှ(စတုတ္ထထပ်)၊ (၅–လွှာ)၊ တိုက်ကိုမျက်နှာမူလျှင်–(ဘယ်)ဘက်အခြမ်း၊ အကျယ်အဝန်း (၁၂ပေခွဲ x ၆၀ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ရေမီးအစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို "(၂)ခန်းတွဲ **RC Hall** (၆)ထပ်တိုက် အခန်းပေးအခန်းယူ မြေရှင်နှင့်ကန်ထရိုက်တာတို့၏ သဘောတူကတိစာချုပ်"အရ ကန်ထရိုက်တာ ဦးအောင်မြတ်သက် **(K–Construction Group)** [၁၂/စခန(နိုင်)၀၁၅၂၇၂]ကိုင်ဆောင်သူမှ တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ၁။ ဒေါ်မေရီစလီနာ [၁၂/ဗတထ(နိုင်)၀၂၃၆၈၇]၊ ၂။ မောင်ကျော်ရဲဝင်း [၁၂/မဂတ(နိုင်)၀၉၈၁၈၁]၊ ၃။ မမေသီရိအောင် [၁၂/မဂတ(နိုင်)၁၁၉၉၈၅]တို့က ကြိုပွဲငွေစနစ်ဖြင့်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ ကြိုပွဲငွေတိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်မာမာသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၇၉၂)**

**ဒေါ်နီနီဝင်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၁၇၁၈)**

**အမှတ်– ၂၇၅၊ ပထမထပ်၊ ဗညားဒလလမ်းမ၊ အရိုးကုန်းရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉– ၅၀၆၄၉၅၉**

## ပတ်စ်ပို့ ပျောက်ဆုံးခြင်း

ကျွန်မ ဒေါ်ဆောင်းဝတ်မှုံဖူး နိုင်ငံသားစိစစ်ရေးအမှတ် [၁၂/သလန(နိုင်)၁၉၄၄၇၁]၏ ပတ်စ်ပို့ အမှတ်(M–1805051) ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပေးပို့ပါရန်။

**Ph:09–253940797**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မေတ္တာညွန့်ရပ်ကွက်၊ အမှတ်–၁၂၅၄/၅၆(၃၀၆)၊ သီရိလမ်း နေ (ဘ) ဦးဝင်းနိုင်–(မိ) ဒေါ်ဖြူဖြူသန်းတို့၏သား မောင်ကောင်းမြတ်ကျော် [၁၂/တမန(နိုင်)၁၃၅၀၀၂] သည် မိဘများနှင့် ညီအစ်ကိုမောင်နှမများအပေါ် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စများအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**မိခင်–ဒေါ်ဖြူဖြူသန်း [၁၂/တမန(နိုင်)၀၂၄၅၃၄]**

ပူနွေး
ကမ္ဘာ
တားဆီးရာ
ဖြေရှာ
တစ်ခု
တောပြုစု

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အိမ်အမှတ်(၃၃၄)နေ ဦးတင်ကိုနိုင်–ဒေါ်သီတာသောင်းတို့၏ သားဖြစ်သူ မောင်လင်းခန့် [၁၂/မရက(နိုင်)၁၇၁၇၉၃]သည် မိဘ၏ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သောအပြုအမူများကြောင့် (၁၀–၁–၂၀၂၄)နေ့မှစ၍ ရာသက်ပန်သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင်တွင် မောင်လင်းခန့်နှင့်ပတ်သက်ဆက်နွယ်သော ငွေရေးကြေးရေးအရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့်ကိစ္စများကိုမှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း မောင်လင်းခန့်နှင့် အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်သီတာသောင်း**
**[၆/ထဝန(နိုင်)၀၀၃၅၅၃]**
**မရမ်းကုန်းမြို့နယ်။**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပလရ ရပ်ကွက်၊ အိမ်ခြေ(၅၀)၊ (၂)လမ်း၊ အမှတ်–၃၁ နေ ဦးခင်မောင်စိုး [၆/ထဝန(နိုင်)၀၀၃၅၅၄]–ဒေါ်လှလှမြင့်[၁၂/မဂဒ(နိုင်)၀၄၃၉၅၇]တို့၏သမီး မကျော့ရှင်းသန့်(ခ) ကြယ်စင် [၁၂/မဂဒ(နိုင်)၁၈၁၈၄၅]သည် (၇–၈–၂၀၂၄)နေ့မှစ၍ မိဘ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သောအပြုအမူများကြောင့် နေအိမ်မှ ဆင်းသွားပါသဖြင့် နောက်နောင်တွင် မကျော့ရှင်းသန့်နှင့် ပတ်သက်ဆက်နွယ်သော ငွေရေးကြေးရေးအရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်း ပြဿနာများနှင့် အခြားမည်သည့်ကိစ္စများကိုမှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်တော့ပါကြောင်း မကျော့ရှင်းသန့်နှင့် အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးခင်မောင်စိုး[၆/ထဝန(နိုင်)၀၀၃၅၅၄]**
**ဒေါ်လှလှမြင့်[၁၂/မဂဒ(နိုင်)၀၄၃၉၅၇]**
**မင်္ဂလာဒုံမြို့နယ်။**

## လျှောက်လွှာခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(တိုင်းဒေသကြီး/ပြည်နယ်) များတွင်ခန့်ထားရန် အောက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားနိုင်ပါသည်–

| စဉ် | ရာထူး/လစာနှုန်း(ကျပ်) | ရာထူး | ပညာအရည်အချင်း |
|---|---|---|---|
| (က) | ဒု–လက်ထောက်ဦးစီးမှူး(မြို့ပြ) (ဆည်မြောင်း) (၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀၀) | ၁၂ | BE (Civil)/B.Tech (Civil)/ AGTI/EGTI(Civil)/THS(Civil) |
| (ခ) | ပုံဆွဲ (၄) (ဆည်မြောင်း) (၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀၀) | ၁၄ | BE(Civil)/B.Arch/B.Tech(Civil)/ EGTC(Civil)/THS(Civil) |
| (ဂ) | စာရင်းကိုင် (၄) (ရေအရင်းအမြစ်) (၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀၀) | ၅ | B.Com/CPA/DA/B.BSc/ Grade III/LCCI III |
| (ဃ) | စက်မှုကျွမ်းကျင်(၄)(စက်မှု/စက်ပြင်) (ရေအရင်းအမြစ်) (၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀) | ၁၃ | BE/B.Tech(Mech/EP/EC/ Mechatronic)/EGTC(MP/MT/ EP/EC/Mechatronic)/ THS44(မော်တော်ယာဉ်/ဖစ်တာ/ လျှပ်စစ်ဆက်သွယ်ရေး/လျှပ်စစ်အားပေးရေး) |

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည်–
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) လျှောက်လွှာပိတ်ရက်တွင် အသက် (၃၀) နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
(ဂ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၅) နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(င) အနည်းဆုံးလုပ်သက်တစ်ဆက်တည်း (၃) နှစ်တာဝန်ထမ်းဆောင်ရမည်။ (ပျက်ကွက်ပါကဌာနမှ သတ်မှတ်ထားသော လျော်ကြေးငွေကျပ် (၁၀) သိန်း ပေးလျော်ရမည်ဖြစ်ပါသည်။)
(စ) ဒု–လက်ထောက်ဦးစီးမှူး(မြို့ပြ) နှင့် ပုံဆွဲ(၄) ရာထူးအတွက်ကွန်ပျူတာအခြေခံ တတ်ကျွမ်းရမည်။
(ဆ) လျှောက်လွှာကို ကိုယ်တိုင်ရေးလျှောက်လွှာဖြင့် လျှောက်ထားနိုင်သည်။(ကွန်ပျူတာရိုက်၍)

၃။ လျှောက်လွှာနှင့်အတူ အောက်ပါ စာရွက်စာတမ်းများ ပူးတွဲပါရှိရမည်–
(က) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ (သို့မဟုတ်) ကျောင်းထောက်ခံစာ (အသက် အထောက်အထားအတွက်)
(ခ) ဘွဲ့လက်မှတ်မိတ္တူ (သို့) အောင်မြင်ကြောင်း ထောက်ခံချက်မိတ္တူ
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း ထောက်ခံစာမူရင်း
(ဃ) လိုင်စင်ဓာတ်ပုံ (၂) ပုံ (၂ လအတွင်း ရိုက်ထားသော)
(င) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာမူရင်း
(စ) အလုပ်သမားမှတ်ပုံတင်မိတ္တူ
(ဆ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ
(ဇ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့် ဌာနဆိုင်ရာ ပြစ်မှု ကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း

၄။ လျှောက်ထားသူသည် ရေးဖြေစာမေးပွဲကို အောက်ဖော်ပြပါအတိုင်း နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့တို့တွင် ဖြေဆိုရမည်ဖြစ်ပါသည်–

| | | | |
|---|---|---|---|
| မြန်မာစာ | (၂) နာရီမေးခွန်း | ၇–၃–၂၀၂၅ ရက် | (၉:၃၀)နာရီ |
| အင်္ဂလိပ်စာ | (၂) နာရီမေးခွန်း | ၇–၃–၂၀၂၅ ရက် | (၁၃:၃၀)နာရီ |
| အထွေထွေဗဟုသုတ | (၂) နာရီမေးခွန်း | ၈–၃–၂၀၂၅ ရက် | (၉:၃၀)နာရီ |

